
http://www.dhammadownload.com

# တ – စ
# ပါရာဇိကဏ်
## စာစဉ်

## အရှင်ပညာသီဟာဘိဝံသ

(သ.စ.သ.အ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)



၁၃၅၄ ခုနှစ်တွင် ပုံနှိပ်သည်။

http://www.dhammadownload.com

# ဤစာအုပ်တွင်

တ-စ ပါရာဇိကဏ်လာ ကောင်းနိုးရာရာ ဝါကျများကို ငွေကာ၊ ဂဏ္ဍိ သက်ဆိုင်ရာ နိဿယများနှင့် ယောဇနာတို့၏ ခိုင်လုံထင်ရှားသော အဖွင့်တို့ကို ရှု၍ စာချတန်း စည်းမျဉ်းနှင့်အညီ နံပါတ်စုံဝါကျ (၇၀)နီးပါးကို လွယ်လွယ်တကူလေ့လာနိုင်ရန် စီစဉ်ပေးထားသည်။

မှတ်စု ရှားပါးသော တ-စ ပါရာဇိကဏ်၏ အခက်အခဲကို လွယ်ကူရှင်းလင်းစွာ လေ့လာမှုဖြင့် ကျော်လွှားနိုင်မည်ကို ရဲဝံ့စွာ ဤစာအုပ်က တာဝန်ယူပါလိမ့်မည်။



http://www.dhammadownload.com

# တ-စ

# ပါရာဇိကကဏ်

## စာစဉ်

# [illegible]

(သံ. စ. သံ. အ. ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)

၁၃၅၄ ခုနှစ်တွင် ပို့ချသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# မိတ်ဆက်နိဒါန်း

* * * *

ဒု-ပါရာဇိကဏ်စာစဉ်ကို ပုံနှိပ်စက်တင်ရိုက်နှိပ်နေချိန် ယမန်နှစ်က ပို့ချခဲ့ပြီးသော တ/စ ပါရာဇိကဏ်မှတ်စုကိုလည်း ပုံနှိပ်ဖို့ရန် တိုက်တွန်းတောင်းဆိုလာကြပြန်၏။တ/စ ပါရာဇိကဏ်မှတ်စုဆိုသည်မှာ ပို့ချမှုနည်းပါးခြင်းကြောင့် စာသင်သားများအတွက် ရှားပါးပစ္စည်းသဖွယ် ဖြစ်နေပါသည်။ထို့ကြောင့်ပင် ယမန်နှစ် (၁၃၅၄-ခုနှစ်)စာလိုက်သံဃာတော်များက ၎င်း **တ/စ ပါရာဇိကဏ်ကို** ပို့ချပေးပါရန်လျှောက်ထား၍ အဋ္ဌကထာ/ဋီကာ/ဂဏ္ဌိ/ယောဇနာ/ဘာသာဋီကာ မအူနိသျမျးကို အမှီပြုပြီး ဆရာဘုန်းကြီး ဦးအဂ္ဂဉာဏာဘိဝံသ လိုက်ခဲ့သော ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဦးဥက္ကံသာဘိဝံသ၏ ပို့ချချက် ပါရာဇိကဏ်မှတ်စုကိုပါ အထောက်အကူများစွာယူလျက် စာချတန်းပုစ္ဆာစဉ်းမျဉ်း အလိုက် နံပါတ်ခွဲခြားကာ ဉာဏ်စွမ်းရှိသလောက် ကြိုးစားပို့ချပေးခဲ့ပါသည်။

ရှေးဆရာတော်ဘုရားကြီးများ စာသင်သားခေတ်၌ သက်ဆိုင်ရာဋီကာ/ယောဇနာ/ဂဏ္ဌိ/နိသျများကို ကြည့်ရှုလေ့လာ၍ အချိုးကျစွာပြုပြင် မွမ်းမံလျက် "စာချတန်းစာမေးပွဲခွင်ကျ ဝါကျတစ်ခုဖြစ်အောင်" ဖန်တီးနိုင်ကြ၏။ဖန်တီးနိုင်အောင်လည်း သဒ္ဒါအခြေခံအားများ အထူးကောင်းမွန်လှ၏။သို့ကြောင့်ပင် ထိုဆရာတော်ဘုရားများမှတ်စုတို့တွင် ကျမ်းတက်နှင့်အာဘော်များသာအတွေ့များ၏။

မိမိတို့ခေတ် မိမိတို့ထံစာလိုက်လျက်ရှိသော ယနေ့ခေတ်စာသင်သားများသည် ဋီကာ/ယောဇနာ/ဂဏ္ဌိတို့နှင့် ရင်းနှီးကျွမ်းဝင်မှု မရှိလှပေ၊ထိုကျမ်းတို့ကိုကြည့်ရှုလေ့လာနိုင်လောက်သော စွမ်းရည်နည်းပါးခြင်းကြောင့်ပင် စာမေးပွဲလမ်းကို ကိုယ့်နည်းကိုယ့်ဟန် ကျမ်းဂန်အကူဖြင့် ရဲရဲမလျှောက်ရဲကြတော့၊စာချတန်း၏ပင်မလိုအပ်ချက်ဖြစ်သော သဒ္ဒါအခြေခံအားသည်လည်း ယနေ့ခေတ်စာသင်သား အများစုမှာ အလွန်အမင်းအင်အားနည်းသည်ကို တွေ့ရ၏။ထိုကြောင့်ပင် "ယခုခေတ် စာသင်သုတ်စဉ်တောင်မရ" ဟု ပြက်ရယ်ပြုကြသည်လားမသိ။

ထိုကြောင့် ဝါကျပေါင်းစ်ခုစဉ်လျှင် ဘက်စုံထောင့်စုံမှ ရနိုင်သမျှ နံပါတ်အစုံအလင် ပါဝင်ရအောင် စီစဉ်ပို့ချပေးရခြင်းသည် ယနေ့ခေတ်စာသင်သားများ အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်၏။ဤအတွက် တန်းဖိုးကြီးမားလှသော ဆရာ့ ဆရာများ၏ မှတ်စုများကို အမှီရသော်ငြားသော်လည်း စာသင်သားများနှင့် အံဝင်ခွင်ကျ ရှိစေမည့် မှတ်စုများ ဖြစ်လာစေရေးအတွက် လက်လှမ်းမှီရာစာအုပ်များနှင့် မိမိ၌ ရှိသမျှသော ဉာဏ်အားကို အစွမ်းကုန်ထုတ်နှော်သုံးစွဲခဲ့ပါ၏။မိမိအချိန်များစွာ ပေး၍ စီစဉ်ပို့ချ

http://www.dhammadownload.com

ရသော ''ဝါကျမှတ်စု'' တစ်ခုသည် စာသင်သားများ လက်ထဲသို့စာဝါတစ်ချိန် အတွင်း အပြည့်အစုံအပ်နှံပေးလိုက်ရ၏။ဤအတွက် ၄င်းတို့မျက်နှာများတွင် ပေါ်လေ့ရှိသော ကျေနပ်နှစ်သက် ပီတိဌေသည် မိမိအတွက်ကြီးမားသော တန်ဖိုးပင်ဖြစ်ပါ၏။

ဉာဏ်အားအကူဖြင့် မိမိရင်မှထွက်ပေါ်လာသော စကားလုံးများသည် စာသင်သားလက်တွင်းသို့ အက္ခရာစာလုံးများအဖြစ် အသွင်ပြောင်းလွှဲသွားသော အခါ၌မူ စာဝါလိုက်စဉ်အသံမှ ကူးယူရခြင်း ထိုမှတဆင့် အဆင့်ဆင့် ကူးယူရခြင်း များကြောင့် သတ်ပုံမှအစ အထိအရအပွန်းအပဲ့ ချို့တဲ့မှုများလွှမ်းလှသော မှတ်စုများကို ထိတ်လန့်စွာတွေ့မြင်ရတော့သည်။ ထိုအခါ -

ဤပုံစံဖြင့် စာလိုက်ခွင့် မကြုံရသည့် အခြားသော စာသင်သားများစွာနှင့် မှတ်စုချင်း ကူလူးဆက်ဆံနေမှုများရှိနေသည် ကြားသိတွေ့မြင်ရသော အခါ၌မူပို၍ ပင်တုန်လှုပ်မိ၏။ဤမှတ်စုများအား စာအုပ်အဖြစ်ဆောင်ရွက်ရလျှင် ကောင်းလေစွ ဟူသော လိုအင်နှင့် ကြံစီစိတ်ကူမှုသည် ရင်တွင်းသို့နက်ရှိုင်းစွာ စူးဝင်လျက်ရှိလာ၏။ သို့သော် စိတ်ကူးသည် လက်တွေ့ဘဝသို့ ဥပပတ်အဖြစ် သန္ဓေကပ် မရောက်နိုင်သမို့ အတန်းကြာသန္ဓေတည် ကိန်းအောင်းနေရပါသေး၏။ထောက်ပံ့ ကူညီမည့် ဒကာ/ ဒကာမများနှင့် စည်းခြားပြီးအလှမ်းကွာလျက်ရှိသော စာချခန်းတွင်း စာချဘုန်းကြီး ဘဝသည် စာအုပ်အဖြစ်ဆောင်ရွက်ရန် မျှော်လင့်ချက် အနည်းငယ်ကိုသာ ဖြစ်စေပါ သည်။ထိုအနည်းငယ်သော မျှော်လင့်ချက်ကိုပင် အမိအရနိုဆွဲရင်း အားအင်များကို မွေးမြူမိ၏။ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်ဘုရားကြီးမိန့်ဖူးသည်များကို နားနှင့်ဆတ်ဆတ်ကြားနေရဆဲ ''ဆရာတော်၏ ပထမဆုံးကျမ်းစာ ရတနာ့ဂုဏ်ရည် ရိုက်စဉ်က နှစ်ထပ်သက်န်းနှင့် စာအုပ်ဘီဒိုကို နဝကမ္မအဖြစ်ဖလှဲရ၏'' ဟူ၏။

မိမိလည်းဤနည်းကိုမှီးရပါ၏၊စာအုပ်ဖြစ်ရေးသည် မိမိ၏ အဓိပတိဆန္ဒဖြစ် သည့်နည်းဖြင့် ကြိုးစား၏၊ပ-ကြိမ်ရိုက်စဉ်ကမိတ်ဆွေစာချဆရာတော်များဖြစ်သည့် အရှင်ဉာဏဝံသ၊အရှင်ကုဏ္ဍလ(ဆွမ်းစားကျောင်းဆိုင်ရာ)အရှင်ဝိလာသာလင်္ကာရ (ဝိနယရေ)တို့က မိမိဆန္ဒကို ကူညီပံ့ပိုးပေးကြ၏။ဒေါ်လှလှဝင်း(စမ်းချောင်း)နှင့် အရှင်ကုန္ဒဝံသ(အင်္ဂုတ္တရကျောင်း)၏ ဆောင်ရွက်ပေးမှုဖြင့် သဒ္ဒါပေါ်ပေါက်လာသော ၄င်း၏ ဆွမ်းခံအိမ်ဖြစ်သည့် ကုသိုလ်ရှင်ဒကာမကြီးဒေါ်ခင်မေသန်းမိသားစုတို့က လိုအပ်သော စက္ကူနှင့်နဝကမ္မများကို လှူဒါန်းခဲ့ကြ၏။စာပေပေါင်းကူးပုံနှိပ်တိုက် ပိုင်ရှင် ဦးတင်မောင်နှင့်စာပြင်ဆရာကိုဝင်းမောင်၊ဒု-အကြိမ်ရိုက်၌ သံဇင်နှိပ်ပုံနှိပ်တိုက် ပိုင်ရှင် ဦးချစ်သိန်း၊ယခု တ-အကြိမ်၌ အောင်စိုးပုံနှိပ်တိုက်ပိုင်ရှင် ဦးခင်မောင်နှင့်

http://www.dhammadownload.com

တာဝန်ခံ ကိုကျော်ကျော်တို့က စာအုပ်အပြင် အဆင်ကစ၍ စာအုပ်ဖြစ်သည့်အထိ ကိုယ်ဖိ,ရင်ဖိဆောင်ရွက်ပေးကြ၏။

အရှင်ရာဇိန္ဒ၊အရှင်တေဇိန္ဒ၊အရှင်မာဃိန္ဒ၊အရှင်သီဟသူရတို့ကလည်း မာတိကာ+အက္ခရာဝလိစဥ်ပေးကြပြီး၊မနန်းသီတာ၊မစုစု (ခန့်လင်းကွန်ပျူတာ)တို့က ကွန်ပျူတာစာစီပေးကြပါသည်။

မိမိ၏ ကြိုးစားမှုသည် ကူညီပံ့ပိုးသူတို့၏ ကျေးဇူးကြောင့် တ-ကြိမ်ရိုက်နှိပ်သည်ထိ အားလုံးအဆင်ပြေပြေ ချောချောမောမောဖြစ်ခဲ့ရ၏ ကတညုတကာတဝေဒီ မင်္ဂလာ ဆတက်ထမ်း ပိုးတိုးအောင် မိမိကြိုးစားရမည်ဟူသောအသိ ရင်မှာဖြစ်ရဘိ၏။

အထက်ပါ ကျမ်းစာများနှင့်မှတ်စုများကို အခြေခံပို့ချရသော မိမိ၏ တ/စ ပါရာဇိကဏ်မှတ်စုသည် ဉာဏ်အားနည်းပါးမှုကြောင့် ချွတ်ချော်တိမ်းပါးမှုများရှိပါလိမ့်မည်၊ ရှိခဲ့သော် မိမိ၏ ချို့ယွင်းမှုသာ ဖြစ်သည်ကို ရိုးသားစွာဝန်ခံတောင်းပန်အပ်ပါသည်။

ဤစာစဥ်ဖြင့် ပရိယတ္တိစာပေကျမ်းဂန်ကို ကန့်ကူလက်လှည့် သင်ပုန်းကြီးမှစ၍ အထက်တန်းကျမ်းစာများတိုင်အောင် သင်ကြားပို့ချ ချီးမြှောက်တော်မူကြကုန်သော အနန္တဂုဏ်အင် ကျေးဇူးရှင် ဆရာတော်ဘုရားများအား လေးမြတ်ကော်ရော်ပူဇော်ပါသည်။

အရှင်ပညာသီဟာဘိဝံသ
၂၀/၅/၂၀၀၀
ဖုန်း ၅၆၆၁၇၆၊၇၂၀၉၉၅

http://www.dhammadownload.com

# တ/စ-ပါရာဇိကဏ်စာစဉ်

## မာတိကာ

## တတိယပါရာဇိက


၁။ ဝါကျစဉ်(၁)ဝေသာလိယန္တိ(ဝိ၊ဋ္ဌ၊၂။၁။) ၁
၂။ ဝါကျစဉ်(၂)တတ္ထ မဟာဝန်နာမ(ဝိ၊ဋ္ဌ၊၂။၁/၂။) ၆
၃။ ဝါကျစဉ်(၃)အာဒိသ္သ အာဒိသ္သ(ဝိ၊ဋ္ဌ၊၂။၄။) ၁၁
၄။ ဝါကျစဉ်(၄)တံ ဘဂဝါ အဒ္ဒသ(ဝိ၊ဋ္ဌ၊၂။၄/၅။) ၁၄
၅။ ဝါကျစဉ်(၅)တတ္ထ ပဏ္ဍိတာ ဝဒန္တိ(ဝိ၊ဋ္ဌ၊၂။၅။) ၁၉
၆။ ဝါကျစဉ်(၆)အနေကေဟိ(ဝိ၊ဋ္ဌ၊၂။၅။) ၂၁
၇။ ဝါကျစဉ်(၇)သီသံ နှာတောတိ(ဝိ၊ဋ္ဌ၊၂။၆။) ၂၄
၈။ ဝါကျစဉ်(၈)မိဂလဏ္ဍိကောတိ(ဝိ၊ဋ္ဌ၊၂။၆။) ၂၈
၉။ ဝါကျစဉ်(၉)နှောတိ(ဝိ၊ဋ္ဌ၊၂။၆။) ၃၂
၁၀။ ဝါကျစဉ်(၁၀)ယေန ဝဂ္ဂုမုဒါနဒီတိ(ဝိ၊ဋ္ဌ၊၂။၆။) ၃၆
၁၁။ ဝါကျစဉ်(၁၁)အလာဘာ ဝတ မေတိ(ဝိ၊ဋ္ဌ၊၂။၇။) ၄၀
၁၂။ ဝါကျစဉ်(၁၂)ဒုလ္လဒ္ဓံ ဝတ မေတိ(ဝိ၊ဋ္ဌ၊၂။၇။) ၄၄
၁၃။ ဝါကျစဉ်(၁၃)သာဓု သာဓူတိ(ဝိ၊ဋ္ဌ၊၂။၇။) ၄၈
၁၄။ ဝါကျစဉ်(၁၄)ဟောတိယေဝ ဘယန္တိ(ဝိ၊ဋ္ဌ၊၂။၈။) ၅၁
၁၅။ ဝါကျစဉ်(၁၅)ကေမ္ပိ ဘိက္ခုံ ဒွေပိ(ဝိ၊ဋ္ဌ၊၂။၈။) ၅၅
၁၆။ ဝါကျစဉ်(၁၆)သမာဓီတိ(ဝိ၊ဋ္ဌ၊၂။၉/၁၀။) ၅၉
၁၇။ ဝါကျစဉ်(၁၇)သန္တောစေဝ ပဏီတောစ(ဝိ၊ဋ္ဌ၊၂။၁၀။) ၆၃
၁၈။ ဝါကျစဉ်(၁၈)အသေစနကောစ(ဝိ၊ဋ္ဌ၊၂။၁၀။) ၆၇
၁၉။ ဝါကျစဉ်(၁၉)ဥပ္ပန္နုပ္ပန္နေတိ(ဝိ၊ဋ္ဌ၊၂။၁၀။) ၇၀
၂၀။ ဝါကျစဉ်(၂၀)မဟာအကာလမေဃောတိ(ဝိ၊ဋ္ဌ၊၂။၁၀/၁၁။) ၇၄
၂၁။ ဝါကျစဉ်(၂၁)ဣဒါနိ တမတ္ထံ(ဝိ၊ဋ္ဌ၊၂။၁၁။) ၇၇
၂၂။ ဝါကျစဉ်(၂၂)ရုက္ခမူလဂတောဝါတိ(ဝိ၊ဋ္ဌ၊၂။၁၃။) ၈၁
၂၃။ ဝါကျစဉ်(၂၃)တတ္ထ ပလ္လင်္ကန္တိ(ဝိ၊ဋ္ဌ၊၂။၁၃။) ၈၄
၂၄။ ဝါကျစဉ်(၂၄)ဇဝံ ဂဏှာနာယ(ဝိ၊ဋ္ဌ၊၂။၂၄။) ၈၈
၂၅။ ဝါကျစဉ်(၂၅)ပဿမ္ဘယံ(ဝိ၊ဋ္ဌ၊၂။၃၄။) ၉၂
၂၆။ ဝါကျစဉ်(၂၆)ပီတိပ္ပဋိသံဝေဒီတိ(ဝိ၊ဋ္ဌ၊၂။၃၂။) ၉၅

http://www.dhammadownload.com


၂၇။ ဝါကျစဉ်(၂၇)တတ္တ အနိစ္စန္တို(ဝိ၊ဠ၊၂။၃၅။) ၉၈

၂၈။ ဝါကျစဉ်(၂၈)ရာဂါနုပဿီတိ(ဝိ၊ဠ၊၂။၃၅။) ၁၀၂

၂၉။ ဝါကျစဉ်(၂၉)ပဋိနိဿဂ္ဂါနုပဿီတိ(ဝိ၊ဠ၊၂။၃၅။) ၁၀၄

၃၀။ ဝါကျစဉ်(၃၀)ကိဗ္ဗိသံ သာဟာသိကကမ္မံ(ဝိ၊ဠ၊၂။၃၆။) ၁၀၉

၃၁။ ဝါကျစဉ်(၃၁)တတ္တ သန္တိ ဥပသဂ္ဂေါ(ဝိ၊ဠ၊၂။၃၇။) ၁၁၃

၃၂။ ဝါကျစဉ်(၃၂)ဣဒါနိ မနုဿဝိဂ္ဂဟံ(ဝိ၊ဠ၊၂။၃၇။) ၁၁၇

၃၃။ ဝါကျစဉ်(၃၃)တတ္တ ကလလရူပန္တိ(ဝိ၊ဠ၊၂။၃၇/၈။) ၁၂၀

၃၄။ ဝါကျစဉ်(၃၄)ယသ္မာ ပန ဇီဝိတာ(ဝိ၊ဠ၊၂။၃၈။) ၁၂၄

၃၅။ ဝါကျစဉ်(၃၅)တတ္တ ဒုဝိဓံ ဇီဝိတိန္ဒြိယံ(ဝိ၊ဠ၊၂။၃၈။) ၁၂၇

၃၆။ ဝါကျစဉ်(၃၆)တတ္တ ပါဏောတိ(ဝိ၊ဠ၊၂။၃၉။) ၁၃၀

၃၇။ ဝါကျစဉ်(၃၇)ပရိယေသေယျာတိ(ဝိ၊ဠ၊၂။၄၁။) ၁၃၃

၃၈။ ဝါကျစဉ်(၃၈)ဣတိစိတ္တမနောတိ(ဝိ၊ဠ၊၂။၄၂။) ၁၃၇

၃၉။ ဝါကျစဉ်(၃၉)သမ္ဗသက်ပ္ပေါတိ(ဝိ၊ဠ၊၂။၄၂။) ၁၄၀

၄၀။ ဝါကျစဉ်(၄၀)မူလဋ္ဌသံ(ဝိ၊ဠ၊၂။၄၈။) ၁၄၃

၄၁။ ဝါကျစဉ်(၄၁)ဥပသံဟရတီတိ(ဝိ၊ဠ၊၂။၅၈။) ၁၄၇

၄၂။ ဝါကျစဉ်(၄၂)အဂ္ဂကာရိကန္တိ(ဝိ၊ဠ၊၂။၆၂။) ၁၅၀

၄၃။ ဝါကျစဉ်(၄၃)အဒ္ဒကောတိ(ဝိ၊ဠ၊၂။၆၂။) ၁၅၃

၄၄။ ဝါကျစဉ်(၄၃)ဝိလီဝကာရန္တိ(ဝိ၊ဠ၊၂။၆၃။) ၁၅၆

၄၅။ ဝါကျစဉ်(၄၅)ဒဝါယာတိ(ဝိ၊ဠ၊၂။၆၃။) ၁၅၉

၄၆။ ဝါကျစဉ်(၄၆)...ကုဳနာသမ(ဝိ၊ဠ၊၂။၆၄။) ၁၆၂

၄၇။ ဝါကျစဉ်(...)...(ဝိ၊ဠ၊၂။၆၉။) ၁၆၆


## စတုတ္ထပါရာဇိက


၄၈။ ဝါကျစဉ်(၁)ဂိဟီနံ ကမ္မန္တိ(ဝိ၊ဠ၊၂။၇၃။) ၁၆၈

၄၉။ ဝါကျစဉ်(၂)ယော အနုာကဲ(ဝိ၊ဠ၊၂။၇၄။) ၁၇၁

၅၀။ ဝါကျစဉ်(၃)ဝဏ္ဏဝါ အဟောသုန္တိ(ဝိ၊ဠ၊၂။၇၄။) ၁၇၄

၅၁။ ဝါကျစဉ်(၄)ကစ္စိ ဘိက္ခဝေ ခမနီယန္တိ(ဝိ၊ဠ၊၂။၇၄။) ၁၇၈

၅၂။ ဝါကျစဉ်(၅)ဝိပ္ပသန္နခါဝဝဏ္ဏောတိ(ဝိ၊ဠ၊၂။၇၄။) ၁၈၁

http://www.dhammadownload.com

## တ/စ-ပါရာဇိကကဏ်စာစဉ်


| | | |
|---|---|---|
| ၅၃။ | ဝါကျစဉ်(၆)သုဒ္ဓံ ဖြပ်ပ္ပစာရိန္တိ(ဝိ၊ဋ္ဌ၊၂။၇၆။) | ၁၈၄ |
| ၅၄။ | ဝါကျစဉ်(၇)အယံ အဂ္ဂေါ မဟာစောရော(ဝိ၊ဋ္ဌ၊၂။၇၇။) | ၁၈၇ |
| ၅၅။ | ဝါကျစဉ်(၈)န ပန သက္ကောတိ(ဝိ၊ဋ္ဌ၊၂။၇၈။) | ၁၉၀ |
| ၅၆။ | ဝါကျစဉ်(၉)တဿ ယဋ္ဌေတံ(ဝိ၊ဋ္ဌ၊၂။၇၉။) | ၁၉၃ |
| ၅၇။ | ဝါကျစဉ်(၁၀)အညံ ဗျာကရိဿတိ(ဝိ၊ဋ္ဌ၊၂။၇၉။) | ၁၉၆ |
| ၅၈။ | ဝါကျစဉ်(၁၁)အနုဘိဇာနန္တိ(ဝိ၊ဋ္ဌ၊၂။၈၀။) | ၁၉၉ |
| ၅၉။ | ဝါကျစဉ်(၁၂)အတ္တုပနာယိကန္တိ(ဝိ၊ဋ္ဌ၊၂။၈၀။) | ၂၀၂ |
| ၆၀။ | ဝါကျစဉ်(၁၃)ဉာဏဒဿနံ ဝါတိ(ဝိ၊ဋ္ဌ၊၂။၈၁။) | ၂၀၅ |
| ၆၁။ | ဝါကျစဉ်(၁၄)ဝိသုဒ္ဓါပေက္ခောတိ(ဝိ၊ဋ္ဌ၊၂။၈၃/၄။) | ၂၀၈ |
| ၆၂။ | ဝါကျစဉ်(၁၅)ရာဂဿ ပဟာနန္တိ(ဝိ၊ဋ္ဌ၊၂။၈၅။) | ၂၁၁ |
| ၆၃။ | ဝါကျစဉ်(၁၆)ဘဏိတဿ ဟောတိ(ဝိ၊ဋ္ဌ၊၂။၈၈။) | ၂၁၃ |
| ၆၄။ | ဝါကျစဉ်(၁၇)ဝိတုဒ္ဓေန္တိ(ဝိ၊ဋ္ဌ၊၂။၉၇။) | ၂၁၆ |
| ၆၅။ | ဝါကျစဉ်(၁၈)ဘိက္ခူ ဥဇ္ဈာယန္တိ(ဝိ၊ဋ္ဌ၊၂။၉၇။) | ၂၁၉ |
| ၆၆။ | ဝါကျစဉ်(၁၉)သူစကောတိ(ဝိ၊ဋ္ဌ၊၂။၉၉။) | ၂၂၂ |
| ၆၇။ | ဝါကျစဉ်(၂၀)ဂါမကူဋ္ဌောတိ(ဝိ၊ဋ္ဌ၊၂။၉၉။) | ၂၂၄ |
| ၆၈။ | ဝါကျစဉ်(၂၁)ဥပ္ပတ္တံ ဩကိရိန္တိ (ဝိ၊ဋ္ဌ၊၂။၁၀၀။) | ၂၂၇ |
| ၆၉။ | ဝါကျစဉ်(၂၂)အဟံ အာဝုသော(ဝိ၊ဋ္ဌ၊၂။၁၀၂။) | ၂၃၀ |
| ၇၀။ | ဝါကျစဉ်(၂၃)တတ္ထ ပါပဘိက္ခုနော(ဝိ၊ဋ္ဌ၊၂။၇၅။) | ၂၃၃ |


## နောက်ဆက်တွဲဖြည့်စွက်ဝါကျ


| | | |
|---|---|---|
| ၇၁။ | အနေကပရိယာယေန(ဝိ၊ဋ္ဌ၊၂။၂။) | ၂၃၆ |
| ၇၂။ | ဟရာယန္တီတိ လဇ္ဇန္တိ(ဝိ၊ဋ္ဌ၊၂။၆။) | ၂၃၈ |
| ၇၃။ | ယဿ ဒါနိ ဘန္တေ(ဝိ၊ဋ္ဌ၊၂။၉။) | ၂၃၈ |
| ၇၄။ | သန္တော သံဝိဇ္ဇမာနာတိ(ဝိ၊ဋ္ဌ၊၂။၇၅။) | ၂၃၉ |

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တ–ပါရာဇိကကဏ်စာစဉ်

* * * * *

### ဝါကျစဉ် (၁)

(က) ဝေသာလိယန္တိ ဇဝံနာမကေ ကူဋ္ဌာလိဂ်ဝသေန ပဝတ္တဝေါဟာရေ နဂရေ။

(ခ) တဉ္ဟိ နဂရံ တိက္ခတ္တုံ ပါကာရပရိက္ခေပဝဍ္ဎနေန ဝိသာလီဘူတတ္တာ ဝေသာလီ တိ ဝုစ္စတိ။

(ဂ) ဣဒမ္ပိ စ နဂရံ သဗ္ဗညုတပ္ပတ္တေယေဝ သမ္မာသမ္ဗုဒ္ဓေ သဗ္ဗာကာရေန ဝေပုလ္လံ ပတ္တန္တိ ဝေဒိတဗ္ဗံ။

(ဃ) ဇဝံ ဂေါစရဂါမံ ဒဿေတွာ နိဝါသဋ္ဌာနမာဟ "မဟာဝနေ ကူဋာဂါရသာလာ ယ""န္တိ။ (ဝိ၊ ဋ၊ ၂။ ၁။)

***********

### နံပါတ် (၁)

(က)ကူဋ္ဌာလိဂ်ဝသေန-ကူဋ္ဌာလိင်၏အစွမ်းဖြင့်။ပဝတ္တဝေါဟာရေ၊ဖြစ်သောခေါ်ဝေါ်ခြင်းရှိသော။

(ခ)ဟိ-ထိုအနက်ကို ထင်စွာပြဦးအံ့။ပါကာရပရိက္ခေပဝဍ္ဎနေန-တံတိုင်းအရံဖြင့် မြို့ရာမြေ၏ ပွားခြင်းဖြင့်။ဝိသာလီဘူတတ္တာ-ချဲ့အပ်သည်ဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့်။ (ခ)ဟိတ်သမ္ဗန်-တဿ နဂရဿ။

(ဂ)ဣဒမ္ပိနဂရံ၌(ဝိ-သမုစ္စေတဗ္ဗတ္ထဖော်၊ရာဇဂဟသာဝတ္ထိယောပိ-ရာဇဂြိုဟ်,သာဝတ္ထိမြို့တို့သည်လည်း။)ဣဒမ္ပိစ နဂရံ န ကေဝလံ၊ ရာဇဂဟသာဝတ္ထိယောယေဝ ဝါတိ၊ ဒဿေတိ (သာရတ္ထ)။ဝိသဒ္ဒေါ ရာဇဂဟသာဝတ္ထိယော အပေက္ခတိ။ (ယောဇနာ)

(ဂ)သမ္မာသမ္ဗုဒ္ဓေ၊သည်။သဗ္ဗညုတပ္ပတ္တေယေဝ-သဗ္ဗညု၏အဖြစ်သို့ ရောက်တော်မူသည်ရှိသော်။ဝေပုလ္လံ-ပြန့်ပြောသည်၏ အဖြစ်သို့။

(ဃ)ဒဿေတွာ-၌ ကရိယာကို ဝေသာလိယန္တိ ဣမိနာ-ဟု ထည့်။

### နံပါတ် (၂)

(ခ)ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။ ။ဆရာ၊ဆရာသည် (က) ဖြင့် ဝေသာလိယံ-၌ဝေသာလီ-အရ ကူဋ္ဌာလိင်၏ အစွမ်းဖြင့် ခေါ်ဝေါ်အပ်သော ဝေသာလီအမည်ရသောမြို့ကို ကောက်အပ်သည်ကို ဖွင့်ဆိုတော်၏။ထိုမြို့သည် အဘယ်သို့သော အကြောင်းကြောင့်ဝေသာလီအမည် ရအပ်ပါသနည်း။ယင်းမြို့၏ ဝေသာလီအမည်ရအပ်သည်ကို

http://www.dhammadownload.com



သီသာ ထင်ရှားအောင် မပြဆိုတော့ပြီလော။ဤသို့စုဒ်ကြောင့် (ခ) ဝါကျမိန့်။ (မအူ-၌ ဟိ-ကို တပ္ပါကဋီကရဏကြံ၍တက်သည်။)

**တစ်နည်း။** ။ဆရာ(က) ဖြင့် ဝေသာလီသဒ္ဒါသည် ဣတ္ထိလိင်၌ ဖြစ်သောမြို့အမည်ကို ဟောသော နာမသဒ္ဒါ၏အဖြစ်ကို ဖွင့်ပြအပ်၏။ထိုစကားအသို့လျှင် သင့်နိုင်ပါအံ့နည်း။ ဦးချိုကားသော နွားကိုဟောသော ဒဗ္ဗသဒ္ဒါလည်း ဖြစ်ကောင်းရာသည် မဟုတ်ပါလော။ ဤသို့ စုဒ်ကြောင့် (ခ) မိန့်။

**ကား။** ။သုံးကြိမ် မြို့ရိုး အကာအရံဖြင့် မြို့ရာမြေကို တိုးချဲ့ခြင်းအားဖြင့် ကျယ်ပြန့်သည်ဖြစ်၍ ဖြစ်သောကြောင့် မြို့ကိုသာ ဝေသာလီ မည်၏ဟု နာမသဒ္ဒါဖြင့်ဆိုသော ငါ့စကား သင့်၏ ဟူလို။ ၆

**(ဂ)ဝါကျသို့ ထပနာတိက ပုစ္ဆာ။** ။ဆရာသည် (က+ခ) ဝါကျတို့ဖြင့် ဝေသာလိယံ-၌ ဝေသာလီအရ ဝေသာလီ အမည်ရသောမြို့ကိုကောက်၍၊ယင်းမြို့၏ ဝေသာလီအမည် ရခြင်းအကြောင်းကို ဖွင့်ပြတော်မူအပ်၏။ထိုမြို့သည် အဘယ်အခါ၌ စည်ပင်ပြန့်ပြောသည်၏ အဖြစ်သို့ ရောက်ပါသနည်း။ဘုရားရှင် သဗ္ဗညုအဖြစ်သို့ ရောက်ရာအခါမှ တစ်ပါးသော အခါ၌လည်း စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ပါသလော။ဤသို့ မေးဖွယ်ရှိ၍ (ဂ) ဝါကျမိန့်။(သဗ္ဗညုတပ္ပတ္တေယေ၀-၌ ဧဝ-ကို ရှု၍ တက်)

**ဣဒမ္ပိ-၌ ပိ-ကို ရှုသော်**-ရာဇဂြိုဟ်နှင့်သာဝတ္ထိမြို့တို့သည်သာ ဘုရားရှင် ပွင့်တော်မူရာ အခါ၌ စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ပါသလောဟု အာဘော်ထားပါ။

**(ဃ)ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (က) စသော ဝါကျတို့ဖြင့် ဝေသာလိယံ-၌ဝေသာလီပုဒ်၏အရနှင့် ဝေသာလီအမည်ရကြောင်း၊ဝေသာလီမြို့ စည်ကားရာအခါတို့ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ ၌ မဟာဝနေ ကူဋာဂါရသာလာယံ-ပုဒ်၏ အဖွင့်ကို ပြလိုသော အဋ္ဌကထာဆရာသည် မပြမီ ရှေးဦးစွာ အနုသန္ဓေကို ပြလိုရကာ (ဃ) ဝါကျကိုမိန့်။

**နိယံ။** ။**ရှေ့နောက်နှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဌာနကို၊ စောဒကအာဘော်၊ ဟိတ်ခတ်လျော်၍၊ ရှုမျှော်တဝ၊ နောက်ဌာနကြံ၊ အာဟာကံမှာ၊ စောဒနာ၊ သေသာကြွင်းလတ်၊ အဖြေမှတ်။**

(က) နနု ဝေသာလိယန္တိ ဣမိနာ ဂေါစရဂါမော ဒဿိတော။

(ခ) အထ ကသ္မာ မဟာဝနေ ကူဋာဂါရသာလာယန္တိ ဝုတ္တံ။

(ဂ) နိဝါသဋ္ဌာနံ ဒဿေတုံ၊ ကာမော၊ တသ္မာ····

နံပါတ် (၃)

(ခ)ဝါကျ-တပ္ပါကဋီကရဏ။(မအူ)တစ်နည်း-ဒဠှီကရဏ။(ဂ)ဝါကျ-ဝါကျာရမ္ဘ။ မြို့စည်ကားကာလကိုဆက်လက်ပြ။

(ဃ)ဝါကျ-ပက္ခန္တရ၊မဟာဝနေကူဋာဂါရသာလာယံ ပုဒ်အဘို့ တစ်ပါးကိုပြ။

**စာစပ်။** ။တိက္ခတ္တုံ-သုံးကြိမ်တိုင်တိုင်ဟုပေးသောကြောင့် ဝပုနေနေ, ဝိသာလီဘူတတ္တာ-၌ ကြိယာဝိသေသန/ဝိသေသျစပ်။

http://www.dhammadownload.com



ပါကာရပရိက္ခေပဝမှနေန…အားဖြင့်ပေးသောကြောင့်၊ဝိသာလီဘူတတ္တာ..၌ ဘိန္နာဓိက ရဏဝိသေသန/ဝိသေသျစပ်။

နံပါတ် (၄)

**ဓဝံနာမက။** ။ **ဓဝံ နာမံ ယဿာတိ ဓဝံနာမကံ။ (နဂရ -ကောက်)**

**ပဝတ္တဝေါဟာရံ။** ။ **ပဝတ္တော ဝေါဟာရော ဧတ္တာတိ ပဝတ္တဝေါဟာရံ။(နဂရံ)-တသ္မိံ။**

**နဂရ။** ။ **နံ သမ္ဗုဏ္ဏံ ယရံ ဧတ္တာတိ နဂရံ။ (သမာသ်)**

**န ဂစ္ဆန္တီတိ နဂါ၊ နဂါ ပါသာဒါဒယော ဧတ္တ သန္တီတိ နဂရာ။ (တဒ္ဓိတ်)**

**တိက္ခတ္တုံ။** ။ **တယော ဝါရော တိက္ခတ္တုံ။ တီသု ဝါရေသု တိက္ခတ္တုံ။**

**(ဝါရံတဒ္ဓိတ်၊က္ခတ္တုံ-ပစ္စည်း)**

တိ-သချာအရ သုံးခုအရေအတွက် သချာသည် မှချ။ထို-၏ က္ခတ္တုံ-ပစ္စည်းအရ အလှည့် အကြိမ်နှင့် သချာ-သချေယျအဖြစ်ဖြင့် စပ်ခြင်းသည် ဌာန။က္ခတ္တုံ-ပစ္စည်းအရ ထို-သော သုံးကြိမ်ရ၏။

**ပါကာရော။** ။ **ပရိ သမန္တတော ကရီယတီတိ ပါကာရော။ (ပ+ကရ+ဏ)**

**ပါကာရပရိက္ခေပေါ။** ။ **ပါကာရဿ ပရိက္ခေပေါ ပါကာရပရိက္ခေပေါ။**

**ပါကာရပရိက္ခေပဝမှနံ။** ။ **ပါကာရပရိက္ခေပေန ဝမှနံ ပါကာရပရိက္ခေပဝမှနံ။**

ပါကာရ-အရ တံတိုင်းသည် မှချ။ ထို-၏ ကာရံခြင်း ကြိယာနှင့် ဌာန+ဌာနီ စပ်ခြင်းသည် ဌာန။ပုဒ်လုံးအရ ထို-သော တံတိုင်းဖြင့် ကာရံခြင်းကြိယာရ၏။

ပါကာရပရိက္ခေပ-ဟူသော သမာသ်ပုဒ်အရ တံတိုင်းဖြင့်ကာရံခြင်းသည်မှချ။ ထို၏ ဝမှနအရ တိုးချဲ့ခြင်းနှင့် ကာရဏ+ဖလစပ် ဌာန။သမာသ်ပုဒ်လုံးအရ-တံတိုင်းကာ ရံခြင်းအားဖြင့် မြို့ရာကို တိုးချဲ့ခြင်းရ၏။

**ဝိသာလီဘူတတ္တာ။** ။ **ဝိသာလာ ဟုတ္တာ ဘူတာ ဝိသာလီဘူတာ။**

(သမ္ဘာဝနာကမ္မဓာရယ်)

ဝိလာသ-အရ ကျယ်ပြန့်ခြင်းဂုဏ်သည် မှချ။ထို-၏ ဘူတ-ဟူသော နောက် ပုဒ်အရ ဖြစ်၍ဖြစ်သော ကြိယာနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသည် ဌာန။ ပုဒ်လုံးအရ ထို..သော ကျယ်ပြန့်သည် ဖြစ်၍ဖြစ်ခြင်း ကြိယာရ၏။

**ဝိသာလီဘူတဿ ဘာဝေါ ဝိသာလီဘူတတ္တံ။**

ဝိသာလီဘူတ-ဟူသော တဒ္ဓိတ်ပုဒ်အရ ကျယ်ပြန့်သည် ဖြစ်၍ဖြစ်ခြင်းသည် မှချ။ထို…၏ တ္တ-ပစ္စည်းအရ ကျယ်ပြန့်ခြင်း ကြိယာနှင့် နိဿယ/နိဿိတစပ် ဌာန။ တ္တပစ္စည်းအရ-ထို…သောကျယ်ပြန့်ခြင်း ကြိယာရ၏။

**သဗ္ဗညုတာ။** ။ **သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ။သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ။**

(တာ-ပစ္စည်း ကြောင့် ဦ-ကို ဥ-ရဿပြု)

http://www.dhammadownload.com



သဗ္ဗညုတပ္ပတ္တော။ ။သဗ္ဗညုတံ ပတ္တော သဗ္ဗညုတပ္ပတ္တော။

ဂေါစရဂါမ။ ။ ဂသန္တိ ဧတ္ထာတိ ဂါမော။ (ဂသ+မ)

စရန္တိ ဧတ္ထာတိ စာရော၊ဂုန္နံ စရော ဂေါစရော။(ကျက်စားရာအရပ်)

ဂေါစရော ဝိယာတိ ဂေါစရော။ (ဆွမ်းခံရွာ)

နိဝါသဋ္ဌာန။ ။ နိဝါသဿ တံ ဌာနန္တာတိ နိဝါသဋ္ဌာနံ။

နိဝသန္တိ ဧတ္ထာတိ နိဝါသံ။ (နေရာအရပ်)

နိဝါသဟူသောဝိသေသနအရ-နေရာ၏အဖြစ်ဟူသောဂုဏ်မှုချ။ထို··၏အရပ်ဌာန နှင့် ဂုဏ်/ဂုဏေးစပ်ဌာန။ပုဒ်လုံးအရ အရပ်ဌာနရ၏။

နံပါတ်(၅)

| | |
|---|---|
| ကူတ္တိ။ ။ | ကူသ+ထိ။ ကူတ္တိယတေတိ ကူတ္တိ။ကူစ္စတီတိ ကူတ္တိ။ |
| လိင်္ဂ။ ။ | လိနသဒ္ဒူပပဒ၊အဂ်+အ။တစ်နည်း-ဂမု+ကွိ။ |
| ပဝတ္တ။ ။ | ပ+ဝတု+တ။ |
| ဝေါဟာရ။ | ဝိ+အဝ+ဟရ+ဏ။ |
| ပါကာရ။။ | ပ+ကရ+ဏ။ |
| ပရိက္ခေပ။ | ပရိ+ခိပ+ဏ။ |
| ဝေသာလီ။ | ဝိ +သလ + ဏ + ဤ။ |

နံပါတ်(၆)

(က)ဝေနာမကော နဂရေဖြင့် ဝေသာလိယံ၌ ဝေသာလီအရ ဝေသာလီအမည်ရသော မြို့ကိုကောက်ယူအပ်သည်ကို သိစေပါသည်။(အဘိဓေယျတ္ထ)ကူတ္တိလိင်္ဂဝသေန ပဝတ္တဝေါဟာရေဖြင့်မြို့ကိုအရကောက်သော်လည်း ရာဇဂဟံပုဒ်ကဲ့သို့ နပုံလိင်မဟုတ်၊ ကူတ္တိလိင်၏ အဖြစ်ဖြင့် ခေါ်ဝေါ်အပ်သော မြို့ဖြစ်သည်ကို သိစေ။

(ခ)ဝိသာလီဘူတတ္တာဖြင့် ဝေသာလီပုဒ်ကို ဝိသာလော ဧတေသံ အတ္ထီတိ ဝေသာလီ-ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြု၍ ဏပစ္စည်း အဿတ္ထိအနက်၌ သက်သည်ကို သိစေ။(အဘိဓာနတ္ထ၊ပစ္စယတ္ထ။)

တံ နဂရံ ဝုစ္စတိဖြင့် ဝေသာလီအရ မြို့ကိုအရကောက်ယူအပ်သည်ကို သိစေ။ (သရုပ်ကြားအဘိဓေယျတ္ထ။)

ပါကာရပရိက္ခေပဝမုနေနဖြင့် တံတိုင်းအကာအရံဖြင့် မြို့ရာမြေကို တိုးချဲ့ခြင်းကြောင့် ကျယ်ပြန့်သည်၏ အဖြစ်ဟူသော အဓိပ္ပါယ်ကိုသိစေ။

တိက္ခတ္တုံဖြင့် မြို့ရိုးအကာအရံ သုံးကြိမ်ကာရံ ခြင်းကြောင့် ကျယ်ပြန့်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။(ဘာဝတ္ထ။)

နံပါတ်(၇)

သဗ္ဗညုတပ္ပတ္တေဝယေဝ/သဗ္ဗညုဘာဝပ္ပတ္တေယေဝ···

တဒ္ဓိတ်ပုဒ်၊သမာသ်ပုဒ်သာထူး၍ အနက်မထူးသောကြောင့် နှစ်ပါဌ်သင့်။(မှအူ)

**သဗ္ဗာကာရေန/သဗ္ဗာကာရတော**...

အနိစ္စတောစသည့်၌ကဲ့သို့ တောပစ္စည်းသည်လည်း တတိယာဝိဘတ်အနက်ကိုဟောနိုင်သောကြောင့် သဗ္ဗာကာရေနနှင့်အနက်မထူးရကား နှစ်ပါဌ်သင့်။

**လိင်္ဂတ္တေ၊ ကတ္တုကမ္မေသု၊ဟေတွတ္တေ ဝဓိသာမိသု။**

**ဝိသေသနေစ ဘုမ္မတ္တေ၊နိဒ္ဒါရဏေစ တော ဘဝေ။**

**ဝေပုလ္လံ/ဝေပုလ္လတံ**...

ဝိပုလဿ ဘာဝေါ ဝေပုလ္လံ-ဟုဝစနတ္ထပြု၍ ဘာဝတဒ္ဓိတ်အနက်ကို ရရှိပြီးဖြစ်သောကြောင့်လည်းကောင်း၊ကြီးကျယ်ခြင်းအနက်ဟော ဝေပုလ္လသဒ္ဒါကိုသာ အဘိဓာန်၌တွေ့ရသောကြောင့်လည်းကောင်း ဝေပုလ္လံ ပါဌ်သာသင့်။

ဝေပုလ္လပုဒ်နောင် သွတ္ထအနက်၌ တာပစ္စည်း သက်၍လည်း ပြီးနိုင်ကောင်းသောကြောင့် ဝေပုလ္လတံပါဌ်လည်းသင့်။

**နိဝါသဋ္ဌာနံ/နိဝါသနဋ္ဌာနံ**...

ဏ-ပစ္စည်း ယု-ပစ္စည်းမျှထူး၍ အနက်မထူးသောကြောင့် နှစ်ပါဌ်သင့်။

(ဒုပါရာဇိကကဏ်ၭ၊ရာဇဂဟာအဖွင့်၌ နိဝါသဋ္ဌာနံ-ဟုရှိ၏။)

**ဝိသာလီဘူတတ္တာ/ဝိသာလိဘူတတ္တာ**...

အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရစီ။မောဂ်၊၄။၁၁၉။ကရ၊အာသ ဘူဓာတ်တို့ အယှဉ်ဝယ် အဘူတတဗ္ဘော အနက်၌ စီ-ပစ္စည်းသက်၍ ပြီးသောကြောင့်ဝိသာလီဘူတတ္တာပါဌ်သင့်။

ယထာရဟာမိဝဏ္ဏာဂမော ဘူကရေသု-ဟူ သောနီတိသုတ်ကိုထောက်သော်ဝိသာလိဘူတတ္တာပါဌ်လည်းသင့်၏။ဘူ ၊ကရ ဓာတ်တို့အယှဉ်ထိုက်သင့်သည်အားလျော်စွာ ဣ ၊ဤလာနိုင်၏ဟုဆိုသောကြောင့်တည်း။

နံပါတ်(၈)

**သမ္မာသမ္ဗုဒ္ဓ**။ ။အစိတ်ဖြစ်သော သမ္မာသမ္ဗုဒ္ဓကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော စကြာမင်းကိုလည်းရသောကြောင့်ဥပလက္ခဏနည်း။(ဂဏ္ဌိ၊ဝိမတိ)အစိတ်ဖြစ်သောသမ္မာသမ္ဗုဒ္ဓ၏အမည်ကို အပေါင်းမြတ်စွာဘုရားနှင့်စကြာဝတေးမင်းတို့၌လည်း တင်စား၍ဆိုသောကြောင့် ဧကဒေသူပစာ။**ဗုဒ္ဓကာလေစ စက္ကဝတ္တိကာလေစ** နဂရံ၊ (ဝိမတိ)၊

**ဝေသာလီ**။ ။ဌာနဖြစ်သောကျယ်ပြန့်သောမြေကြီး၏ ဝေသာလီအမည်ကိုဌာနီဖြစ်သော မြို့၌တင်စား၍ဆိုသောကြောင့် ဌာနူပစာ။မကင်းရာဖြစ်သော မြေကြီးကိုဆိုသဖြင့် မကင်းတတ်သောမြို့ကိုလည်းရသောကြောင့် နာနန္တရိကနည်း။

မြို့တည်ရာ မြေကြီး ကျယ်ပြန့်သည်၊မြို့အမည် ကျယ်ပြန့်သည်မဟုတ်၊ ထို့ကြောင့်ဥပစာကြံလိုက်သည်။

http://www.dhammadownload.com



နံပါတ် (၁၀)

နိဝါသဋ္ဌာနမာဟ-၌ အာဟ-အရ ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ် ရ၏။

ဣဒါနိ ဖလပဒ္ဓကသည် ဖလ မည်၏။ (ဝါ) သောတုဇနတို့၏ အသိဉာဏ်၌ မဟာဝနေ ကူဋာဂါရသာလာယံ-ပုဒ်သည် မြတ်စွာဘုရား၏ သီတင်းသုံးရာ အရပ်ကို ပြသောပုဒ်ဟု သိခြင်းအကျိုးသည် ဖလ မည်၏။အတီတေ ဟေတဝေါ ပဒ္ဓ၊ ဣဒါနိ ဟေတုပဒ္ဓကသည် ဥပါယ မည်၏။ (ဝါ) နိဝါသဋ္ဌာန-ကို သိစေလိုသော သင်္ဂါယနာတင်မထေရ်တို့ သန္တာန်၌ဖြစ်သော ကရုဏာ/ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း၊ယောနိသောမနသိကာရ စသည် သည်လည်းကောင်း ဥပါယမည်၏။မဟာဝနေ ကူဋာဂါရသာလာယံ-ပုဒ်၏ နိဝါသနဋ္ဌာနအဖြစ်ကို သိလိုကြကုန်သော အမျိုးကောင်းသားတို့သည် အဖွင့်သံဝဏ္ဏနာများကို ကျနစွာ နာယူကြလေဟု တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိ-မည်၏။

*************

ဝါကျစဉ် (၂)

(က) တတ္ထ **မဟာဝန်နာမ** သယံဇာတံ အရောပိမံ သပရိက္ခေပံ မဟန္တံ ဝနံ။

(ခ) ကပိလဝတ္ထုသာမန္တာ ပန မဟာဝနံ ဟိမဝန္တေန သဟ ဧကာဗဒ္ဓံ အပရိက္ခေပံ ဟုတွာ မဟာသမုဒ္ဒံ အာဟစ္စ ဌိတံ။

(ဂ) ဣဒံ တာဒိသံ န ဟောတိ။

(ဃ) သပရိက္ခေပံ မဟန္တံ ဝနန္တိ **မဟာဝနံ**။

(င) **ကူဋာဂါရသာလာ** ပန မဟာဝနံ နိဿာယ ကတေ အာရာမေ ကူဋာဂါရံ အန္တော ကတွာ ဟံသဝဋ္ဋကစ္ဆဒနေန ကတာ သဗ္ဗာကာရသမ္ပန္နာ ဗုဒ္ဓဿ ဘဂဝတော ဂန္ဓကုဋိ ဝေဒိတဗ္ဗာ။ (ဋီ၊ ဋ၊ ၂။ ၁/၂။)

*************

နံပါတ် (၁)

(က)သယံဇာတံ၊အလိုလိုပေါက်သော။ကပိလဝတ္ထုသာမန္တာ၊ကပိလဝတ်ပြည်၏အနီး၌။အရောပိမံ- ပေါ...်ရောက်စေခြင်းဖြင့် ဖြစ်စေအပ်သည် မဟုတ်သော။(သဒ္ဒတ္ထ)ဝါ-မစိုက်ပျိုးအပ်သော။(ဝေါဟာရတ္ထ) (ဘာဋီ။)တစ်နည်း-အရောပိမံ-မဖြစ်စေအပ်သော။(သဒ္ဒတ္ထ)(ရောပိမ။ရုဟ+ဏာပေ+ မ/တ)ဝါ-မစိုက်အပ်သော။ (ဝေါဟာရတ္ထ)

(ဃ)ဧကာဗဒ္ဓံ-တစ်စပ်တည်းသည်။ ဝါ-တစ်စပ်တည်း၏အဖြစ်ကြောင့် ။(ဟေတုမန္တဝိသေသန)

(င) ကူဋာဂါရံ-အထွဋ်ဖြင့် တပ်အပ်သောအိမ်ကို။ဟံသဝဋ္ဋကစ္ဆဒနေန၊ ဟသ်ာတောင် ချသကဲ့သို့ ပတ်လည်မိုးခြင်းဖြင့်။ဟံသဝဋ္ဋကစ္ဆဒနေန- ဂဠုန်တောင်သဏ္ဌာန်လည်း၍

http://www.dhammadownload.com



မိုးသဖြင့် (ဂဏ္ဌိ) ။

နံပါတ် (၂)

(ခ) သို့ **အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (က)ဖြင့် အလိုလိုပေါက်၍ မစိုက်ပျိုးအပ်သော အပိုင်းအခြားနှင့်တကွဖြစ်သော ကြီးသောတောသည် မဟာဝုန်တောမည်၏-ဟု ဝိသေသနနှင့်တကွ ဖွင့်ပြတော် မူအပ်၏။ယင်းသို့ဆိုသော် အပရိစ္ဆေဒ မဟာဝုန်တော ရှိသော် ထိုဝိသေသနသင့်ရာ၏၊မရှိသော် မသင့်ရာသည်မဟုတ်ပါလော။အပရိစ္ဆေဒ မဟာဝုန်တော ရှိ/မရှိကို အသို့သိနိုင်ပါအံ့နည်း။ဤသို့စုဒ်ကြောင့် (ခ) မိန့် (ဂဏ္ဌိ) **ကား။** ။ကပိလဝတ် အနီး၌ဖြစ်သော မဟာဝုန်တောသည် ဟိမဝန္တာနှင့်တကွ ဆက်စပ်နေသောကြောင့် အပိုင်းအခြား မရှိ၊ မဟာသမုဒ္ဒရာသို့ ထိရောက်၍ တည်၏။ ထိုကြောင့် သပရိစ္ဆေဒ်ဟု ဝိသေသနနှင့်တကွ ငါဖွင့်ဆို၏ ဟူလို။

**မှတ်ချက်။** ။မဟာဝနေ ကူဋာဂါရသာလာယံ-ဟု ပါဠိတော်၌ သာမညဆိုလျက် ဤ၌ သပရိစ္ဆေဒံ မဟန္တံ ဝနံ-ဟု ဝိသေသနနှင့်တကွဆိုသည်ကို မနှစ်သက်၍ တက်သည်။

**မဟာဝနေ ကူဋာဂါရသာလာယံ-ဟု ပါဠိတော်၌ သာမညဆိုထားသည်မဟုတ်လောဟူ၍လည်းအာဘော်ထားနိုင်သည်။**

**(ဂ)သို့ ပုစ္ဆာ။** ။ဆရာ (ခ) ဖြင့် ကပိလဝတ်အနီး၌ ဖြစ်သော မဟာဝုန်တောသည် ဟိမဝန္တာနှင့်တကွ ဆက်စပ်၏၊အပိုင်းအခြားမရှိသည်ဖြစ်၍ သမုဒ္ဒရာကို ထိလျက် ်ည်၏ဟု ဖွင့်ပြအပ်၏။ဤ၌ ထိုကပိလဝတ် အနီး၌ရှိသောတောကို အလိုမရှိအပ်သည် မဟုတ်ပါလော။အဘယ်ကြောင့် ထိုသို့ ဆိုအပ်ပါသနည်း။ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

**ကား။** ။ဤ၌ အလိုရှိအပ်သော မဟာဝုန်တောသည် ကပိလဝတ်အနီး၌ ဖြစ်သော မဟာဝုန် တောကဲ့သို့ ရှုအပ်သည်မဟုတ်၊ အလျဉ်းသင့်၍ ဆိုအပ်၏ ဟူလို။

နံပါတ် (၃)

(က) ဝါကျ-ဝိဂ္ဂဟ။ (နိယံ-အလို) မဟာဝနံ-၏သရူပတ္ထ အဓိပ္ပါယတ္ထကိုချဲ့။ တစ်နည်း-ပက္ခန္တရ။ (ဆရာအလို)-အပေါင်း သံဝဏ္ဏနာပြ။

(ခ) ဝါကျ-ဒဠှီကရဏ။သပရိစ္ဆေဒံ-ဟု ဝိသေသန-မ၍ ဆိုနိုင်ပုံ အသင့်ယုတ္တိကိုပြ၏။(ဂဏ္ဌိ)တစ်နည်း-ဝိဂ္ဂဟ။ (နိယံ-အလို)မဟာဝနံ-၏ သရူပတ္ထ အဓိပ္ပါယတ္ထ ကိုချဲ့။ တစ်နည်း-ပက္ခန္တရ။(ဆရာအလို)အပေါင်းသံဝဏ္ဏနာမှ တစ်ပါး အစိတ်သံဝဏ္ဏနာကိုပြ။တစ်နည်း- ဝါကျာရမ္ဘ။အပရိစ္ဆေဒမဟာဝနံကိုဆက်ပြ။ (ဘာဋီ)တစ်နည်း-ဝိသေသန၊ပက္ခန္တရ။ပန-ရှု (အဲနွယ+ဗျတိရေက)

(ဃ)ဝါကျ-ဝါကျာရမ္ဘ ဝိဂ္ဂဟကို ဆက်လက်ပြ။

နံပါတ် (၄)

**ရောပိမ။** ။**ရောပိယတောတိ ရောပိမံ။ (ရုဟာ+ဏာပေ+မ)**

ရုဟာ-ဓာတ်အရ သုဒ္ဒကတ္တား၌-တော၏ ဥပ္ပါဒဘောသည်မှချ။ဟေတုကတ္တား၌

http://www.dhammadownload.com



စိုက်ပျိုးသူ၏သတိ,ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် ဖလူ။ဟေတုကမ္မတ္ထ-ဥပ္ပါဒဘော၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူ။မ-ပစ္စည်းအရ ထို-သော တော၃ြဗ်ရ၏။
(ဤကား ပေါက်စေအပ်သောဟူသော သဒ္ဒတ္ထ-အလိုကောက်ပုံတည်း။)

**နိယံ။** ။ဟေတုသာမ်မျိုး၊ကြောင်း,ကျိုးကြိယာ၊ဤနှစ်ဖြာတွင်၊ကျိုးမှာမုချ၊ကြောင်းမှာ ဖလူ။ (သုဒ္ဓကမ္မဋ္ဌနှင့်အတိုင်းကောက်)

**တစ်နည်း။** ။ဟေတုကတ္တုဋ္ဌကြိယာ သတိ, ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်မုချ။ ဟေတုကမ္မဋ္ဌကြိယာ-တော၃ြဗ်၏ ပကတူပနိဿယပစ္စယသတ္တိသည် ဖလူ။မ-ပစ္စည်းအရ ထို-သော တော၃ြဗ်ရ၏။

**အရောပိမ။** ။န ရောပိမံ အရောပိမံ

န-အရ အညဘောဂုဏ်ရ၏။ထို-၏ မစိုက်ပျိုးအပ်သောတောနှင့် ဂုဏ်+ ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသည်ဌာန။ပုဒ်လုံးအရ ထို-သော စိုက်ပျိုးအပ်သောတောမှတစ်ပါး မစိုက်ပျိုးအပ်သောတော ရ၏။

(ဘာဠီအရ ရောပေနံ နိဗ္ဗတ္တံ ရောပိမံ-ဟု နိဗ္ဗတ္တတဒ္ဓိတ်၊ဣမ-ပစ္စည်းစိုက်ပျိုး ခြင်းကြိယာ၏ သစ်ပင်နှင့် ကာရဏ+ဖလ စပ်။)

**သပရိစ္ဆေဒံ။** ။ သဝိဇ္ဇတိ ပရိစ္ဆေဒေါ ဧတဿတိ သပရိစ္ဆေဒံ။

သပရိစ္ဆေဒ-ဟူသော သမာသ်ပုဒ်လုံးအရ အပိုင်းအခြား၏ ထင်ရှားရှိခြင်းဂုဏ် သည် မုချ။ထို-၏ ဧတ-အညပုဒ်အရ မဟာဝုန်တောနှင့် ဂုဏ်+ဂုဏေး/နိဿယ+နိဿိတ စပ်ခြင်းသည်ဌာန။ဧတ-အညပုဒ်အရ-ထို သော အပိုင်းအခြားထင်ရှားရှိသော မဟာဝုန် တောရ၏။

**ဝတ္ထု။** ။ ဝသတိ ဧတ္ထာတိ ဝတ္ထု။ (နေရာအရပ်)

**ကပိလဝတ္ထု။** ။ ကပိလဿ ဝတ္ထု ကပိလဝတ္ထု။ (သခ်ိမ်းကျောင်း)

ကပိလ-အရ ကပိလရသေ့ ရ၏။ထို-၏ ဝတ္ထု-အရ ကျောင်းအာရာမ်နှင့်ဌာနီ+ ဌာန စပ်ခြင်းသည် ဌာန။ပုဒ်လုံးအရ- ထို သော ကပိလရသေ့၏ သခ်ိမ်းကျောင်းရ၏။ ထိုသို့ပင် ရပြားသော်လည်း ကပိလဝတ္ထုသဒ္ဒါသည် ဌာနူပစာသဒ္ဒါဖြစ်သောကြောင့် ထိုကျောင်းသခ်မ်းအရင်း၌ တည်ထားအပ်သော ကပိလဝတ္ထုမြို့ရ၏။

**ဟိမဝါ။** ။**ဟိမံ ဝမတီတိ ဟိမဝါ**။(ဟိမသဒ္ဒူပဒ+ဝမု+ကွိ+ဂုဏာဝါဒိဂိုဏ်း)

**ဟိမံ ဧတ္ထ အတ္ထီတိ ဟိမဝါ**၊ (ဟိမပုဒ်+ဝန္တုပစ္စည်း)

ဟိမ-အရ ဆီးနှင်းရ၏၊ထို-၏ ဝန္တု-ပစ္စည်းအရ ဟိမဝန္တာတောနှင့် ဌာနီ+ဌာန စပ်ခြင်းသည် ဌာန။ဝန္တု-ပစ္စည်းအရ ထို သော ဆီးနှင်းရှိသော ဟိမဝန္တာတော ရ၏။

**အပရိစ္ဆေဒံ။** ။ နတ္ထိ ပရိစ္ဆေဒေါ ဧတဿတိ အပရိစ္ဆေဒံ။

န ပရိစ္ဆေဒ သမာသ်ပုဒ်လုံးအရ အပိုင်းအခြား မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ထို ၏ ဧတ-အညပုဒ်အရ ကပိလဝတ်အနီး မဟာဝုန်တောကြီးနှင့် ဂုဏ်+ဂုဏေး,

http://www.dhammadownload.com



ဌာနီ+ဌာန စပ်ခြင်းသည်ဌာနူ။တေ-အညပုဒ်အရ ထို-သော မဟာဝုန်တောကြီးရှ၏။

**ကူဋာဂါရံ။** ။ **ကူဋေန ယောဇိတံ အာဂါရံ ကူဋာဂါရံ**။အတွင်+ကျောင်း နိဿယ+.
နိဿိတစပ်၊

**ဂန္ဓကုဋိ။** ။ **ဂန္ဓေဟိ ပဋိဘာဝိတာ ကုဋိ ဂန္ဓကုဋိ**။

**တာဒိသံ။** ။ **တမိဝ နံ ဒိဿတီတိ တာဒိသံ**။

နံပါတ် (၅)

**ရောပိမံ** ။ ။ရုဟ+ဏာပေ+မ။

**ပရိစ္ဆေဒံ** ။ ။ပရိ+ဆိဒ+ဏ။

**ဝတ္ထု** ။ ။ဝသ+ရတ္ထု။

**မဟန္တံ** ။ ။မဟ+အန္တ။ မဟီယတေ ပူဇီယံတေတိ မဟန္တံ။

**ကပိလ** ။ ။ကဗ+အလ။ (ဗသ္သ ပေါ၊ အ-ဣပြု)

**ဟိမ** ။ ။ဟိ သ+အ။ ဟိံသတီတိ ဟိမံ၊ သဿ မော၊
နိဂ္ဂတိတလောပေါစ။တစ်နည်း-ဟိ+မ။ဟိနောတိ ဝဍ္ဍတီတိ ဟိမံ။

**သမုဒ္ဒ** ။ ။သံ+ဥဒိ+ဒ။သမ္မာ ဥန္ဒတိ ပသဝတိအသ္မာ အာပါနီတိ
သမုဒ္ဒေါ။

**အာဟစ္စ** ။ ။အာ+ ဟန+တွာ။

**အာရာမ** ။ ။အာ+ရမု+ဏ။ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော၊

**အာဂါရံ** ။ ။အဂ+ရာ+ကွိ။အဂေ ထမ္ဘာဒယော ရာတိ ဂဏှာတီတိ
အဂါရံ။ရဿသ္သ ဒီဃတ္တေ အာဂါရံ။

**ဟံသ** ။ ။ဟန+သ။ ဟန္တိ အဒ္ဓါနန္တိ ဟံသော။

**ကျက်ရန်။** ။ဂန္ဓတေတု ဝသာစာပိ၊ဂမုတေတု ဝသေနဝါ၊
ဂမု တ တေတုတောဝါပိ၊ဂန္ဓသဒ္ဒံကတိ ဝဒေ။
ဂန္ဓ/ဂမု/တ/အ။

နံပါတ် (၆)

(က) **မဟန္တံ ဝနံ-ဖြင့်** မဟာဝနံ-ပုဒ်ကို မဟန္တ္တ တံ ဝနဉ္စာတိ မဟာဝနံဟု ကမ္မဓာရည်းသမာသ် ဝစနတ္တ ပြုအပ်သည်၏အဖြစ်ကိုလည်းကောင်း၊မဟာ-သဒ္ဒါသည် မဟန္တသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်းကောင်း သိစေပါသည်။(သမာသလိင်္ဂပဒ၊နာမလိင်္ဂပဒ။)သယံ **ဇာတံ အရောပိမံ သပရိစ္ဆေဒံဖြင့်** ထိုမဟာဝုန်တောသည် အလိုလိုမစိုက်ပျိုးအပ်ဘဲ ပေါက်အပ်သည်ဖြစ်၍ အပိုင်းအခြားနှင့်တကွဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ။)

**ဗုဒ္ဓဿ ဘဂဝတော ဂန္ဓကုဋိ-ဖြင့်** ကူဋာဂါရသာလာအရ မြတ်စွာဘုရား၏ ဂန္ဓကုဋိ ကျောင်းတော်ကို ကောက်ယူရမည်ကို သိစေပါသည်။(သရုပ်ကြား အာဘိဓေယျတ္ထ)

http://www.dhammadownload.com



**ကတော အာရာမေ ကုဋ္ဌာဂါရံ အနွော ကတ္တာ-ဖြင့်** ကူဋ္ဌာဂါရသာလာ-ပုဒ်ကို ကူဋံ ဧတ္တ အတ္ထီတိ ကူဋံ (ကူဋမေဝ အာဂါရံ ကူဋ္ဌာဂါရံ) ကူဋ္ဌ တံ အာဂါရဉ္စာ တိ ကူဋ္ဌာဂါရံ၊ကူဋ္ဌာဂါရမေဝ သာလာ ကူဋ္ဌာဂါရသာလာ-ဟု ဝစနတ္ထ ပြုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊အထွဋ်ရှိသော ကျောင်းဆောင်ကို အတွင်းပြု၍ ဆောက်လုပ်အပ်သောကြောင့် ကူဋ္ဌာဂါရသာလာ-မည်၏ဟူသော အဓိပ္ပါယ်ကိုလည်း ကောင်းသိစေပါသည်။

**ဟံသဝဋ္ဋကစ္ဆဒနေန ကတာ-စသည်ဖြင့်** ယင်းကျောင်းတော်ကို ဟင်္သာတောင်ကဲ့သို့ အလယ်ဆောင်မ၏ လေးဘက်၌ အမိုးနှင့်တကွ စကြံဆောင် ပါရှိသည်၏အဖြစ်ကိုသိစေပါသည်။ **မဟာဝနံ နိဿာယဖြင့်** ယင်းဆောင်တော်သည် မဟာဝုန်တောတွင်း၌ ဆောက်လုပ်အပ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ဟံသဝဋ္ဋကစ္ဆဒနေန/ဟံသဝဋ္ဋကစ္ဆန္နေန...**

ဟံသဝဋ္ဋကစ္ဆန္နေနာတိ ဟံသမဏ္ဍလာကာရ ဆန္နေန-ဟု သီ၊ဋီ၊သစ်-၌ ဖွင့်ဆိုသောကြောင့် ယင်းအလို ဟံသဝဋ္ဋကစ္ဆန္နေန-ပါဌ်သင့်။

ဟံသဝဋ္ဋကစ္ဆဒနေနာတိ ဟံသဝဋ္ဋကပဋိစ္ဆန္နေန-ဟု ဝိမတိ သာရတ္ထတို့၌ဖွင့်ဆိုသောကြောင့် ယင်းတို့အလို ဟံသဝဋ္ဋကစ္ဆဒနေန-ပါဌ်သင့်။

ဟံသာနံ ဝဋ္ဋကော ဟံသဝဋ္ဋကော၊ဟံသဝဋ္ဋကေန သဒိသံ ဆဒနံ ဟံသဝဋ္ဋကစ္ဆဒနံ၊ (ယောဇနာ)ဝဋ္ဋတိ အာဝဋ္ဋတီတိ ဝဋ္ဋကံ၊ ဟံသသ ဝဋ္ဋကံ ဟံသဝဋ္ဋကံ။ဟံသဝဋ္ဋကံ ဝိယ ဆန္နံ ဟံသဝဋ္ဋကစ္ဆန္နံ။ (ဘာဋီ)

နံပါတ် (၈)

**ကူဋ္ဌာဂါရသာလာ**။ ။အစိတ်ဖြစ်သော စုလစ်မွန်းချွန် အထွဋ်တပ်အပ်သော ဂန္ဓကုဋီကျောင်းတော်ကို ဆိုသဖြင့် အပေါင်းဖြစ်သော အလုံးစုံသော သံဃအာရာမ်ကိုလည်း ရသောကြောင့် ဧကဒေသူပစာ။ဥပလက္ခဏာနည်း။

**ကပိလဝတ္ထု**။ ။ဌာနဖြစ်သော ကပိလရသေ့၏ ကျောင်းနေရာ၏ ကပိလဝတ္ထုအမည်ကို ဌာနီဖြစ်သော ယင်းကျောင်းနေရာဝယ် ဖန်ဆင်းထားအပ်သော မြို့၌လည်းတင်စား ဌာနူပစာ။ ကာရဏူပစာ။ ဌာနကျောင်းနေရာကို ဆိုသဖြင့် ဌာနီမြို့ကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

သခ်ိမ်းကျောင်းတည်းဟူသော ရှေး၌ ဖြစ်ဖူးသော အလားအားဖြင့် ကပိလဝတ္ထုအမည်ကို ကပိလမြို့တော်ဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း။

**ကတောအာရာမေ**။ ။အကျိုးဖြစ်သောကျောင်း အာရာမ် ဆောက်လုပ်ခြင်း၏ ကတေ အာရာမေ အမည်ကို၊အကြောင်းဖြစ်သော သစ်၊ဝါး၊ဒိုင်း၊မှျား၊ အခြင်၊ရနယ် စသောအဆောက်အအုံ ဆောက်လုပ်ခြင်း၌တင် ဖလူပစာ။ အဝိနာဘာဝနည်း။

http://www.dhammadownload.com



**ဟိသ။** ။တစ်ကောင်လုံး၏ အမည်ကို အစိတ်အတောင်၌တင် ဧကဒေသူပစာ။ **ဟိမဝန္တေန-၌ ဟိမဝါ။** ။ထင်ရှားရှိသော ဖျို့အံနိုင်ကောင်းသော အရာဝတ္ထု၏ အမည်ကို ထင်ရှားမရှိသော ဖျို့အံမှု မရကောင်းသော တောင်၌တင် တဒ္ဓမ္မူပစာ။ (ဝိဂ္ဂဟာရှု)

နံပါတ် (၁၀)

**ဝန-၏ ဝေဝစနာဟာရနေတ္တိ…**

ဝေဝစနံ ယောဓေတိ ဓေနာတိ ဝေဝစနံ-ဟူသော ဝစနတ္တနှင့်အညီ သုတ်၌လာသော တစ်ခုသောတရား၌ များစွာသော ဝေဝုစ်ကို ယှဉ်ကြောင်း ဖြစ်သောကြောင့် ဝေဝစနဟာရနေတ္တိနည်း မည်၏။

အဘယ်သို့ ယှဉ်သနည်းဟူမူ ဝန-သဒ္ဒါ၏ ဝေဝုစ်ကို အရညံ့,ကာနနံ,ဒါယော ဂဟနံ,ဝိပိနံ,ဝနံ,အဋ္ဌဝီ ဤသို့ စသည်ဖြင့် ယှဉ်အပ်၏။

ဤသို့လျှင် သုတ်၌လာသော တစ်ခုသောတရား၌ များစွာသော ဝေဝုစ်ကိုယှဉ်ခြင်းသည် ဝေဝစနဟာရ မည်၏ဟူလို။

************

## ဝါကျစဉ် (၃)

(က) အာဒိဿ အာဒိဿ အသုဘသမာပတ္တိယာ ဝဏ္ဏံ ဘာသတိတိ ""ဧဝမ္ပိ ဣတ္ထမ္ပိ"" တိ ပုနပ္ပုနံ ဝဝတ္ထာနံ ကတွာ အာဒိသန္တော အသုဘသမာပတ္တိယာ ဝဏ္ဏံ ဘာသတိ။

(ခ) အာနိသံသံ ကထေတိ၊ ဂုဏံ ပရိကိတ္တေတိ။

(ဂ) သေယျထိဒံ-

(ဃ) ""အသုဘသညာပရိစိတေန ဘိက္ခဝေ ဘိက္ခုနော စေတသာ ဗဟုလံ ဝိဟရတော မေထုနသမာပတ္တိယာ စိတ္တံ ပတိလီယတိ ပဋိကုဋ္ဋတိ ပတိဝတ္တတိ န သမ္ပသာရိယတိ။

(င) ဥပေက္ခာ ဝါ ပါဋိကူလျတာဝါ သဏ္ဌာတိ။ (ဝိ၊ ၄၊ ၂။ ၄။)

**************

နံပါတ်(၁)

(က)အသုဘသမာပတ္တိ-အသုဘသမာပတ်သည်။(ထည့်)ဧဝမ္ပိ-ဤသို့လည်း။(ယောဇိ)ဣတ္ထမ္ပိ-ဤအချင်းအရာအားဖြင့်လည်း။(ယောဇိ)ပုနပ္ပုနံ-ထပ်ထပ်ခါခါ။ဝဝတ္ထာနံ-ပိုင်းခြားသတ်မှတ်ခြင်းကို။

(ဃ)အသုဘသညာပရိစိတေန-အသုဘသညာသည်အဖန်ဖန် စီမြန်းအပ်သော။ (ဝါ)အသုဘသညာသည်ထုံမွမ်းအပ်သော။စေတသာ-စိတ်ဖြင့်။ဗဟုလံ-အကြိမ်များစွာ။ (ဝါ)မပြတ် မလပ်။မေထုနသမာပတ္တိယာ-မေထုန်အကျင့်သို့ ရောက်ခြင်းမှ။ပတိလီယတိ-တစ်ခုသော နံပါး၌ ပုန်းအောင်းသကဲ့သို့ဖြစ်၏။ပဋိကုဋ္ဋတိ-တွန့်ဆုတ်၏။ပတိဝတ္တတိ-

http://www.dhammadownload.com



ပြန်နစ်၏။န သမ္ဗာသာရိယတိ-မပျံ့နှံ့။(သဒ္ဒတ္ထ)ဝါ-အလွန်နေမွေ့လျော်ခြင်း၏ အစွမ်းဖြင့် မပြေးဝင်။(အဓိပ္ပါယတ္ထ။)

(င)ဥပေက္ခာဝါ-လျစ်လျူရှုခြင်းသဘောသည်သော်လည်းကောင်း။ပါဋိကုလျတာဝါ-စက်ဆုတ်ဖွယ်၏ အဖြစ်သည်သော်လည်းကောင်း။သဏ္ဌာတိ-ကောင်းစွာတည်၏။ ရှင်းချက်။ ။ပဋိလီယတီတိ ဧကပဒေသေန နိလီယတိ နိလိနံ ဝိယ ဟောတိ။ပဋိကုဋ္ဋတီတိ သင်္ကုစတိ။ပတိဝတ္တတီတိ နိဝတ္တတိ။န သမ္ဗာသာရိယတီတိ န ဝိသရတိ။အဘိရတိဝသေန န ပက္ခန္ဒတီတိ အတ္ထော။အထဝါ ပဋိလီယတီတိ သင်္ကုစတိ တတ္ထ ပဋိကုလတာယ သဏ္ဌိတတ္တာ။ပဋိကုဋ္ဋတီတိ အပသက္ကတိ န ဥပသက္ကတိ။ပတိဝတ္တတီတိ နိဝတ္တတိ။တတော ဧဝ န သမ္ဗာသာရိယတီတိ။(သာရတ္ထ၊၂။၁၇၈။)ထောက်၍ ယင်းပုဒ်များ၌ အနက်ပေးနည်း(၂)နည်း ပေးတတ်ရန်နှင့်၊ဟောတာလင်္ကာရ အနက်ပေးနည်းများမေးနိုင်သည်ကို သတိပြုရန်။

## နံပါတ်(၂)

(ဃ) သို့။ ။ဆရာ(ဂ)ဖြင့် အသုဘသမာပတ်၏ဂုဏ်ကား အဘယ်နည်းဟူသော ပုစ္ဆာကိုဆို၏။ယင်းသို့ဆိုသော် ပုစ္ဆာသည်ဝိသဇ္ဇနာနှင့်မကင်းကောင်းသည်မဟုတ်ပါလော၊ ဝိသဇ္ဇနာကိုမပြဆိုပဲ မနေသင့်၊ဝိသဇ္ဇနာကားအဘယ်ပါနည်း၊ဤသို့စုဒ်ကြောင့်(ဃ)မိန့်။
(င)သို့။ ။ဆရာ(ဃ)ဖြင့် မေထုနဓမ္မသို့ ရောက်ခြင်းငှါ စိတ်သည်မပျံ့နှံ့ဟု ဗျတိရေက ကိုဖွင့်ပြတော်မူအပ်၏။မေထုနဓမ္မသို့ရောက်ခြင်းငှါ စိတ်မပျံ့နှံ့ဟူသည်အဘယ်ပါနည်း။နာမ်တရားဖြစ်သောစိတ်၏ မေထုနဓမ္မသို့ ရောက်ခြင်းငှါ မပျံ့နှံ့ပုံကိုအကျယ်အားဖြင့် မပြဆိုပြီလော၊စုဒ်ကြောင့်(င)မိန့်။
ကား။ ။မေထုနဓမ္မသို့ရောက်ခြင်းငှါ မပျံ့နှံ့ခြင်းဟူသည် မေထုနဓမ္မ၌ လျစ်လျူရှုခြင်းသဘောသည်သော်လည်းကောင်း၊စက်ဆုတ်ဖွယ်အဖြစ်သည်သော်လည်းကောင်း ထင်ခြင်းပင် ဖြစ်၏ဟူလိုသော်..။

## နံပါတ်(၃)

(ခ)ဝါကျာရမ္ဘ။ဝဏ္ဏသဒ္ဒါသည် သဏ္ဌာနဌ၌မဖြစ်၊အနိသံသတ္ထ၌ဖြစ်သည်ကို ဆက်လက်ပြဆိုသောကြောင့်တည်း။(ဂ)ပုစ္ဆာဝါကျ။တစ်နည်း-စကားပျိုးသင်္ခေပ။(ဃ)ဝိသဇ္ဇနာ တစ်နည်း-စကားရိုဝိတ္ထာရ။ထိုတွင်-န သမ္ဗာသာရိယတီသည် ဗျတိရေက။(င) အန္ဝယ။ တစ်နည်း-ဝါကျာရမ္ဘ။
ဘိက္ခုနော ကား ၏ပေးသောကြောင့်၊စိတ္တံ၌ သမ္ဗန်/သမ္ဗန္ဓီစပ်။

## နံပါတ်(၄)

**အသုဘသညာပရိစိတေန။ ။ အသုဘန္တိ ပဝတ္တာ သညာ အသုဘသညာ ။ အသုဘသညာယ ပရိစိတံ အသုဘသညာပရိစိတံ။**

အသုဘဟူသောဝိသေသနပုဒ်အရ အလုံးစုံသော မိမိကိုယ်ခန္ဓာ၏ မတင့်တယ်

http://www.dhammadownload.com



သော အချင်းအရာသည်မှချ။ထို၏-မတင့်တယ်သောအချင်းအရာကို အာရုံပြု၍ ဖြစ်သော သညာနှင့် အာရုံ/အာရမ္မဏိက အစပ်သမ္ဗန်သည် ဌာန္။သမာသ်ပုဒ်လုံးအရ အသုဘ ဟူ၍ ဖြစ်သော သညာရ၏။

**ပါဋိကူလျတာ။** ။ **ပဋိကူလတိ အာဝရတီတိ ပဋိကူလံ**။(ဓာန်၊ဋီ၊၇၁၉။)

**တဿ ဘာဝေါ ပါဋိကူလျံ။ တံယေဝ ပါဋိကူလျတာ။**

ပဋိကူလအရ မေထုန်၏ စက်ဆုပ်ဖွယ်သဘောသည်မှချ။ထို၏ ဏျပစ္စည်းအရ စက်ဆုပ်ဖွယ်သဘော၏ဖြစ်ကြောင်းဖြစ်ရာ အသုဘဘာဝနာနှင့်နိဿယ/နိဿိတအစပ် သမ္ဗန်သည် ဌာန္။ဏျပစ္စည်း ထို··သော အသုဘဘာဝနာရ၏။

မအူသျှ၌ **ပဋိကူလျတေတိ ပဋိကူလံ** ဟု ကမ္မသာဓနဆိုသည်။

နံပါတ်(၅)

| | |
|---|---|
| **အာဒီသ။** | ။အာ+ဒိသ+တွာ။ |
| **ဝဝတ္ထာန်။** | ။ဝိ+အဝ+ဌာ+ယု။ |
| **အသုဘ။** | ။န+သုဘ+အ။ |
| **အာနိသံသ။** | ။အာ+နိ+သံသ+အ။ |
| **ဝိဟာရတော။** | ။ပုံလိင်၊ဂစ္ဆန္တာဒိဂိုဏ်း၊အ-ကာရန်။သ-ဝိဘတ်။ |

နံပါတ်(၆)

(က)ဝေဓိ။ပ။**ကတွာဖြင့်အာဒိသ၌** အာဒိသနာကာရ(ညွှန်းပြပုံအချင်းအရာ)ကို သိစေ။အာဒိသန္တောတိ အာဒိသံဟုဆိုလိုလျက်၊သမ္ဗာနမုသာဝါဒေ၌ နိဂ္ဂဟိတ်ကျေသော သမ္ဗာနပုဒ်ကဲ့သို့ အာဒိသပြီးသည်ကို သိစေ။(ဂဏ္ဌိဟောင်း)

**ရှင်းချက်။** ။အာဒိသန္တတည်၊သိသက်၊န္တကိုန္တကိုကဲ့သို့ငဲ၊သိနှင့်တကွန္တ ကို အံပြု၊အာဒိသံပြီး၏။ယင်းအလို "အာဒိသ အာဒိသ" ဟုသံယုတ်မဲ့သာရှိမည်။ အာ+ဒိသ+ဒိဝါဒိယ+အန္တကြံသော် အာဒိဿ အာဒိဿ-ဟု သံယုတ်နှင့်ရှိနိုင်၏။

**တစ်နည်း။** ။အာဒိသန္တောကား အာဒိဿ၏အဖွင့်မဟုတ်၊အာဒိဿ အာဒိဿ ဝဏ္ဏံ ဘာသတိ-တို့၌ ရအပ်သောအနက်အားလျော်စွာ ကတွာကို ထုတ်ပြလို၍ အာဒိသန္တော ဟုဆိုသည်။ဤအလို အာဒိဿကား တွာပစ္စယန္တပုဒ်တည်း။

(ခ)**အာနိသံသံဖြင့်** ဝဏ္ဏသဒ္ဒါသည် သဏ္ဌာနအနက်၌ မဖြစ်၊အာနိသံသအနက် ၌ဖြစ်သည်ကိုသိစေ။**ကထေတီဖြင့်** ဘာသတိ၌ဘာသဓာတ်၏ ကထနအနက်၌ ဖြစ်သည် ကိုသိစေ။**ဂုဏံ ပရိကိတ္တေတိဖြင့်** အကျိုးကိုပြော၏ဟူသည် ဂုဏ်ကို ချီးမွမ်းခြင်ပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။

နံပါတ်(၇)

**အာဒိသ အာဒိသ/အာဒိဿ အာဒိဿ...**

(၆)နံပါတ်ရှု ဖြေပါ။

http://www.dhammadownload.com



**မေထုနဓမ္မသမာပတ္တိယာ/မေထုနဓမ္မသမ္ပတ္တိယာ…**

မေထုနဓမ္မေန သမ်ဂီဘာဝတော-ဟု သာရတ္ထ၊၂။၁၇၈။၌ ဆိုသောကြောင့် သံ+ပဒ+ဓာတ်သည်သာ သမ်ဂီအနက်ဟော၍၊ဘာဝတောဖြင့် တိပစ္စည်း ဘာဝသာဓနအနက်၌ ဖြစ်၏၊ထိုကြောင့် မေထုနဓမ္မသမ္ပတ္တိယာ ပါဠိသင့်။သံ+အာ+ပဒဓာတ်ကား ရောက်ခြင်း ပတ္တိအနက်ကိုသာ ဟော၏။သမ်ဂီအနက်မဟော၊ထိုကြောင့် မေထုနဓမ္မသမာပတ္တိယာ-ပုဒ်မသင့်။ဋီကာ၌ ရှိသော မေထုနဓမ္မသမာပတ္တိယာတိကား ပါဌ်မှားလျက်ရှိသည်ဟု ဘုရားကြီးတိုက်၊အမရပူရကျောင်းဆရာတော်မိန့်။

နံပါတ်(၉)

**အသုဘသညာ**။။ဌာနီသညာ၏အမည်ကို ဌာနျရှန်၌တင်စားဆိုသောကြောင့် ဌာနျူပစာ။ အဝိနာဘာဝနည်း။**တစ်နည်း**-အသုဘဟု ဖြစ်သောသညာနှင့်တကွဖြစ်သော ဈာန်ကိုလည်း အသုဘသညာဟုဆိုသောကြောင့် သဟစရဏနည်း။

[**အသုဘသညာပရိစိတေနာတိ သကလံ ကာယံ အသုဘန္တိ ပဝတ္တာယ သညာယ သဟဂတတ္တာ ဈာနံ အသုဘသညာ**။]သာရတ္ထ။

**မေထုနသမာပတ္တိယာ**။ ။မေထုသမာပတ်ဟူသောအစိတ်ကိုမှတ်၍ဆိုသဖြင့် အဒိန္နာဒါန၊ကာမေသုမိစ္ဆာစာရ ဟူသောအပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏာနည်း၍၊

**စိတ္တံ ပဋိလီယတိ**။။ထင်ရှားရှိသော တွန့်ဆုပ်တတ်သော သဘောရှိသော ကြက်တောင်, အကြောပိုင်းတို့၏ တွန့်ဆုတ်ခြင်းအမည်ကို ထင်ရှားမရှိသော တွန့်ဆုတ်မှုမရှိသော စိတ်၌ တင်စား တဒ္ဓမ္မူပစာ။

နံပါတ်(၁၀)

**ဥပေက္ခာ ဝါ**-အသုဘဘာဝနာလျှင်အာရုံရှိသော ဈာန်နှင့်ယှဉ်သော ဥပေက္ခာ ဝေဒနာကောက်။

*************

ဝါကျစဉ် (၄)

(က) တံ ဘဂဝါ အဒ္ဒသ၊

(ခ) ကမ္မဝိပါကော နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ။

(ဂ) တေသုစ ဘိက္ခူသု ပုထုဇ္ဇနာပိ အတ္ထိ သောတာပန္နသကဒါဂါမိအနာဂါမိ ခီဏာသဝါပိ။

(ဃ) တတ္ထ ခီဏာသဝါ အပ္ပဋိသန္ဓိကာ၊ ဣတရေ အရိယသာဝကာ နိယတဂတိကာ သုဂတိပရာယဏာ။

(င) ပုထုဇ္ဇနာနံ ပန ဂတိ အနိယကာ၊

(စ) **အဋ္ဌိယန္တီတိ** သကေန ကာယေန အဋ္ဌာ ဒုက္ခိတာ ဟောန္တိ။(ဝိ၊ ဋ္ဌ၊၂။ ၄/၅။)

*************

http://www.dhammadownload.com



နံပါတ် (၁)

(က) တံ-ဩကာသကရဏံ၊ ထိုအခွင့်ကိုပြုခြင်းကို။

(ခ) ကမ္မဝိပါကောစနာမ၊ ကံ၏ အကျိုးမည်သည်ကိုလည်း။ (စ・ကို-လှမ်း)

(ဂ) တေသုစ ဘိက္ခူသု၊ တို့တွင်လည်း။ပုထုဇ္ဇနာ၊ဖြစ်ကုန်သော။ဘိက္ခူပိ၊တို့သည်လည်း။(ထည့်)သောတာပန္နသကဒါဂါမိအနာဂါမိခီဏာသဝါ၊ကုန်သော။ဘိက္ခူပိ၊တို့သည်လည်း။အတ္ထိ။

(ဃ)တတ္ထ၊ တေသုဘိက္ခူသု၊ တို့တွင်။ ဣတရေ၊ ဤရဟန္တာဖြစ်ကုန်သော ရဟန်းတို့မှ တစ်ပါးကုန်သော။အရိယသာဝကာ၊ အရိယဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သား ဖြစ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန်းတို့သည်။သုဂတိပရာယဏာ၊ကောင်းသောလားကုန်ရာလျှင် လဲလျောင်းရာရှိကုန်၏။

(စ)အဒ္ဒသာ-ဒက္ခိတာ၊ ဆင်းရဲကုန်သည်တို့၏ အဖြစ်သို့ရောက်ကုန်သည်။

နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ဖြင့် ထိုရဟန်းတို့၏ အသွက်ကို သတ်ဖြတ်ခြင်း အကြောင်းအရာကို မြတ်စွာဘုရား မြင်တော်မူ၏ဟု ဖွင့်ပြတော်မူအပ်၏။ထိုသို့မြင်သော် မြတ်စွာဘုရားသည် တားမြစ်ကောင်းရာသည် မဟုတ်ပါလော။အဘယ်ကြောင့် မတားမြစ် အပ်ပါသနည်း။ဤသို့စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) ဝါကျစသည်သို့ စောဒနာ။** ။ဆရာ (ခ) ဖြင့် ကံ၏အကျိုးတရားကို တစ်စုံတစ်ယောက်သည် တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် မြတ်စွာဘုရားသည် မြင်လျက်၊မတားမြစ်ဟု ဖွင့်ဆိုတော်မူအပ်၏။ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် အသုဘကမ္မဋ္ဌာန်းကိုဟော်တော်မူအပ်ပါသနည်း။မဟောသင့်သည်မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ဂ) စသည်မိန့်။

**(င) ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (ဃ) ဝါကျဖြင့် အရိယပုဂ္ဂိုလ်တို့၏ သုဂတိ မြဲသည်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သုဂတိမမြဲသည်ကို ဖွင့်ပြတော်မူလိုသော ဆရာသည် (င) မိန့်။

**ကျမ်းတက်သော်။** ။အရိယာပုဂ္ဂိုလ်တို့နည်းတူ သုဂတိမြဲ၏ဟူ၍သာမှတ်သားအပ်ပါသလော ဟု အာတော်ထားပါ။

နံပါတ် (၃)

(ခ)ဝါကျ-ကာရဏာ-မတားမြစ်ရခြင်း၏ အကြောင်းပြ။

(ဂ)ဝါကျ-စသည် ဝါကျာရမ္ဘ-အသုဘကမ္မဋ္ဌာန်း၏ အကျိုးတို့ ဆက်လက်ပြ။

(ဃ+င)ဝါကျ-ဝိတ္ထာရ-ဂတိအားဖြင့် ဝေဘန်ပုံကိုချဲ့ပြ။(င) ဝါကျ-ဝိသေသ-အရိယာပုဂ္ဂိုလ်တို့၏ ဂတိမြဲ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ဂတိမမြဲပုံ အထူးပြ။

စာစပ်။ ။ကမ္မဝိပါကောနာမ-ကို ပေးသောကြောင့်၊ ပဋိဗာဟိတုံ-၌ အဝုတ္တကံ/ အဝုတ္တကံ၏ ကြိယာ အဖြစ်ဖြင့်စပ်။

http://www.dhammadownload.com



တစ်နည်း။ ။သည် ပေးသောကြောင့်နေ သဏ္ဍာ-၌ တုလျက်/လိင်္ဂတ်စပ်။
တေသုစ ဘိက္ခုသု-တို့တွင်ဟူ၍ အနက်မေးသောကြောင့် ပုထုဇ္ဇနာပိ-၌ နိဒ္ဓါရဏာသမုဒ္ဒါယ/နိဒ္ဓါရဏီယစပ်။

နံပါတ် (၄)

ကမ္မဝိပါကော။ ။ ကမ္မဿ ဝိပါကော ကမ္မဝိပါကော၊
ပဋိဗာဟိတုံ။ ။ ပဋိဗာဟတီတိ ပဋိဗာဟိတုံ။ပဋိဗာဟီယတေ ပဋိဗာဟိတုံ။
မှတ်ချက်။ ။တုံ-ပစ္စည်းနှင့် တွေ့လာလျှင် ဘာဝသာဓန၊ ကတ္တုသာဓန နှစ်မျိုးပြု ရမည်။ပဋိဗာဟိတ္ဝာန ပဋိဗာဟိတုံ-ဤသို့ ပရိယာယ်ပြောင်း၍ လည်း ဆိုကြသေးသည်။
ပုထုဇ္ဇနာ။ ။ ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ။
သောတာပန္နော။ ။အာပဇ္ဇတီတိ အာပန္နော၊ သောတံ အာပန္နော သောတာပန္နော။
သောတ-အရ ရေအလျဉ်နှင့်တူသော အရိယမဂ်ရ၏။ထို-၏ အာပန္န-အရ သောတာပန်ပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန/ဂုဏ်+ဂုဏေး စပ်ခြင်း သည် ဌာနူ။ပုဒ်လုံးအရ ထို-သော သောတာပန်ပုဂ္ဂိုလ်ရ၏။
သကဒါဂါမီ ။ ။ သကိံ အာဂစ္ဆတီတိ သကဒါဂါမီ (သကိံ +အာ+ ဂမု+ဏီ)
အနာဂါမီ။ ။ န အာဂစ္ဆတီတိ အနာဂါမီ။
ခီဏာ။ ။ ခိယိံသုတိ ခီဏာ။
ခီဏာသဝါ။ ။ ခီဏာ အာသဝါ ယေသန္တိ ခီဏာသဝါ။
အပ္ပဋိသန္ဓိကာ။ ။ နတ္ထိ ပဋိသန္ဓိ ယေသန္တိ အပ္ပဋိသန္ဓိကာ။ (သမာသန္တ-က)
န ပဋိသန္ဓိ- သမာပုဒ်လုံးအရ ပဋိသန္ဓေမရှိခြင်း အဘာဝဘောဂုဏ်သည်မုချ။ ထို-၏ တေ-အညပုဒ်အရ ရဟန္တာပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏေးစပ်ခြင်းသည် ဌာနူ။တေ-အညပုဒ်အရ ထို-သော ခီဏာသဝ ပုဂ္ဂိုလ်တို့ရ၏။
အရိယော။ ။အရီယတေ ဥပဂမီယတေတိ အရိယော၊ (အရ+ဏျ)
အရ-ဓာတ်အရ ကတ္တုဒြ-ဆည်းကပ်တတ်သော သာဝကတို့၏ သန္တာန်၌ သဒ္ဓါ ဝီရိယ ပညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒြကြိယာ- မြတ်စွာဘုရား၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ဏျ-ပစ္စည်းအရ ထို-သော မြတ်စွာဘုရားရ၏။
ကိလေသေဟိ အာရကာ အရိယာ (အရိယာရိုးရိုး)
အရိယသာဝကာ။ ။ အရိယဿ သာဝကာ အရိယသာဝကာ။
နိယတဂတိကာ။ ။ ဂစ္ဆန္တိ ဧတ္တာတိ ဂတိ။နိယတာ ဂတိ ဧတေသန္တိ နိယတဂတိကာ။
သုဂတိပရာယဏာ။ ။သုန္ဒရာ ဂတိ သုဂတိ၊ ပရံ အယဏံ ပရာယဏံ။
သုဂတိ ပရာယဏံ ဧတေသန္တိ သုဂတိပရာယဏာ။
အနိယတာ။ ။ နတ္ထိ နိယတော ဇတိသာတိ အနိယတာ။

http://www.dhammadownload.com



သက॥ ॥ သသဿ အယံ သကော (ဏှဒ်တဒ္ဓိတ်)
ဒုက္ခိတ॥ ॥ ဒုက္ခံ သဉ္ဇာတံ ဧတေသံ အတ္ထီတိ ဒုက္ခိတာ။
ဒုက္ခံ ဣတာ ပတ္တာ ဒုက္ခိတာ။

နံပါတ် (၅)

ဝိပါက॥ ॥ဝိ+ ပစ+ဏ
ပဋိဗာဟိတုံ॥ ॥ပဋိ + ဗဟ + တုံ॥
သောတ॥ ॥သု + တ॥ သဝတိ ပေလတိတိ သောတော။သဝတိ
သန္ဒတီတိ သောတော။ သောတော ဝိယာတိ သောတော။
သဝတိ သမုဒ္ဒိန္ဒတီတိ သောတော။ (အဘိဓာန်ဋီကာ)
ခီဏ॥ ॥ခီ + တ॥
ပရာယဏ॥ ॥ပရ + အာ + ဣ + ယု॥
ဂတိ॥ ॥ဂမု + တိ॥
ကာယ॥ ॥ကုသဒ္ဒူပပဒ+အယ+အ॥
ကုစ္ဆိတာနံ ကေသာဒီနံ အာယော ကာယော။

နံပါတ် (၆)

(စ) အဇ္ဇာဒုက္ခိတာဟောန္တိဖြင့် အဋ္ဌိယန္တိ၌ အဋ္ဌဓာတ်သည် ဟိံသနတ္ထ၌ဖြစ်သည် ကိုလည်းကောင်း၊ယပစ္စည်း ဣအာဂုံလာ၍ ပြီးသည်ကိုလည်းကောင်း သိစေ (ဘာဋီ)။
တစ်နည်း॥ ॥အဋ္ဌဟူသော နာမဓာတ်နောင် ကမ္မုပမ အနက်၌ ဤယပစ္စည်းသက်၍ ပြီးသည်ကိုလည်းကောင်း သိစေ။သကေနကာယေနဖြင့် တစ်ပါးသောကိုယ်ဖြင့် နှိပ်စက် အပ်သည်မဟုတ်၊မိမိကိုယ်ဖြင့် နှိပ်စက်အပ်သည်ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

ကမ္မဝိပါကေနာမ/ ကမ္မဝိပါကံနာမ...

"ဝဋ္ဋတိ သက္ကာ၊ တုံလာယှဉ်ခြား၊ ကတ္တားတတိယာ၊ ကံပထမာ၊ ရံခါမမြဲကြ" ဟူသော နိယံအရ ကံ၌ ပထမာဝိဘတ်မမြဲဟု ဆိုသောကြောင့် နှစ်ပါဌ်သင့်။
မှတ်ချက်॥ ॥သက္ကသဒ္ဒါနှင့် ယှဉ်ရာ ပထမာဝိဘတ် အတွေ့များသည်။
ပုံစံ॥ ॥ ဗုဒ္ဓါနံ ဓီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ စသည်ရှု။

သုဂတိပရာယဏာ/ သုဂတိပရာယနာ...

ပရံ အယနံ ပရာယနံ၊ သုဂတိ ပရာယနံ ဧတေသန္တိ သုဂတိပရာယနာ=ဟူသော ယောဇနာ ဝိဂ္ဂဟကို ထောက်၍ ဒန္တဇပဉ္စမျက္ခရာဖြင့် ရှိသော ပါဌ်သင့်။

သမ္ဗောဓိပရာယဏော ပုဒ်တို့ကဲ့သို့ နကို ဏပြန်၍ ပြီးသည်ကိုတွေ့မြင်အပ်သော ကြောင့်လည်းကောင်း၊ပဒတ္တမဉ္ဇူသာ၌ ပရာယနာ/ပရာယဏာ=နှစ်ပုဒ်ကို ပရိယာယ်တူပြဆို သောကြောင့် လည်းကောင်း မုဒ္ဓဇပဉ္စမျက္ခရာဖြင့်ရှိသော ပရာယဏာပါဌ်လည်းသင့်။

http://www.dhammadownload.com



## နံပါတ် (၉)

**သောတ။** ။အတူဖြစ်သော ရေအလျဉ်၏ သောတအမည်ကို အတူရှိသော အရိယာမဂ်၌တင် သဒိသူပစာ။

**ပဋိသန္ဓိ။** ။ဌာနဖြစ်သော ပဋိသန္ဓေ၏ ပဋိသန္ဓိအမည်ကို ဌာနီဖြစ်သော ပဋိသန္ဓေ ယူခြင်း၌တင် ဌာနူပစာ။

**မှတ်ချက်။** ။အရိယသာဝကာ ဣတရေ ဌပေတွာ သေသာ-ဆိုလျှင် ပါရိသေသနည်း။ဆိုအပ်ပြီးသော ဒိဋ္ဌာသဝမှတစ်ပါး ကြွင်းသော သောတာပန်, သကဒါဂါမ်,အနာဂါမ် တို့ကိုလည်း ယူရသောကြောင့် ပါရိသေသနည်း။ကေဒေသူပစာချည်းမှတ်။

**နိယတဂတိကာ-၌ ဂတိ။** ။အပေါင်းဖြစ်သော သုဂတိ, ဒုဂ္ဂတိတို့၏ အမည်ကို အစိတ်ဖြစ်သော သုဂတိ-၌တင်။

**တစ်နည်း။** ။ဌာနဖြစ်သော ဂတိအမည်ကို ဌာနီဖြစ်သော ရောက်မည့် ပုဂ္ဂိုလ်၌တင်စား ဌာနူပစာ။

## နံပါတ် (၁၀)

ဘဂဝါ **အနုဿ-**အရ ဒိဗ္ဗစက္ခု အဘိညာဉ်။ **(တစ်နည်း)** အနာဂတံသအဘိညာဉ်ကိုကောက်။

ထိုသည် သကလဗုဒ္ဓဂုဏ် ဖြစ်သောကြောင့် ထို၏ ပဒဌာန်းကား သဗ္ဗညုတဉာဏ်၊ပစ္စဝေက္ခဏာဉာဏ်၊အရဟတ္တဖိုလ်ဉာဏ်၊အရဟတ္တမဂ်ဉာဏ်၊အောက်မဂ်/ဖိုလ်ဉာဏ်၊မဟာဝဇီရဉာဏ်၊အာနာပါနစတုတ္ထဈာန်၊စတုရင်္ဂဝီရိယ၊မဟာဗောဓိမဏ္ဍိုင်၊ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊စရိယ သုံးပါး၊ မဟာဘိနီဟာရ၊ မဟာကရုဏာ၊ ဒုက္ခိတသတ္တဝါအပေါင်းတည်း။ (သြရုယျောရုယှ)

ထိုသည် အသုဘကမ္မဋ္ဌာန်း ဟောခြင်းဟူသော ဒေသနာဉာဏ်၏ နီးစွာသော အကြောင်းတည်း၊ထိုသည် ရဟန်းတော်တို့အား အတ္တဘော၌ ဆန္ဒရာဂကို ဖျောက်၍ ဂတိကို စင်ကြယ်ခြင်း အကျိုး၏၊ ဝါ၊နတ်ပြည်ပဋိသန္ဓေ ယူနိုင်ခြင်းအကျိုး၏ နီးစွာသော အကြောင်းတည်း။ (အာရုယှာရုယှ)

*************

## ဝါကျစဉ် (၅)

(က) တတ္ထ ပဏ္ဍိတာ ဝဒန္တိ "ဘဂဝါ ပဋိသလ္လာနမနုယုတ္တော နယိမံ ပဝတ္တိံ ဇာနာတီ၊ကောစိဿ အာရောစယိတာပိ နတ္ထိ။

(ခ) သစေ ဇာနေယျ, အဒ္ဓါ နိဝါရေယျာ" တိ။

(ဂ) ဣဒံ ပန ဣဋ္ဌာမတ္တံ၊

(ဃ) ပဋ္ဌမမေဝတ္တ ကာရဏံ၊

(င) **နဿုဇာတိ တွေ့ အဿုဇာတိ** ပဒပူရဏာမတ္တေ, အံဝတာရဏတ္တေဝါ နိပါတော၊

http://www.dhammadownload.com



(စ) နေဝ ကောစိ ဘဂဝန္တံ ဥပသင်္ကမိတုံ အဝေဿ။ (ဝိ၊ဠ၊ ၂။ ၅။)

************

## နံပါတ် (၁)

**(က+ခ) ဝါကျတို့ကို အနက်အားဖြင့် အပြင်ထုတ်...**

တတ္တ တသ္မိံ ဥပဝါဒေ၊ ထိုသို့ စွပ်စွဲကြရာ၌။ပဏ္ဍိတာ-တို့သည်။ဝဒန္တိ၊ဆိုကုန်လတ္တံ။ကိံ- အဘယ်သို့။ဝဒန္တိ-ကုန်လတ်နည်း။ဘဂဝါ-သည်။ပဋိသလ္လာနံ-ကိန်းအောင်းတော်မူခြင်းကို။အနုယုတ္တော-အာထုတ်တော်မူသည်။ဟုတ္တာ-၍။ဣမံပဝတ္တိံ-ကို။နဇာနာတိ-မမူ။ကောစိ-သော။ဘဂဝတော-အား။ အာရောစယိတာပိ-ကြားတတ်သောသူသည်လည်း။နတ္ထိ-ခဲ့။သစေအာဇာနေယျ-အကယ်၍ သိတော်မူရာအံ့။အဒ္ဓါ-မချွတ်။ နိဝါရေယျ-တားမြစ်တော်မူရာ၏။ဣတိ-သို့။ဝဒန္တိ-ကုန်လတ္တံတည်း။

(ခ)ဝါကျရှိ ဣတိသဒ္ဒါကို အကျေကြံလျက်အနက်...

ဣတိ-သို့။ပဏ္ဍိတာ-တို့သည်။ ဝဒန္တိ။ဣတိ-သို့။ အပရေ။ အာဟု။ (ဘာဋီ)

(ဂ)ဝါကျ ဣဒံ-အစွဲ...ဣဒံ-ဤအပရေကိရ အစရှိသောစကားသည်။ (ယောဇနာ)တစ်နည်း ဣဒံ-ဤပရူပဝါဒဝိဝဇ္ဇနတ္ထံဝေ ဝတ္တာ ပဋိလ္လိနော-ဟူသောစကားသည်။

(ဃ)ဝါကျရှိ ဧတ္တ-အစွဲ...ဧတ္တ တေသ္မိံ ဣစ္ဆာမဟံ။ပ။ပိဏ္ဍပါတနီဟာရကေန ဟူ၍ မိန့်တော်မူရာ၌။

**(စ)ဂါကျ သံဝဏ္ဏနာကိုရှု၍ သံဝဏ္ဏေတဗ္ဗအနက်...**

ကောစိ-သည်။ဘဂဝန္တံ-သို့။နဥပသင်္ကမိတုံ-မချဉ်းကပ်။(နသုတသည် အနက်မရှိ)တစ်နည်း-ဘဂဝန္တံ-သို့။ နသုစ ဥပသင်္ကမိတုံ-မချဉ်းကပ်သည်သာ။ (အသုစသည် အဝဓာရဏတ္တ)

## နံပါတ် (၂)

**(ခ) ဝါကျသို့ ပုစ္ဆာတက်။** ။ဆရာသည်(က) ဝါကျဖြင့် မြတ်စွာဘုရားအား ထိုအကြောင်းအရာကို လျှောက်ထားသူ မရှိ၍ မသိဟု ဖွင့်ပြတော်မူအပ်၏။အကယ်၍သိခဲ့သော်ဘုရားရှင်သည် အသို့ဆောင်ရွက်မည်နည်း။အချင်းခပ်သိမ်း လျစ်လျူရှု၍ပင် နေ၏ဟု မှတ်သားအပ်ပါသလော။စုဒ်ကြောင့် (ခ) မိန့်။

**(ဃ) ဝါကျသို့ အယုတ္တစောဒနာ။** ။ဆရာသည် (ခ) ဝါကျဖြင့် ဤ "ပရူပဝါဒဝိဝဇ္ဇနတ္ထံ" စသော စကားသည် အပရေ ဆရာတို့၏ အလိုမျှသာ ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်ကြောင့် ဆရာ ထိုသို့ ဖွင့်ဆိုတော်မူပါသနည်း။အပရေဆရာတို့သည်လည်း ပဏ္ဍိတ-ပညာရှိတို့ပင် ဖြစ်ကြသည် မဟုတ်ပါလော။တစ်နည်း- ထိုအပရေ ဆရာတို့ စကားသည်လည်း သင့်မြတ်နိုင်ကောင်းသေည် မဟုတ်ပါလော။ ဤသို့ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**(စ)ဝါကျသို့။** ။ဆရာ(င) ဖြင့် အသသုတနိပါတ်၏ ပဒပူရဏမတ္တ/အဝဓာရဏတ္တ

http://www.dhammadownload.com



နိပါတ်အဖြစ်ကို ဖွင့်ပြတော်မူအပ်၏။အသုံ+ဤမ-ဟု ပဒစ္ဆေဒပြု၍ အသုကား အာချာတ်၊ဤကား နာမ်ဟုယူဆက ဖြစ်ကောင်းရာသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျှက် အသုစာကို နိပါတ်ဟု ဖွင့်ဆိုသော ဆရာစကားအသို့ သင့်နိုင်ပါအံ့နည်း။ဤသို့ စုဒ်ကြောင်း(၈) ဝါကျမိန့်။

## နံပါတ် (၃)

(ခ)ဝါကျ-ဝါကျာရမ္ဘ။ သိသော်လည်း မတားမြစ်ဘဲ နေမည်လောဟူသော စောဒနာကို ပယ်လို၍ဆက်။(ဂ)ဝါကျ-ဝါကျာရမ္ဘ။အပရေ ဆရာတို့ စကားသည် ယင်းဆရာတို့ အလိုမျှသော ဖြစ်သည်ကို ဆက်ပြ။(ဃ)ဝါကျ-ကာရဏ။ (င) ဝါကျ-ပက္ခန္တရ။ (စ) ဝါကျ-ဝိတ္ထာရတစ်နည်း ဒဠှီ။

**နိယံ။** ။**အဓိပ္ပာယော၊ အဇ္ဈာသယော၊ ဝုဋ္ဌတ်ဖော်ပြ၊ ဝိတ္ထာရ။**

**စာစပ်။** ။အသု…အား ပေးသောကြောင့် အာရောစယိတာဝယ်၊အာ-ရှေး ရှိသော ရုစ…ဓာတ်၌ သမ္ပဒါန်/သမ္ပဒါန်၏ ကြိယာ အဖြစ်ဖြင့် စပ်။

## နံပါတ် (၄)

**ပဏ္ဍိတာ။** ။**ဂမ္ဘီရေသု ဌာနေသု ပဋတိ ဂစ္ဆတီတိ ပဏ္ဍာ၊ (ပညာ) ပဏ္ဍာ သဉ္ဇာတာ ယေသံ အတ္ထီတိ ပဏ္ဍိတာ။**

ပဏ္ဍာ-အရ ဉာဏ်ပညာရ၏။ထို-၏ ဣတ-ပစ္စည်းအရ ပညာရှိနှင့် နိဿယ+နိဿိတ စပ်ခြင်းသည် ဌာန။ ဣတ-ပစ္စည်းအရ ထို-သော ပညာရှိရ၏။

**ကုဏ္ဍာမတ္တံ။** ။ **ကုဏ္ဍာယေဝ မတ္တံ ကုဏ္ဍာမတ္တံ။**

ကုဏ္ဍာဝေ-ဟူသော ဝိသေသနပုဒ်အရ အလို၏ အဖြစ်ဟူသော အဝဓာရဏ ဘောဂဏ်သည် မုချ။ထို-၏ မတ္တ-အရ ဝိသေသနိဝတ္တိနှင့် ဂုဏ်+ဂုဏေး စပ်ခြင်းသမ္ဗန်သည် ဌာန။ပုဒ်အလုံးအရ ထို-သော အလိုမျှသာ ဖြစ်၏ဟူသော ဝိသေသနိဝတ္တိရ၏။

**ပဒပူရဏမတ္တံ။** ။ **ပဒပူရဏမေဝ ပဒပူရဏမတ္တံ။ ပဒါနံ ပူရဏံ ပဒပူရဏံ။**

**အဝဓာရဏတ္ထော။** ။ **အဝဓာရဏမေဝ အတ္ထော အဝဓာရဏတ္ထော။**

**ပဋိသလ္လာနော။** ။ **ပဋိသလ္လီယတိ နိလယတီတိ ပဋိသလ္လာနော။**

ပဋိ-အရ ဝိစ္ဆတ္တဘောဂဏ်ရ၏၊ လီ-ဓာတ်အရ တရားတော်ကို ကြံစည်သော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်/အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည် မုချ။အတိတ်သ အဘိဉာဉ် စသည်ပြဋ္ဌာန်းသော ရှေးရှေး စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်ဖြစ်သော ကာယ,စိတ္တ ဝိဝေကတို့သည် ကာရဏူ။ယု-ပစ္စည်းအရ ထို-သောမြတ်စွာဘုရား ရ၏။

## နံပါတ် (၅)

**ပဋိသလ္လာန။** ။ပဋိ + သံ + လီ + ယု။

**အနုယုတ္တ။** ။အနု + ယုဇ + တ။

http://www.dhammadownload.com



**ပဝတ္တိ။** ။ပ + ဝတု + တိ။

**အဒ္ဒါ။** ။ကေ်ာသတ္တနိပါတ်။ ကာယမှဝါစီပုဒ် ဖြစ်ခဲ့သော် သတ္တာနံ ဒီဝိတံ အသတိ ခေပေတီတိ အဒ္ဒါ။အသ + တ။

**ဣဏ္ဏာ။** ။ဣသု + အ/ဣတ္တိဓောတက - အာ။

နံပါတ် (၆)

(င)ပဒပူရဏမတ္တေ-ဖြင့် နသုဓာ-ကို န+အသုဓာ -ဟု ပဒစ္ဆေဒ ပြုရမည်ကိုလည်းကောင်း၊ အသုဓာ-ပုဒ်၏ ပဒပူရဏနိပါတ် အဖြစ်ကိုလည်းကောင်း သိစေသည်။

**အဝဓာရဏတ္တေ နိပါတော-ဖြင့်** အသုဓာ-နိပါတ်၏ အဝဓာရဏတ္တအနက် ဟောနိပါတ်အဖြစ်ကို သိစေပါသည်။

(စ)**နေဝ-ဖြင့်** န-နိပါတ်၏ နေဝ-၏ ပရိယာယ် အဖြစ်ကို သိစေပါသည်။တစ်နည်း-နေဝသဒ္ဒါ၏ အနက်၌ ဖြစ်သည်ကို သိစေသည်။**နေဝ ဥပသင်္ကမတိ-ဖြင့်** န-နိပါတ်ကို ဥပသင်္ကမတိ-နှင့် စပ်၍ အနက်သမ္ဗန် အပ်သည်ကို သိစေသည်။

နံပါတ် (၇)

**အာရောစယိတာဝိ/အာရောစိတာဝိ...**

ယောဇနာ၌ အာရောစိတာပိ-ဟု ရှိငြားသော်လည်း အာရုံးရှိသော ရုစဓာတ်သည် ပြောဆိုခြင်းအနက်ဟောသော စုရာဒိဂိုဏ်းဖြစ်ရကား အာ+ ရုစ + ဏယ + တပစ္စည်း၊ ဣ-အာဂုံတို့ဖြင့် ပြီးသောကြောင့် အာရောစယိတာဝိ-ပါ၌သာသင့်။

နံပါတ် (၈)

• **သဗ္ဗည္ဗု အတံ သဒ္ဓမ္မဝရစက္ကဝတ္တိ.....**

အဟံ-ပုဒ်သည် သဗ္ဗည္ဗု သဒ္ဓမ္မဝရစက္ကဝတ္တိဟူသော ရှေ့ပုဒ်၊နောက်ပုဒ် နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကန-နည်း။

အတူဖြစ်သော စကြာရတနာသည် အလိုရှိရာအရပ်သို့ ပို့နိုင်သလို အတူရှိသော သဒ္ဓမ္မသည်လည်း နိဗ္ဗာန်သို့ ပို့နိုင်သောကြောင့် သဒိသူပစာ။

နံပါတ် (၁၀)

ပဋိသလ္လာန-၌ ဓာတ်အရ အရဟာတ္တဖိုလ် စိတ္တုပ္ပါဒ်။

*************

ဝါကျစဉ် (၆)

(က) အနေကေဟိ ဝဏ္ဏသဏ္ဍာနာဒိဟိ ကာရဏေဟိ ဝေါကာရော အဿာတိ **အနေကာကာရဝေါကာရော။**

(ခ) အနေကာကာရဝေါကိဏ္ဏော။

(ဂ) အနေကကာရဏာသမ္ဘိသ္သောတိ ဝုတ္တံ ဟောတိ။

(ဃ) ကော သော အသုဘာဘာဝနာနုယောဂေါ။

http://www.dhammadownload.com



(ဇ) တံ အနေကာကာရဝေါကာံရ် အသုဘာဘာဝနာနုယောဂံ။

(ဈ) အနယုတ္တာ ဝိဟရန္တီတိ ယုတ္တပ္ပယုတ္တာ ဝိဟရန္တိ။ (ဝိ၊ဋ္ဌ။၂။ ၅။)

*************

နံပါတ်(၁)

(က) အသုဘ-ဤဘာဝနာနုယောဂ၏။ဝဏ္ဏသဏ္ဌာနာဒီဟိ-အဆင်းပုံသဏ္ဌာန်အစရှိကုန်သော။(အာဒိဖြင့် ဂန္ဓ,အာသယ,ဩကာသ တို့ကိုယူ။)ဝါ-အဆင်း,ပုံသဏ္ဌာန်,အနံ့ အရသာ,ဩကာသ အစရှိကုန်သော။ဝေါကာရော-ရောပြွမ်းခြင်းသည်။

(ခ) အနေကာကာရဝေါကိဏ္ဏော-တစ်ပါးမကများစွာသော အကြောင်းတို့ဖြင့် ရောပြွမ်းသော။

(ဂ) အနေကကာရဏာသမ္ပိဿော-တစ်ပါးမက များစွာသော အကြောင်းတို့ဖြင့် ရောသော။

(စ) ယုတ္တပ္ပယုတ္တာ-အားထုတ်ကုန်၊လွန်စွာအားထုတ်ကုန်သည်။(ဟုတ္တာ)

နံပါတ်(၂)

**(ဂ)သို့ စောဒနာ။** ။ဆရာ(က)ဖြင့် အနေကာကာရဝေါကာရောကို အနေကာကာရေဟိ ဝေါကာရော ယဿာတိ အနေကာကာရဝေါကာရော ဟု ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ယင်းပုဒ်ဖြင့် အဘယ်သို့သော အဓိပ္ပါယ်ကို ဆိုလိုအပ် ပါသနည်း။ဆိုလိုအပ်သော အဓိပ္ပါယ်ကိုမပြဆိုပြီလော၊ ဤသို့စုဒ်ကြောင့်(ဂ)မိန့်။

**(င)သို့ စောဒနာ။** ။ဆရာ(က+ဃ)တို့ဖြင့် အနေကာကာရဝေါကာရော အသုဘဘာဝ နာနုယောဂေါ-ဟု ပဌမန္တဖြင့် ဖွင့်ဆိုတော်မူအပ်၏။သံဝဏ္ဏေတဗ္ဗပုဒ်၌ အနေ့ကာကာ ရဖဝါကာရံ အသုဘဘာဝနာနုယောဂံ-ဟု ဒုတိယန္တဖြင့်ရှိသည် မဟုတ်လော၊ဆရာဖွင့် ဆိုသော ဒုတိယန္တသည် အသို့သင့်နိုင်ပါအံ့နည်း။သံဝဏ္ဏနာ/သံဝဏ္ဏေတဗ္ဗဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏။ဤသို့ စုဒ်ကြောင့်(င) ဝါကျမိန့်။

နံပါတ်(၃)

(ခ)ဝါကျ-ဝါကျာရမ္ဘ။ဝေါကာရပုဒ်၏ အနက်ကိုဆက်ပြ။တစ်နည်း-ပက္ခန္တရ။

(ဂ)ဝိတ္ထာရ။(ဃ)ပက္ခန္တရ။(င)ဒဠှီကရဏ။/ပက္ခန္တရ။ ဒန္တစ္ဆေဒနနည်းမှတစ်ပါး ဒန္တသောဓနနည်းပြ။(စ)ပက္ခန္တရ။

နံပါတ်(၄)

**ဝဏ္ဏသဏ္ဌာန။** ။**ဝဏ္ဏောစ သဏ္ဌာနဉ္စာတိ ဝဏ္ဏသဏ္ဌာနံ။**

ဝဏ္ဏဟူသောရှေးပုဒ်အရ အဆင်းသည် မုချ။ထို၏ ပုံသဏ္ဌာန်နှင့် စက်ဆုတ်ခြင်းကြိ ယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညပေက္ခသမ္ဗန်သည် ဌာနူ။ ပုဒ်လုံးအရ ထို··သော အဆင်းပုံသဏ္ဌာန်ရှိ၏။

**ဝဏ္ဏသဏ္ဌာနာဒယော။** ။**ဝဏ္ဏသဏ္ဌာနံ အာဒိ ယေသန္တိ ဝဏ္ဏသဏ္ဌာနာဒယော။**

http://www.dhammadownload.com



**အနေကာ။** ။န ဧကော အနေကာ။

နှ-အရ ပဋိသေဓဘောဂုဏ်မုချ။ထို၏ ဧကအရ အများနှင့် ဂုဏ်/ဂုဏေးအစပ် သမ္မန်သည် ဋ္ဌာန္။ပုဒ်လုံး-ထို..သော အများရှ၏။

**အနေကကာရဏာနိ။** ။အနေကာနိစ တာနိ ကာရဏာနိစာတိ အနေကကာရဏာနိ။

**အနေကကာရဏာသမ္ဘိသော။** ။အနေကကာရဏေဟိ သမ္ဘိသော ယဿာတိ အနေကကာရဏာသမ္ဘိသော။

ဗဟုဗ္ဗီသမာသ်ပုဒ်လုံးအရ တစ်ပါးမကများစွာသော အကြောင်းတို့ဖြင့် ရောနှော ခြင်းသည်မုချ။ထို၏ ယ-အညပုဒ်အရ အသုဘဘာဝနာနုယောဂနှင့်နိဿယ/နိဿိတ အစပ် သမ္မန်သည် ဋ္ဌာန္။ယ အညပုဒ်အရ ထို..သော တစ်ပါးမက များစွာသော အ ကြောင်းတို့ဖြင့် ရောစပ်ခြင်းရှိသော အသုဘဘာဝနာနုယောဂရှ၏။

**အသုဘဘာဝနာနုယောဂ။** ။သောဘတီတိ သုဘံ။သုန္ဒရေန သဘာဝေန သုဘတီတိ သုဘံ။ န သုဘံ အသုဘံ။ အသုဘဿ ပဝတ္တာ ဘာဝနာ အသုဘဘာဝနာ။ တံ အနုယုဉ္ဇတီတိ အသုဘဘာဝနာနုယောဂေါ။

နံပါတ်(၅)

အနေကေဟိ-ကို ဗဟုဝုစ်ဖြင့် ဂိုဏ်းစဉ်ရမည်။

အနေကာ၊အနေကာ၊အနေကေဟိ၊အနေကာနံ၊အနေကေဟိ၊အနေကာနံ၊အနေကေသု

| | |
|---|---|
| **သဏ္ဌာန**။ | ။သံ+ဌာ +ယု။ |
| **ဝေါကာရ**။ | ။ဝိ+အဝ+ ကရ +ဏ။ |
| **ဝေါကိဏ္ဏ**။ | ။ဝိ+ ကိရ+တ။ |
| **သမ္ဘိဿ**။ | ။သံ+မိဿ+အ။ |
| **အသုဘ**။ | ။န + သုဘ + အ။ ပုံ+နပုံး |

နံပါတ်(၆)

(က) **အနေကေဟိ ဝဏ္ဏသဏ္ဌာနာဒီဟိ** ကာရဏေဟိဖြင့် အနေကကာရဏအရ ဝဏ္ဏ,သဏ္ဌာနစသော အကြောင်းများစွာကိုကောက်ယူအပ်သည်ကိုလည်းကောင်း၊အာကာ ရသဒ္ဒါသည် ကာရဏအနက်ဟောသည်ကိုလည်းကောင်း၊အနေကာနိ အာကာရာနိ အနေကကာရာနိ-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေ။ **အပေါင်း သံဝဏ္ဏနာဖြင့်** အနေကကာရေဟိ ဝေါကာရော အဿာတိ အနေကကာရ ဝေါကာရော ဟု ဘိန္နာဓိကရဏဗဟုဗ္ဗီသမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်းသိစေ။

(ခ) ယုတ္တပ္ပယုတ္တာဖြင့် အဖန်လဲလဲ အားထုတ်ခြင်းဟူသည် အလွန်အမင်းအား ထုတ်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။

http://www.dhammadownload.com



နံပါတ်(၇)

**အနေကကာရဏာသမ္ဘိသော/အနေကကာရသမ္ဘိသော...**

ကာယသ္မ အသုစိဒုဂ္ဂန္ဓဇေဂုစ္ဆပဋိကူလာဘာဝအနေကကာရဏံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် အနေကကာရဏာသမ္ဘိသော ပါဌ်သာသင့်။

**ယုတ္တပယုတ္တာ/ယုတ္တပ္ပယုတ္တာ...**

ဝိပ္ပယုတ္တော,ဝိပ္ပယောဂေါ-ပြယုဂ်၌ကဲ့သို့ ယုဓောတ်၏ ရှေး၌ရှိသော ပဥပသာရသည် ဒွေဘော်၌အနဖြစ်ရကား ယုတ္တပ္ပယုတ္တာ ဟု ဒွေဘော်ဖြင့်ရှိသော ပါဌ်သင့်။

ဒွေဘော်သည်အနိစ္စဝိဓိဖြစ်သောကြောင့် ယုတ္တပယုတ္တာပါဌ်လည်းသင့်၏။

ယုတ္တာပုဒ် ပယုတ္တာပုဒ်ဟု ဝါကျကြံကလည်း အနက်မထူး၍ သင့်မည်သာ။

နံပါတ်(၈)

**အသုဘ**။ ။ဌာနီဖြစ်သောမတင့်တယ်မှု၏ အသုဘအမည်ကို ဌာနဖြစ်သော သဝိညာဏက, အဝိညာဏကကာယ၌ တင်စားဆိုသောကြောင့် ဌာနျူပစာ။အဝိနာဘာဝနည်း။

**အယံ ကာယော အဝိညာဏကောပိ သဝိညာဏကောပိ ဝေဝဗ္ဗိ အသုဘော**။ (သာရတ္ထ)

**တစ်နည်း**။ ။ဌာနမတင့်တယ်သော ကာယ၏အမည်ကို ဌာနီ နိမိတ်ဖြစ်သော အသုဘအာရုံ၌တင်စား ဌာနူပစာ။(အသုဘနိမိတ္တဿ။ဝိသုဒ္ဓိမဂ်။) ဒ

(က)ဝါကျ=ဒန္တဇ္ဈေဒနနည်း။(င)ဝါကျ=ဒန္တသောဓနနည်း။

နံပါတ်(၁၀)

**ယုတ္တပ္ပယုတ္တာ**အရ-ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကောက်။

**************

ဝါကျစဉ်(၇)

(က) **သီသံန္ဟာတောတိ** သီသေန သဒ္ဓိံ န္ဟာတော။

(ခ) ဒဟာရော ယုဝါတိ စေတ္ထ ဒဟာရဝစနေန ပဌမယောဗ္ဗနဘာဝံ ဒဿေတိ။

(ဂ) ပဌမယောဗ္ဗနေ ဟိ သတ္တာ ဝိသေသေန မဏ္ဍနကဇာတိကာ ဟောန္တိ၊

(ဃ) သီသံန္ဟာတောတိ ဣမိနာ မဏ္ဍနာနုယောဂကာလံ။

(င) ယုဝါပိ ဟိ ကိဉ္စိကမ္မံ ကတွာ သံကိလိဋ္ဌသရီရော န မဏ္ဍနာနုယုတ္တော ဟောတိ

(စ) သီသံန္ဟာတော ပန သော မဏ္ဍနမေဝါနုယုဉ္ဇတိ၊ အဟိကုဏပါဒီဟိ ဒဠှံပိ န ဣစ္ဆတိ။ (ဋီ၊ ဋ္ဌ၊ ၂။ ၆။)

***************

နံပါတ် (၁)

(က) န္ဟာတော-ရေချိုးပြီးသော။

(ခ)စ-ဆက်။ ဒဟာရောယုဝါတိ-ဟူကုန်သော။ စေတ္ထဝေါဟာ ဝစနေသု-တို့တွင်။

http://www.dhammadownload.com



ပဌမယောဗ္ဗနဘာဝံ-ပဌမအရွယ်၏အဖြစ်ကို။

(ဂ)ဟိ-သစ္စံ။မဏ္ဍနကဇာတိကာ-တန်ဆာဆင်တတ်သော သဘောရှိကုန်၏။

(ဃ)သီသံနှာတောတိ ဣမိနာဝစနေန-ဖြင့်။မဏ္ဍနာနုယောဂကာလံ-တန်ဆာဆင်ခြင်းကို အဖန်တလဲလဲ အားထုတ်ရာဖြစ်သော အခါကို။

(င)ဟိ-သစ္စံ။ ယုဝါပိ-လုလင်ပျိုသော်လည်း။သံကိလိဋ္ဌသရီရော-ညစ်နွမ်းသော ကိုယ်ရှိသည်ရှိသော်။မဏ္ဍနာနုယုတ္တော-သည်။ နဟောတိ။

(စ)သီသံနှာတောပန-သော်ကား။ အဟိကုဏပါဒီနိ-မြွေသေကောင်ပုပ် အစရှိသည်တို့ကို။ ဝါ၊မြွေ၏အကောင်ပုပ်၊ ခွေး၏အကောင်ပုပ်၊လူ၏အကောင်ပုပ်တို့ကို။ နဣစ္ဆတိ။

(ဂ)ဝါကျကို ဝါကျအပြန်အလှန်-ဒဋ္ဌိကရဏ ကြံ၍ပေး။

နံပါတ် (၂)

(ခ) ဝါကျသို့ ဌာပနာတိကစောဒနာ။ ။ဆရာ သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌ ''ဒဟရော၊ယုဝါ''ဟု နှစ်ပုဒ်ကို ဆိုအပ်၏။ ယုဝါ-ဟု ဆိုက လိုအပ်သော အနက် ပြီးကောင်းရာသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်ကိုပြခြင်းအကျိုးငှာ ဒဟရ သဒ္ဒါကိုလည်း ဆိုအပ်ပါသနည်း။ ဤသို့ စုဒ်ကြောင့် (ခ) ဝါကျ မိန့်။

နိယံ။ ။ဒဿေတိ၊ ဒီပေတိ၊ ကျမ်းဦရှိက၊ လဒ္ဓဂုဏ်။

ကြောင့်ဖြင့်ကျိုးပြ၊ ကျိုးပြကြောင်းနေ၊ ရှိရိုးပေ။

(ဂ) ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။ ။ဆရာသည် (ခ)ဝါကျဖြင့် ဒဟရသဒ္ဒါဖြင့် ပဌမအရွယ်၏ အဖြစ်ကို ပြအပ်၏ဖွင့်ဆိုအပ်၏။ပါဠိတော်၌ဒဟရော-ဟု သာမည ဆိုသောကြောင့် အလုံးစုံ ပဌမအရွယ်သို့ရောက်ပြီး/မရောက်သေးသော ငယ်ရွယ်သူတို့ကို ပြရာသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ဒဟရသဒ္ဒါဖြင့် ပဌမယောဗ္ဗန အဖြစ်ကို ပြ၏-ဟု ဝိသေသကို ဆိုခြင်းသည် အဘယ့်သင့်အံ့နည်း။သံဝဏ္ဏနာ/သံဝဏ္ဏေတဗ္ဗ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ဤသို့ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

(င) ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။ ။ဆရာ (ဃ) ဝါကျဖြင့် သီသံနှာတသဒ္ဒါဖြင့် တန်ဆာဆင်မှုကို အားထုတ်ရာအခါဟု ဖွင့်ပြတော်မူအပ်၏။ရေချိုးပြီးရာ ကာလကိုသာ သီသံနှာတ သဒ္ဒါပြရာသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် သီသံနှာတော-ဖြင့် မဏ္ဍနာ နုယောဂကာလကို ပြ၏-ဟု ဖွင့်ဆိုခြင်းသည် အဘယ့်သင့်နိုင်ပါအံ့နည်း။သဘာဝ/သဘာဝဝန္တ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (င) ဝါကျကိုမိန့်။

(စ-ဝါကျတိုင်ရှ)

နံပါတ် (၃)

(ခ) ဝါကျာရမ္ဘ။ ။ဒဟရသဒ္ဒါဆိုရခြင်း၌ စောဒနာဘွယ်ကို ပယ်လို၍ ဆက်ပြ။

(ဂ) ဒဋ္ဌိကရဏ/ကာရဏ။(ခ) ကို ထောက်ခံ၊ အသင့်ယုတ္တိ၊ အကြောင်းကို ပြ။

(ဃ) ပက္ခန္တရ။ ။ဒဟရမှတစ်ပါး သီသံနှာတ အဖို့ပြ။ကစ်နည်း-ဝါကျာရမ္ဘ။(ပြတ်ဆက်)

http://www.dhammadownload.com



(င) ဒဠ္ဌိကရဏာ/ကာရဏာ။ ။(စ) ဝါကျ-အနွယ။

နံပါတ် (၄)

**ယောဗ္ဗနံ။** ။ ယဝတီတိ ယုဝါ။(ယု+အ +ဥဝ ပြု)၊ **ယုဝဿ ဘာဝေါ ယောဗ္ဗနံ။**

ယုဝ-အရ နုပျိုသူရ၏။ထို-၏ နုပျိုခြင်းဂုဏ်နှင့် နိဿိတ+နိဿယစပ်ခြင်းသည် ဌာန။ဏာ-ပစ္စည်းအရ ထို-သော နုပျိုသူ၏ ဖြစ်ကြောင်းဖြစ်ရာ နုပျိုခြင်းဂုဏ်ရ၏။

**ပဌမယောဗ္ဗန။** ။ ပဌမံ ယောဗ္ဗနံ ပဌမယောဗ္ဗနံ။(ကမ္မဓာရည်း)

ပဌမံ-ဟူသော ဝိသေသနအရ အာဒိဘောဂဏ်သည် မုချ။ထို-၏ နုပျိုခြင်းဂုဏ်နှင့် ဂုဏ်+ဂုဏောစပ်ခြင်းသည် ဌာန။ပုဒ်လုံးအရ ထို-သော ပဌမအရွယ်နုပျိုသူ၏ အဖြစ်ရ၏။တစ်နည်း-ပဌာမအရွယ်နုပျိုသူရ၏။

**ပဌမယောဗ္ဗနဘာဝေါ။** ။**ပဌမယောဗ္ဗနဿ ဘာဝေါ ပဌမယောဗ္ဗနဘာဝေါ။** (ပဌမအရွယ်)

**မဏ္ဍနကဇာတိကာ။** ။**မဏ္ဍယတိ သီလေနာတိ မဏ္ဍနော။မဏ္ဍနော ယေဝါတိ မဏ္ဍနကော။ မဏ္ဍနကော ဇာတိ ယေသန္တိ မဏ္ဍနကဇာတိကာ။**

မဏ္ဍနကဇာတိ-ဟူသော သမာသ်ပုဒ်အလုံးအရ တန်ဆာဆင်လေ့ရှိသူ၏ အဖြစ်ဟူသော သဘောသည်မုချ။ထို-၏ ယ-အညပုဒ်အရ ပဌမအရွယ်လုလင်တို့နှင့် ဌာနီ+ဌာနစပ်ခြင်းသည် ဌာန။ ယ-အညပုဒ်အရ ထို-သော တန်ဆာဆင်လေ့ ရှိသူ၏ အဖြစ်ဟူသော သဘောရှိသော ပဌမအရွယ်လုလင်တို့ရ၏။

**မဏ္ဍနာနုယောဂေါ။** ။**အနုယုဉ္ဇတိ ဧတ္ထာတိ အနုယောဂေါ။မဏ္ဍနဿ အနုယောဂေါ မဏ္ဍနာနုယောဂေါ။** (ကမ္မဋ္ဌဆဋ္ဌီ)

**နိယံ။** ။**ကရဏာသာဓ်၊ အဓိကရဏာသာဓ်၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် ဆဋ္ဌီတွဲမြဲ။**

အနုပုဗ္ဗ+ယုဇ (ယုဉ္ဇ)ဓာတ် ကတ္တုဋ္ဌ-တန်ဆာဆင်ရန် အားထုတ်ကြကုန်သော လုလင်တို့သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။အဓိရဏဋ္ဌ-ရေချိုးပြီးရာ အချိန်ကာလ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ဏ-ပစ္စည်းအရ ထို-သော ရေချိုးပြီးရာ အချိန်ကာလရ၏။

**မဏ္ဍနာနုယောဂကာလော။** ။ **မဏ္ဍနာနုယောဂေါစ သော ကာလောစာတိ မဏ္ဍနာနုယောဂကာလော။**

**သံကိလိဋ္ဌသရီရော။** ။ **သံကိလိဋ္ဌံ သရီရံ ယဿာတိ သံကိလိဋ္ဌသရီရော။**

**သီသံ။** ။ **သယန္တိ ဧတ္ထ ဦကာတိ သီသံ။** (သီ+သက်)

သီ-ဓာတ်အရ ကတ္တုဋ္ဌ-သန်းတို့၏ ဘဝင်စိတ္တုပ္ပါဒ်သည် မုချ။အဓိကရဏာဋ္ဌ ကြိယာ-ဦးခေါင်း၏ ပကတူပနိဿယသတ္တိသည် ဖလူ။သက်-ပစ္စည်းအရ ထို-သော

http://www.dhammadownload.com



ဦးခေါင်းရ၏။

**နှာတော**။ ။ **နှာယိတ္တာတိ နှာတော**။ (နှာ/နဟ+တ)

နဟ-ဓာတ်အရ ကတ္တုရွ-ရေချိုးသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္တကြိယာ ရေချိုးအပ်ပြီးသောကိုယ်၏ အာရမ္မဏပစ္စယသတ္တိ သည် ဖလ။တ-ပစ္စည်းအရ ထို-သော ရေချိုးအပ်ပြီးသောကိုယ် ရ၏။

နံပါတ် (၅)

| | |
|---|---|
| **သီသံ**။ | ။သီ+သက်။ |
| **ယုဝါ**။ | ။ယု+အ။ |
| **ဒဟရ**။ | ။ဒဟ+အရ။ **ဒဟတီတိ ဒဟရော**။ |
| **ပဌမ**။ | ။ပဌ/ပထ+အမ။ **ပဋ္ဌီယတိ ဥစ္စာရီယတီတိ ပဌမံ**။ |
| **သတ္တာ**။ | ။သန္န+တ။ **ရူပါဒီသု သဇ္ဇန္တီတိ သတ္တာ**။ |
| **ဝိသေသ**။ | ။ဝိ+သိသ+ဏ။ **ဝိသေသီတဗ္ဗာတိ ဝိသေသာ**။ |
| **မဏ္ဍန**။ | ။မဍိ+ယု။ **မဏ္ဍတိ သောဘာတိ မဏ္ဍနံ**။ |
| **သံကိလိဋ္ဌ**။ | ။သံ+ကိလိသ+တ။ |
| **သရီရ**။ | ။သရ+ဤရ။ **သရတိ ဟိံသတိ တန္တိ သရီရံ**။ (ဟိံသနတ္ထ) |
| **ကုဏပေါ**။ | ။ကု+နီ+အပ။ **ကုစ္ဆိတံ နေတီတိ ကုဏပေါ**။န-ကိုဏပြု။ ကုဏပ+အ။ |
| **အဟိ**။ | ။အံဟ+ဣ။ **အံဟတိ ဂစ္ဆတီတိ အဟိ**။ |

နံပါတ် (၆)

(က)**သီသေန သဒ္ဓိံ နှာတော-ဖြင့်** သီသံနှာတော-ပုဒ်ကို သီသေန သဟ နှာတော သီသံနှာတော-ဟု မဇ္ဈေလောပီတတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်၏အဖြစ် ကိုလည်းကောင်း၊ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်လာ၍ ပြီးသည်ကိုလည်းကောင်း သိစေသည်။

(ခ)**ဒဟရဝစနေန-စသည်ဖြင့်** ပဌမအရွယ်၏ အဖြစ်ကို ပြအပ်သောကြောင့် ဂန္ထဂရု ဒေါသ မရောက်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

နံပါတ် (၇)

**သီသံနှာတော/သီသနှာတော...**

ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်လာ၍ ပြီးသောကြောင့် သီသံနှာတော-ဟူသော ပါဌ်သာ သင့်။ **သီသံနှာတောတိ သီသံဓောဝိတွာ နှာတောတိ အတ္ထော**။ နီတိ၊ဓာ၊ ၂၄၁။

**နှာတော/နဟာတော...**

အပ္ပက္ခရာန် ဗဟုဘာဝေ နဟာယတိ-ဟူသော နီတိ-ဓာ၊ ၂၄၁-ကို ထောက်၍ အနက်မထူးရကား နှစ်ပါဌ်သင့်။

**မဏ္ဍနကဇာတိကာ/မဏ္ဍနကဇာတိယာ...**

http://www.dhammadownload.com



က-နှင့်-ဃ-သည် ကာရီ/ကာရီယမျှသာ ဖြစ်သောကြောင့် မှန်ပါ၌သင့်။

နံပါတ် (၈)

**သီသံနှာတော။** ။အစိတ်ဖြင့်သော ဦးခေါင်း၏ သီသအမည်ကို အပေါင်းဖြစ်သောခန္ဓာကိုယ် တစ်ကိုယ်လုံး၌တင် ကေဒေသူပစာ၊ ဥပလက္ခဏ-နည်း။

**ယုဝါ။** ။အပေါင်းဖြစ်သော နှပျိုသူအားလုံးတို့၏ ယုဝါအမည်ကို အစိတ်ဖြစ်သော ငယ်ရွယ်၍ တန်ဆာဆင်လေ့ရှိသော ဆယ့်ငါးနှစ်မှ သုံးဆယ့်နှစ်နှစ်အရွယ် လုလင်ပျိုတို့၌တင် ကေဒေသူ၊ ရုဋ္ဌိ။

**ပဌမယောဗ္ဗနေ။** ။ပဌမအရွယ်ဟူသော ဌာနဖြင့် တန်ဆာဆင်ခြင်း ဟူသော ဌာနီကိုမှတ်၍ ပဌမအရွယ်၌ တန်ဆာဆင်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် အခြားအရွယ်၌ တန်ဆာဆင်ခြင်းတည် ဟူသောအနည်းကို ရသောကြောင့် တဗ္ဗဟုလ္လ-နည်း။ (ဝိသေသေနဟူသော ပါဌ်ကို ထောက်ပါ)

**သီသံနှာတ။** ။ရေချိုးခြင်းဟူသော အကြောင်းကိုဆိုသဖြင့် တန်ဆာဆင်ခြင်းတည်းဟူသော အကျိုးကိုလည်း ရသောကြောင့် နာနုန္တရိကနည်း။

**အဟိကုဏပါဒီနိ။** ။အလွန် စက်ဆုပ်ဖွယ်ကောင်းသော မြွေပုပ်၊ ခွေးပုပ်၊ လူပုပ်တို့ကိုသာ အလွန်အားဖြင့် ယှုအပ်သောကြောင့် အတိသယနည်း။

နံပါတ် (၁၀)

သီသ-၏ ဝေဝစနဟာရနေတ္တိ····သီသ ဥတ္တမင်္ဂ သိရော၊ မုဒ္ဓါ မတ္ထက ။

*************

## ဝါကျစဉ် (၈)

(က) **မိဂ္ဂလဏ္ဍိကောတိ** တဿ နာမံ။

(ခ) **သမဏကုတ္တကောတိ** သမဏဝေသဓာရကော။

(ဂ) သော ကိရ သိခါမတ္တံ ဌပေတွာ သီသံ မုဏ္ဍေတွာ ဧကံ ကာသာဝံ နိဝါသေတွာ ဧကံ အံသေ ကတွာ ဝိဟာရံ ဃေဝ ဥပနိဿာယ ဝိဃာသာဒဘာဝေန ဇီဝတိ။

(ဃ) တမ္ပိ မိဂလဏ္ဍိကံ သမဏကုတ္တကံ ဥပသင်္ကမိတွာ ဧဝံ ဝဒန္တိ။

(င) **သာဓုတိတိ** အာယာစနတ္ထေ နိပါတော။ (ဝိ၊ ဋ္ဌ၊ ၂။ ၆။)

*************

နံပါတ် (၁)

သမဏကုတ္တကော-ရဟန်းတို့၏ အသွင်ကို ဆောင်သူ။ (သဒ္ဒတ္ထ)

ဝါ-ရဟန်းတို့၏ သင်္ကန်းဝတ်ခြင်းစသော ကိစ္စကို ပြုနေသူ၊(ဘာဋီ)ဝါ-ရဟန်းတုရဟန်းယောင်။ (ဝေါဟာရတ္ထ)မုဏ္ဍေတွာ-ဦးပြည်း၍။(ပေါရာဏ)ဝါ-ဖြတ်၍ဟ။(သစ်)ဝါ-ခေါင်းတုံးရိတ်၍။(ဝေါဟာရတ္ထ)နိဝါသေတွာ-ခန္ဓာကိုယ်အထက်၌ နေစေ၍။(သဒ္ဒတ္ထ) (နိ+ဝသ+ဏ+တွာ။)ဝါ-ဝတ်၍။(ဝေါဟာ)

http://www.dhammadownload.com



နံပါတ် (၂)

**(ဂ) ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာသည်(ခ)ဝါကျဖြင့် ရဟန်းအသွင်ကိုဆောင်ထားသောကြောင့် မိဂလဏ္ဍိကသည် သမဏကုတ္တကမည်သောဟု ဖွင့်ဆိုအပ်၏။ အသို့လျှင် ရဟန်းအသွင်ကို မိဂလဏ္ဍိက ဆောင်ထားပါသနည်း၊ရဟန်းအသွင်နှင့် ယင်းအသွင်ဆောင်ထားပုံကို ပေါ်လွင်ထင်ရှားစွာ မသိအပ်သေးသည် မဟုတ်ပါလော။ဤသို့စုဒ်ကြောင့်(ဂ) ဝါကျမိန့်။(ကိရ-ကို ဝိတ္ထာရ ဇောတကကြံ)ဝိတ္ထာရ-၏ ပုစ္ဆာကို ကထံ-ဖြင့် မှတ်ရမည်။

**တစ်နည်း။** ။ဆရာသည် (ခ)ဖြင့် သမဏကုတ္တကော၌ ကုတ္တသဒ္ဒါသည် ဝေသအနက်၌ဖြစ်၍ ရဟန်းအသွင်ကို ဆောင်ထားသောကြောင့် သမဏကုတ္တက မည်သောဟု ဖွင့်ဆိုအပ်၏။ဣတ္ထိကုတ္တ စသည်ကဲ့သို့ ဤ၌လည်း ရဟန်းတို့၏ ကိစ္စဖြစ်သောစာသင်,စာအံခြင်းစသော အမှုအရာကိုသာ ဟောသင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက်ကုတ္တသဒ္ဒါ၏ ဝေသ(အသွင်)အနက်ကို ဖွင့်ဆိုခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။ဤသို့စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**မှတ်ချက်။** ။ဃ-ဝါကျ ကြိယာ,ကာရက ယှဉ်စပ်ပုံကို နိဂုံးအုပ်ပြ၍ ဇေစ္စနိဂမနဝါကျ-ဟုခေါ်သည်။

**(ဃ)အနုသန္ဓေ။** ။ဤသို့ (က) ဝါကျ စသည့်ဖြင့် မိဂလဏ္ဍိက,သမဏကုတ္တကသဒ္ဒါတို့၏ နာမတ္ထ,သဘာဝတ္ထတို့ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ယင်းနှစ်ပုဒ်ကို ကြိယာနှင့်တကွ စပ်ဟပ်၍ တစ်ပေါင်းတည်း နိဂုံးအုပ်၍ပြလိုသော် အဋ္ဌကထာဆရာသည် (ဃ)ဝါကျကို မိန့်။

နံပါတ် (၃)

(က+ခ)ဝါကျ-ပဏ္ဏတ္တိရ။အပေါင်း သံဝဏ္ဏမှ အစိတ်ပြ။(ဂ)ဝါကျ-ဝိတ္ထာရ။ ရဟန်းအသွင် ဆောင်ပုံကို ချဲ့ပြ။တစ်နည်း-ဒဠှီကရဏ။ကုတ္တသဒ္ဒါ ဝေသအနက်ဟောပုံကို ထောက်ခံ။(ဃ)ဝါကျ-နိဂမန။ ကြိယာ, ကာရကစပ်ဟပ်၍ နိဂုံးကိုပြ။

နံပါတ် (၄)

**သမဏဝေသဓာရက။** ။ ဓာရေတီတိ ဓာရကော။သမဏာနံ ဝေသော သမဏဝေသော။သမဏဝေသံ ဓာရကော သမဏဝေသဓာရကော။

သမဏဝေသံ-ဝိသေသနပုဒ်အရ ရဟန်းတို့၏ ခေါင်းရိတ်ခြင်း, သင်္ကန်းဝတ်ခြင်းစသော အသွင်အပြင်သည် မုချ။ ထို-၏ အသွင်အပြင်ကို ဆောင်သော မိဂလဏ္ဍိကနှင့် နိဿိတ+နိဿယ စပ်ခြင်း သမ္ဗန်သည် ဌာနူ။ပုဒ်လုံးအရ ထို-သော အသွင်ကို ဆောင်တတ်သော မိဂလဏ္ဍိက ရ၏။

**ဝိဿာဃာသာဒဘာဝ။** ။ ဃသိတဗ္ဗော ဘက္ခိတဗ္ဗောတိ ဃာသော။ ဝိရူပေါ ဃာသော ဝိဃာသော။ဝိဃာသံ အဒတိ ဘက္ခတီ

http://www.dhammadownload.com



**ဝိဃာသာဒေါ၊ဝိဃာသာဒဿ ဘာဝေါ**
**ဝိဃာသာဒဘာဝေါ။**

ဃသ-ခာတ်အရ ကဗ္ဗဿ-စားသော ပုဂ္ဂိုလ်၏ သန္တာန်၌ လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကြိယာ-စားကြွင်း၏ အာရုံမှုဏ၊ ပကတူပနိဿယပစ္စယ သတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရ ထို-သော စားကြွင်းရ၏။

ဝိ-ဟူသော ဝိသေသန်ပုဒ်အရ ဝိရူပတောဂုဏ်ရ၏။ထို-၏ စားကြွင်းနှင့် ဂုဏ်+ဂုဏေး စပ်ခြင်းသည် ဌာနူ။ပုဒ်လုံးအရ ထို-သော ဖောက်ပြန်သော စားကြွင်းရ၏။

ဝိဃာသ-ဟူသော ဝိသေသနအရ ဖောက်ပြန်သောစားကြွင်းသည် မုချ။ထို-၏ စားတတ်သော ပုဂ္ဂိုလ်နှင့် ဝိသေသန+ဝိသေသျ/ ဂုဏ်+ဂုဏေး စပ်ခြင်းသည် ဌာနူ။ အဒ-ခာတ်အရ လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။သမာသ်ပုဒ်အရနှင့် ဏ-ပစ္စည်းအရကား ထို-သော စားကြွင်းကို စားတတ်သော မိဂလဏ္ဍိကရ၏။ (ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်)

**သီခါမတ္တော။** ။**သိခါ ပရိမာဏာ အဿာတိ သိခါမတ္တော**။(သိခါ-နှောင် မတ္တ-ပစ္စည်း၊ မာဏေ-မတ္တာ။ နိရုတ္တိသုတ်၊ ၅၀၁။)

သိခါ-တဒ္ဓိတ်ပုဒ်အရ ဦးစွန်းဖုတ်သည် မုချ။ထို-၏ မတ္တ-ပစ္စည်းအရ အတိုင်းအရှည် ပမာဏနှင့် ပမာဏ+ပမာဏဝန္တစပ်ခြင်းသည် ဌာနူ။မတ္တ-ပစ္စည်းအရ ထို-သော ဦးစွန်းဖုတ် အတိုင်းအရှည် ပမာဏရ၏။

**(တစ်နည်း) သိခါ မတ္တာ အဿာတိ သိခါမတ္တော။**

သိခါမတ္တ-ပုဒ်လုံးအရ ဦးစွန်းဖုတ်ဟူသော အတိုင်းအရှည် ပမာဏသည် မုချ။

ထို-၏ ဣမ-အညပုဒ်အရ မိဂလဏ္ဍိတနှင့် ဌာနီ+ဌာန/ပမာဏ+ပမာဏဝန္တစပ်ခြင်းသည် ဌာနူ။ ဣမ-အညပုဒ်အရ ထို-သော ထိုမျှ အတိုင်းအရှည်ရှိသော မိဂလဏ္ဍိကရ၏။

**အာယာစနတ္တ။** ။**အာဘိမုခံ ယာစနံ အာယာစနံ။အာယာစနမေဝ အတ္ထော အာယာစနတ္တော။**

နံပါတ် (၅)

| | |
|---|---|
| **ဝေသ**။ | ။ဝိသိ+ဏ။ တစ်နည်း ဝသ+ဏ။ |
| **ဓာရကော**။ | ။ဓရ+ဏ္ဍု။ |
| **သခါ**။ | ။သိ+ခ။ထိဓောတက-အာ။ |
| **မတ္တံ**။ | ။မာ+တ။ |
| **မုဉ္စေတွာ**။ | ။မုဉ္စ+တွာ။ |
| **အံသ**။ | ။အန+သ။ |
| **ကာသာဝံ**။ | ။က-သဒ္ဒူ+သိ+အဝ။ က-ပုဗ္ဗ+သု+ဏ။ ကုံ ပါနိယံ သေဝတီတိ ကသာဝေါ။ကသာဝေန ရတ္တံ ကာသာဝံ။ |

http://www.dhammadownload.com



**ဝိဟာရံ။** ။ဝိ+ဟရ+ဏ။
**နိပါတော။** ။နိ+ပတ+ဏ။

နံပါတ် (၆)

(က) **တဿနာမံ-ဖြင့်** မိဂလုဏ္ဍိက-အရ မိဂလုဏ္ဍိက အမည်ရသူကို ကောက်ယူရမည် ကို သိစေပါသည်။ တစ်နည်း-မိဂလုဏ္ဍိက သဒ္ဒါသည် ဒြပ်ကို အကြောင်းပြု၍ ဖြစ်သော သဒ္ဒါမဟုတ်၊နာမည်ကို အကြောင်းပြု၍ ဖြစ်သော နာမသဒ္ဒါဖြစ်၏ဟု သိစေသည်။

(ခ) **သာမဏာဝေသဓာရကော-ဖြင့်** ကုတ္တသဒ္ဒါသည် ဝေသသဒ္ဒါ၏ ပရိယာယ် အဖြစ်ကို လည်းကောင်း၊က-ပစ္စည်းသည် ဓာရေတိ-အနက်၌ သက်၍ သမဏကုတ္တံ ဓာရေတီတိ သမဏကုတ္တကော-ဟု ဓာရေတိတဒ္ဓိတ်ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း၊ သိစေသည်။ (အမရပူရဆရာတော်)

(ဂ) **သီခါမတ္တံ။ပ။အံသေ ကတွာဖြင့်** ဝေသ-အရ ဦးစွန်းဖုတ်မျှ ချန်၍ ခေါင်းရိတ်ခြင်း၊တစ်ထည်သော သင်္ကန်းကိုဝတ်ခြင်း၊ တစ်ထည်သော သင်္ကန်းကို ပခုံး၌ တင်ခြင်း ဟူသော အသွင်အပြင်ကို ကောက်ယူရမည်ကို သိစေပါသည်။

**ဝိဟာရံယေဝ-စသည်ဖြင့်** မိဂလုဏ္ဍိက-၏ နေရာအရပ်နှင့် အသက်မွေးမှုကို သိစေသည်။

နံပါတ် (၇)

**သီခါမတ္တံ/သိခမတ္တံ...**

သီခါသဒ္ဒါသည် နိယတဣတ္ထိလိင်သဒ္ဒါဖြစ်၍ "သမာသ်လယ်မှာ၊ထီမြဲအာ၊ ရဿ မပြုရာ"ဟူသောနိယံအရ ရဿအပြု မရှိနိုင်ကောင်းသောကြောင့် သီခါမတ္တံပါဠ်သာသင့်။

**ဌပေတွာ/ထပေတွာ...**

ထပေါ် စ ထပနေ သိယာ-ဟူသော ဓာတွတ္ထအရ ထပ-ဓာတ်သည် ဌပန-အနက်ကို ဟော၍ တွာ-ပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ပိဋကတ်တို့၌ ဌပေတွာ ဝပေတွာရှိသည်ကား ပါဠ်ပျက်များသာတည်းဟု ယင်းဓာတွတ္ထသင်္ဂဟ၌ ဆိုသောကြောင့်လည်းကောင်း၊ ဒုက္ခဒုတိယက္ခရာဖြင့် ရှိသော "ထပေတွာ" သင့်။ (ဓာတွတ္ထသင်္ဂဟ-အလို)

ဌာ-ဓာတ်+ဏာပေ+တွာ-ဖြင့် ပြီးသောကြောင့်လည်းကောင်း၊ တည်စေ၍-ဟူသည် ထား၍-ဟုပင် အဓိပ္ပါယ်အနက်ရနိုင်သောကြောင့် လည်းကောင်း မုဒ္ဓဇဒုတိယက္ခရာဖြင့်ပြီး သော ဌပေတွာ-ပါဠ်သင့်။

**အံသေကတွာ/အံသံကတွာ...**

ကရ-ဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံရှိငြားသော်လည်း ဒွိကမ္မကဓာတ် မဟုတ်သောကြောင့် လည်းကောင်း၊ စကံ-ဟု ကံပုဒ်ရှိပြီး ဖြစ်သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com



ယင်းကံပုဒ်၏မှီရာ အာဓာရကို လိုအပ်သောကြောင့်လည်းကောင်း အံသေ ဟု သတ္တမီ ဝိဘတ်ဖြင့် ရှိသောပါဠိသာသင့်။

## နံပါတ် (၉)

**သီခါမတ္တံ**။ ။ဦးစွန်းဖုတ်နှင့် အတိုင်းအတာပမာဏ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ အဘေဒနည်း။

**သီသံ မုဏ္ဍေတွာ**။ ။ဌာနဖြစ်သောဦးခေါင်း၏ သီသအမည်ကို ဌာနီဖြစ်သော ဆံပင်၌ တင် ဌာနူပစာ။ နာနတ္တရိကနည်း။

## နံပါတ် (၁၀)

(က)ဝါကျ သံဝဏ္ဏနာပုဒ်တို့ကို ယုတ္တိဟာရနေတ္တိ……

ယုတ္တာယုတ္တိ ဝိစာရေတိ ဧတေနာတိ ယုတ္တိ၊ ဟူသည်နှင့်အညီ သဒ္ဒါ၊အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ကြောင်းဖြစ်သောကြောင့် ယုတ္တိဟာရမည်၏။

အဘယ်သို့ စိစစ်သနည်းဟူမူ-ဤတဿ နာမံ-ဟူသောပုဒ်၌ တ-သဒ္ဒါကို သျာဒျန္တပုဒ်ယူသော် သင့်၏။တျာဒျန္တပုဒ်ယူသော် မသင့်။ဆဋ္ဌျန္တယူသော် သင့်၏။ဗဟုဝစနဆဋ္ဌျန္တယူသော်မသင့်။ စယာသိတပုဒ်၊ အင်္ဂါသိတပုဒ်နှစ်ပါးတို့တွင် အပေါင်းမှီ၍ ကေဝုစ်အဆုံး ရှိသောကြောင့် စယာသိတပုဒ် မည်၏။ ဒဗ္ဗ၊ဂုဏ၊ကြိယာ၊ စယာသိ သုံးပါးတို့တွင်-ဒြပ်ကိုစွဲ၍ ကေဝုစ် အဆုံးရှိသောကြောင့် ဒဗ္ဗစယာသိတပုဒ်မည်၏။

နာမ်၊အာချာတ်၊ နိပါတ်၊ဥပသာရအားဖြင့် လေးပါးတို့တွင် နာမ်ပုဒ်မည်၏။

နာမ၊သဗ္ဗ၊သမာသ်၊တဒ္ဓိတ်၊ကိတ်နာမ်အားဖြင့် ငါးပါးတို့တွင် သဗ္ဗနာမ် မည်၏။

တ-သဒ္ဒါ၏ အနက်ကို နိယမတ္ထယူသော်သင့်၏။အနိယမတ္ထယူသော် မသင့်။

သတ္တုပစာနယူသော်သင့်၏။အသတ္တုပစာနယူသော် မသင့်။ ဆဋ္ဌီဝိဘတ်၏အနက်ကို သမ္ဗန်ယူသော် သင့်၏။ကမ္မတ္ထ စသည်ယူသော်မသင့်။တ-အရ မိဂဏ္ဍိကယူသော်သင့်၏။ အခြား ဣတ္ထိ၊ ပုရိသ စသည်ယူသော် မသင့်။

ဤသို့ သဒ္ဒါ၊အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ခြင်းသည် ယုတ္တိဟာရနေတ္တိ မည်၏-ဟူလိုသော်။ ။

**************

## ဝါကျစဉ် (၉)

(က) **နောတိ** ဥပယောဂဗဟုဝစနံ။

(ခ) သာဓု အာဝုသော အမှေ ဗီဝိတာ ဝေါရောပေဟီတိတိ ဝုတ္တံ ဟောတိ။

(ဂ) ဧတ္တ စ အရိယာ နေဝ ပါဏာတိပါတံ ကရိံသု၊ န သမာဒပေသုံ၊ န သမနုညာ အဟေသုံ။

(ဃ) ပုထုဇ္ဇနာ ပန သဗ္ဗမကံသု။

(င) **သောဟိတကန္တိ** လောဟိတမက္ခိတံ။ (ဝိ၊ ဋ၊ ၂၊ ၆။)

http://www.dhammadownload.com



နံပါတ် (၁)

(က) နောတိ-နော-ဟူသော။ဣဒံ-ဤပုဒ်သည်။ဥပယောဂဗဟုဝစနံ-ဒုတိယာဗဟု ဝုစ်ရှိသောသဒ္ဒါတည်း။**တစ်နည်း**-နောတိ-နောဟူသော။ဣဒံ-ဤဝိဘတ်သည်။ဥပယောဂ ဗဟုဝစနံ-ဒုတိယာဗဟုဝုစ် ဝိဘတ်တည်း။

(ဂ). ဧတ္ထ-ဧတေသုဘိက္ခုသု။ အညေဟိပိ (ကာရိတ်ကံ)

သမ္မနုညာ-နှစ်သက်ခြင်း ရှိကုန်သည်။(မအူ-သဒ္ဒတ္ထ)ဝါ-ခွင့်ပြုကြကုန်သည်။ (သဒ္ဒါကျမ်းများအလို-သဒ္ဒတ္ထစစ်စစ်) ဝါ-သဘောတူကြကုန်သည်။(အဓိပ္ပါယတ္ထ)

နံပါတ် (၂)

**(ခ) ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာသည် (က) ဝါကျဖြင့် နောသဒ္ဒါ သည် ဒုတိယာဗဟုဝုစ်ဝိဘက်၏ ကာရိယဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ပါဠိတော်၌ သာဓု နော အာဝုသော-စသဖြင့် သာမညဟော၍ စတုတ္ထီ၊ ဆဋ္ဌီဗဟုဝုစ်ဝိဘတ်တို့၏ ကာရိယလည်း ဖြစ်သင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် နောသဒ္ဒါသည် ဒုတိယာ ဗဟုဝုစ် ဝိဘတ်၏ ကာရိယ ဖြစ်၏ဟု ထူးဆန်းစွာ ဖွင့်ဆိုခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။ ဤသို့ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

**ကား။** ။သာဓု အာဝုသော အမှေ ဇီဝိတာ ဝေါရောပေဟိ-ဟူ၍ အတ္ထယုတ္တိရှိသောကြောင့် ငါဆိုသောစကား သင့်၏-ဟူလို။

**နိယံ။** ။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယှိုင်၊ မြဲစိုင်ဒဋ္ဌီခြင်း

**(ဂ)ဝါကျသို့ လီနတ္ထရ စောဒနာ။** ။ဆရာပါဠိတော်၌ ငါးရာသော ရဟန်းတို့သည် သာဓု နော အာဝုသော ဇီဝိတာ ဝေါရောပေတိ ဟု ပြောဆိုကြကုန်၏ဟု ဆိုအပ်၏။ ထိုသို့ဆိုသော် ငါးရာသော ရဟန်းတို့တွင် အရိယာရဟန်းတို့လည်း ပါဝင်သောကြောင့် အရိယာရဟန်းတို့သည် ဇီဝိတာ ဝေါရောပန-အမှုကို ပြုကြကုန်၏-ဟု မှတ်သားထိုက် သည် မဟုတ်ပါလော။အဘယ်သို့ မှတ်သားထိုက်ပါသနည်း။ဤစုဒ်ကြောင့် (ဂ) မိန့်။

**နိယံ။** ။**ဧတ္ထာ စ မှာ၊လီနတ္ထာ၊စုဒ်လာအဖြေပြ။**

ဧတ္ထအစွဲ ထပနာထားရသည်ကို ပုံသေ မှတ်သားရန်။

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာသည် (ဂ)ဝါကျဖြင့် အရိယာရဟန်းတို့သည်ပါဏာ တိပါတ အမှုကို ပြုခြင်း၊ ပြုစေခြင်း၊ သဘောတူညီခြင်း မရှိကြကုန်ဟု ဖွင့်ပြအပ်၏။ ပုထုဇဉ်တို့လည်း အရိယာတို့နည်းတူ ထိုပါဏာတိပါတ အမှုသုံးမျိုးကို မပြုကြ ကုန်ဟူ၍ပင် မှတ်သားအပ်ပါသလော။ (နု-သွင်း)ဝါ-ပါဏာတိပါတ အမှုသုံးမျိုးတို့တွင် တစ်မျိုးမျိုး ကိုသာ ပြုကြကုန်၏-ဟု မှတ်သားအပ်ပါသလော။(သဗ္ဗ-ရှု)အဘယ်သို့ မှတ်သားအပ် ပါသနည်း။ ဤသို့ စုဒ်ကြောင့် (ဃ)မိန့်။

နံပါတ် (၃)

(ခ) ဝါကျ-ယုတ္တိဒဋ္ဌီကရဏ-အနက်အားဖြင့်ထောက်ခံ။တစ်နည်း-ဝိတ္ထာရ။

http://www.dhammadownload.com



ဒုတိယာဝိဘတ် ဖြစ်နိုင်ပုံကိုချဲ့ပြ။(ဂ)ဝါကျ-ဝါကျာရမ္ဘ-စုဒ်,စောဒနာစရာကို ဖြေပြ။(ဃ)ဝါကျ-အနွယ/ပက္ခန္တရ။(င)ဝါကျ-ပက္ခန္တရ။

**စာစပ်။** ။ထွေ…တို့တွင် ပေးသောကြောင့်၊အရိယာ,ပုထုဇ္ဇနာတို့၌ နိဒ္ဒါရဏာသံမှဒါယ/ အရိယာပုထုဇ္ဇနာတို့ကား နိဒ္ဒါရဏီယ။

နံပါတ် (၄)

**ဓိဝိတာ။** ။**ဓိဝန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဓိဝိတံ။** (ဓိဝ+တ)

ဓိဝ-ဓာတ်အရ ကတ္တုဒြဗ်ကြိယာ-သမ္ပယုတ်တရားတို့၏ ဥပါဒ်သည် မုချ။ကရဏာတ္ထ ကြိယာ-ဓိဝိတိန္ဒြေ၏ သဟာဇာတ ပစ္စယသတ္တိသည် ဖလူ။တ-ပစ္စည်းအရ ထို…သော ဓိဝိတိန္ဒြေရ၏။

**ပါဏော။** ။ **ပဏန္တိ ဓိဝန္တိ သတ္တာ ဧတေနာတိ ပါဏော။** (ပဏ+ဏ)

ဉာသိကြောက် ဓိဝိတနှင့် တူ၏။

**လောဟိတံ။** ။ **ရုဟတိ သရီရေ ဗျာပနဝသေနာတိ လောဟိတံ။** (ရုဟ+တ)

ရုဟ-ဓာတ်အရ အာပေါဓာတ် လွန်ကဲသော ကမ္မဇ,ဥတုဇ,ဖြစ်သော သွေး၏ ဥပါဒ်သည် မုချ။တ-ပစ္စည်းအရ ဥပ္ပါဒဝန္တ ဖြစ်သော သွေးရ၏။

**မက္ခိတော။** ။ **မက္ခိယတေတိ မက္ခိတော။**

မက္ခ-ဓာတ်အရ ကတ္တုဒြဗ်ကြိယာ မိဂလက္ခိက၏သန္တာန်၌ သတ်ဖြတ်သော အခြင်း အရာအားဖြင့် ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်၏ ဥပါဒ်သည်။/**တစ်နည်း**-ဥတုဇဖြစ်သော သွေး၏ဥပါဒ်သည် မုချ။ကမ္မဒြ ကြိယာ-သံလျက်၏ ပက်တူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရ ထို…သော သံလျက်ရ၏။

**လောဟိတမက္ခိတော။** ။လောဟိတေန မက္ခိတော လောဟိတမက္ခိတော။

လောဟိတအရ သွေးသည်မုချ။ထို၏ လိမ်းကျံအပ်သော သံလျက်နှင့် ဝိသေသန ဝိသေသျစပ်ဌာန။ပုဒ်လုံးအရ သွေးဖြင့်လိမ်းကျံအပ်သော သံလျက်ရ၏။

**သမနုညာ။** ။ **သံဝိဇ္ဇတိ မနုညာ ဧတေသန္တိ သမနုညာ။** (သ+မနုည)

**သမ္မာ အနုဇာနာတီတိ သမနုညာ။** (သံ+အနု+ဉာ+ကွိ)

နံပါတ် (၅)

| | |
|---|---|
| **ပါဏ။** | ။ပဏ+ဏ။ |
| **သာဓု။** | ။သာဓ+ဏု။(အတ္တနော ပရေသံ ဟိတံ သာဓေတီတိ သာဓု) |
| **နိပါတ။** | ။နိ+ပတ+ဏ။ |
| **ဓိဝိတ။** | ။ဓိဝ+တ။ |
| **သမနုညာ။** | ။သံ+အနု+ဉာ+ကွိ။ |
| **ပုထုဇ္ဇနာ။** | ။ပုထုသဒ္ဒါ+ဇန+ကွိ။ |
| **နဒီ။** | ။နဒ+အ+ထီဇောတက-ဤ။ |

http://www.dhammadownload.com



**ဥပယောဂ**။ ။ဥပ+ယုဇ+ဏ။
**အတိပါတ**။ ။အတိ+ပတ+ဏ။

နံပါတ် (၆)

(က)ဥပယောဂဗဟုဝစနံ-ဖြင့် နော-သဒ္ဒါသည် ဒုတိယာဗဟုဝုစ်ဝိဘတ်၏ ကာရိယ အဖြစ်ကို သိစေသည်။

(ခ) **အမှေ**-ဖြင့် နော-သည် အမှ-သဒ္ဒါ၏ ကာရိယအဖြစ်ကို သိစေပါသည်။ **ဝုတ္တံ ဟောတိ**-ဖြင့် ရဟန်းတော်တို့၏ပြောလိုရင်း ပိဏ္ဍတ္ထ,ဥဇကတ္ထကို သိစေသည်။

(ဂ) **လောဟိတမက္ခိတံ** -ဖြင့် သွေးရှိသော သံလျက်ဟူသည် သွေးတို့ဖြင့် လိမ်းကျံ အပ်သော သံလျက်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

**လောဟိတမက္ခိတံ**-ဖြင့် လောဟိတကံ-၌ လောဟိတပုဒ်+က-ပစ္စည်း၊ ယင်းက-ပစ္စည်းသည် မက္ခိတအနက်၌ သက်၍ လောဟိတေဟိ မက္ခိတော လောဟိတကော-ဟု မက္ခိတတဒ္ဓိတ် ဝစနတ္ထ ပြုရမည်ကို သိစေသည်။

**လောဟိတံ အဿ အတ္ထီတိ လောဟိတကံ**။ (က-ပစ္စည်း။ ဘာဋ္ဌိ)

နံပါတ် (၇)

**သမနုညာ အဟောသုံ/ သမနုညာပေသုံ**...

သမနုညာပေသုန္တိ အနုဇာနာပေသုံ(ယောဇနာ)၌ ကာရိတ်ကြိယာ အဖြစ်ဖြင့် ဖွင့်ပြ သောကြောင့် သမနုညာပေသုံ-ပါဌ်သင့်။

အရိယာပုဒ်၏ ဝိကတိကတ္တား ဖြစ်သောကြောင့်လည်းကောင်း၊နိသျတို့၌လည်း ယင်းပါဌ်ကိုပင် အတ္ထယောဇနာသောကြောင့်လည်းကောင်း၊ခွင့်ပြုခြင်းအနက်၌ သမနုညာ ပါဌ်ကို အသုံးတွေ့ရသောကြောင့်လည်းကောင်း သမနုညာ အဟောသုံ-ပါဌ်လည်း သင့်။

**လောဟိတကံ/လောဟိတဂတံ**...

လောဟိတဂတန္တိပိ ပဌန္တိ-ဟု သာရတ္ထဋီကာ၌ မူကွဲပါဌ်ကို ဖွင့်ဆိုသောကြောင့် လောဟိတဂတံ-ပါဌ်သင့်။

လောဟိတ-ပုဒ်+က-ပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ အလိုရှိအပ်သော အနက်ကို ရအပ်သောကြောင့် လည်းကောင်း လောဟိတကံ-ပါဌ်လည်းသင့်။

နံပါတ် (၈)

**နော**။ ။အကျိုးဖြစ်သော ကာရိယ နော-၏ အမည်ကို အကြောင်းဖြစ်သော ကာရီဒုတိ ယာဗဟုဝုစ် ယော-ဝိဘတ်၌တင် ဖလူပစာ။ အဝိနာဘာဝနည်း။

**တစ်နည်း**-အပေါင်းဖြစ်သော ဒုတိယာ, စတုတ္ထီ, ဆဋ္ဌီ ၏၊ ဝုစ်ဝိဘတ်ကို၏ နော-အမည်ကို အစိတ် ဒုတိယာ ဗဟုဝုစ်ဝိဘတ်၌တင် ဧကဒေသူ။

နံပါတ် (၁၀)

**ဗိဝိတာ ဝေါရောပေတိ**-အရ ကောက်၍ ဩတရဏဟာရနေတ္တိထုတ်ပါ။

http://www.dhammadownload.com



ဝဓကစေတနာပြဋ္ဌဝန်းသော ဒေါသမူစိတ္တုပ္ပါဒ်။

သြတရဏာဟာရဟူသော်ကား-သြတာရီယန္တိ အနုပဝေသိယန္တိ ဧတေန သုတ္တာဂတ မွော ခန္ဓာဒီသူတိ သြတရဏော-ဟူသော ဝစနတ္ထနှင့် အညီ သုတ္တာဂတဓမ္မတို့ကိုခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တို့၌ သွင်းကြောင်း ဖြစ်သောကြောင့် သြတရဏာ ဟာရမည်၏။

အဘယ်သို့ သွင်းချသနည်းဟူမူ···· ဝေါရောပေတိ-အရ ဒေါသမူစိတ္တုပ္ပါဒ်နှင့် အတူ ဥပါဒ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။သညာသည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်ဝိသသည် သင်္ခါရက္ခန္ဓာ မည်၏။ဒေါသမူ ဒွေးသည် ဝိညာဏက္ခန္ဓာ မည်၏။

ဤသို့ ခန္ဓာအားဖြင့် သွင်းချခြင်းသည် ခန္ဓောတရဏာ မည်၏။

ဒေါသမူဒွေးသည် မနာယတန မည်၏။စေတသိက်ဗာဝိသသည် ဓမ္မာယတန မည်၏။ ဤသို့ အာယတနအားဖြင့် သွင်းချခြင်းသည် အာယတနောတရဏာဟာရမည်၏။

ဒေါသမူဒွေးသည် မနိန္ဒြေမည်၏။ဒေါမနဿဝေဒနာသည် ဒေါမနဿိန္ဒြေ မည်၏။ ဧကဂ္ဂတာသည် သမာဓိန္ဒြေမည်၏။ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။ဝီရိယသည် ဝီရိယိ န္ဒြေမည်၏။ ဤသို့ ဣန္ဒြေအားဖြင့် သွင်းခြင်းသည် ဣန္ဒြေယောတရဏာဟာရ မည်၏။

ဤသို့လျှင် သုတ္တာဂတဓမ္မတို့ကို ခန္ဓာစသည်၌ သွင်းချခြင်းသည် သြတရဏာဟာရ နေတ္တိနည်း မည်၏။

**************

## ဝါကျစဉ် (၁၀)

(က) **ယေန ဝဂ္ဂုမုဒါ နဒီတိ** ဗဂ္ဂုမတာ လောကဿ ပုညသမ္မတာ နဒီ။

(ခ) သောပိ ကိရ "တံ ပါပံ တတ္ထ ပဝါဟေဿမိ" တိ သညာယ ဂတော။

(ဂ) နဒိယာ အာနုဘာဝေန အပ္ပမတ္တကမ္ပိ ပါပံ ပဟီနံ နာမ နတ္ထိ။

(ဃ) **အဟု ဝိပ္ပဋိသာရောတိ** တဿေဝ ကုက္ကုစ္စဿ သဘာဝနိယမနတ္ထမေတံ ဝုတ္တံ။

(င) ဝိပ္ပဋိသာရကုက္ကုစ္စံ အဟောသိ၊ န ဝိနယကုက္ကုစ္စန္တိ။ (ဝိ၊ ဋ္ဌ၊၂။ ၆။)

**************

## နံပါတ် (၁)

(ခ) သောပိ-၌ ပိ-၏ သမုစ္စယတ္ထ (သမ္ဘာဝနတ္ထ) အပေက္ခါ ဧနာ-အခြားသော လူတို့သည်လည်းကောင်း။(အပိုသဒ္ဒေါ် အညေဧနေ အပေက္ခိတိ။ယောဇနာ)ပဝါဟေဿမိ၊ ကင်းစေအံ့။(သဒ္ဒတ္တ)ဝါ-သုမ်သင့်အံ့။(အဓိပ္ပါယတ္ထ)ဝါ-မျှောအံ့ (ဝေါဟာရတ္ထ)ပါ်ပံ၊မိမိ ကိန်းရာ သတ္တဝါကို အပါယ်လေးရွာသို့ ရောက်စေတတ်သော အကုသိုလ်ကို ။(သဒ္ဒတ္တ) ဝါ-မကောင်းမှုကို (ဝေါဟာ၊အဓိပ္ပါ)

(င) ဝိပ္ပဋိသာရကုက္ကုစ္စ၊ စွဲ၍ ဖေါက်ပြန်စွာ အောက်မေ့ခြင်းတည်းဟူသော ကုက္ကုစ္စ

http://www.dhammadownload.com



သည်။ဝါ-နှလုံးမသာယာခြင်း တည်းဟူသော ကုက္ကုစ္စသည်။

နံပါတ် (၂)

**(က) ဝါကျသို့ အပရာနုသန္ဓေ။** ။ယခုအခါ၌ ဝဂ္ဂမတာ-ဟု ဆိုလိုလျက်လူတို့သည် ဝဂ္ဂမုဒ္ဒါ-ဟု ခေါ်ဝေါ်အပ်သည် ၏ အဖြစ်ကို ပြလိုတော်မူလိုသော အဋ္ဌကထာ ဆရာသည် (က) ဝါကျမိန့် (ဋီကာ)

**(ခ) ဝါကျသို့ ဠပနာတိကပုစ္ဆာ။** ။ဆရာ(က)ဝါကျဖြင့် ဝဂ္ဂမုဒ္ဒါမြစ်ဟူသည် လူအပေါင်းသည် သန့်ရှင်းစင်ကြယ်ကြောင်းဟူ၍ သမုတ်အပ်သော၊ဝါ၊ကောင်းမှုဟူ၍ သမုတ်အပ်သော မြစ်ဖြစ်၏ဟု ဖွင့်ဆိုအပ်၏။မြစ်သည် အဘယ်သို့လျှင် လူအပေါင်း၏ မကောင်းမှုမှ စင်ကြယ်စေပါသနည်း။မြစ်သည် တစ်စုံတစ်ခုသော မကောင်းမှုကို စင်ကြယ်အောင် စွမ်းဆောင်နိုင်ပါ၏လော။ဤသို့ စစ်ကြောင့်(ခ)မိန့်။(သညာယကို ရှုသည်)

**ကား။** ။မြစ်သည် တစ်စုံတစ်ခုသော မကောင်းမှုကို စင်ကြယ်အောင် စွမ်းဆောင်နိုင်သည် မဟုတ်၊ ကျူးလွန်ပြီးသော မကောင်းမှု ရှိသူတို့၏ ယင်းမကောင်းမှုကို မြစ်၌ မျှောပစ်က စင်ကြယ်၏ဟု အယူရှိသောကြောင့် ဟူလို။

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် မိဂလဏ္ဍိကသည် ထိုမကောင်းမှုကို မြစ်၌ မျှောပစ်အံ့- ဟူသော သညာဖြင့် သွား၏ဟု ဖွင့်ပြ၏။မိဂလဏ္ဍိက၏အကုသိုလ်ကို ထိုမြစ်၏ အာနုဘော်ဖြင့် ပယ်သတ်နိုင်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ဤသို့ စစ်ကြောင့် (ဂ) မိန့်။

**စတုက္ကနည်း.....**

(က) နန နဒိယာ အာနုဘာဝေန အပ္ပမတ္တကမ္ပိ ပါပံ ပဟီနံ နာမ နတ္ထိ။

(ခ) အထ ကသ္မာ ဝဂ္ဂမတာ လောကဿ ပုညသမ္မတာ နဒီတိ ဝုတ္တာ။

(ဂ) သောပိ တံ ပါပံ တတ္ထ ပဝါဟေဿာမီတိ သညာယ ဂတော၊တသ္မာ-

**(ခ) ဝါကျ ကျမ်းထွက်။** ။ဆရာ(က) ဖြင့် ဝဂ္ဂမုဒ္ဒါမြစ်ကို စင်ကြယ်ကြောင်း မြစ်ဖြစ်၏ဟု လောကသားတို့ သမုတ်အပ်သည်ကို ဖွင့်ပြအပ်၏။အဘယ်ကြောင့် လောကသားတို့ ထိုမြစ်ကို စင်ကြယ်ကြောင်း ကောင်းမှုမြစ်ဟူ၍ သမုတ်အပ်ပါသနည်း။မြစ်၏အာနုဘော်ဖြင့် အနည်းငယ်မျှလည်းဖြစ်သော အကုသိုလ်ကို ပယ်မြစ်ခြင်မည်သည် မရှိရာသည် မဟုတ်ပါသလော။ ဤသို့ စုဒ်ကြောင့် (ခ) မိန့်။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာ၊ ပါဠိတော်၌ "အဟုဒေဝ ကုက္ကုစ္စံ၊ အဟု ဝိပ္ပဋိသာရော" ဟုဆို၏။ကုက္ကုစ္စနှင့် ဝိပ္ပဋိသာရတို့သည် အရအားဖြင့် မထူးခြားသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်အကျိုးငှာ အဟု ဝိပ္ပဋိသာရော ဟု ဝိပ္ပဋိသာရကို ထပ်၍ ဆိုအပ်ပါသနည်း။မဆိုသင့်ဘဲဆိုချေသော် ဂန္တဂရု၊ ပုနရုတ္တိ၊ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**ကား။** ။အရကောက် မထူးခြားသော်လည်း ထိုကုက္ကုစ္စ၏ သဘာဝကို မှတ်သားနိုင်ခြင်း

http://www.dhammadownload.com



အကျိုးငှာ ဆိုအပ်သောကြောင့် သင်တင်သော ဂန္ထဂရုဒေါ်သ စသည်ငါ၌ မရောက်ဟူလို။

နံပါတ် (၃)

(ခ) ဝါကျ-ဝိတ္ထာရ။ ပုညသမ္ဘတာ ဖြစ်ပုံကို ချဲ့ပြ။(ဂ)ဝါကျ-ဝါကျာရမ္ဘ- မြစ်၏ အာနုဘော်ဖြင့် အပြစ်ကို မျှောနိုင်ပါသလော-ဟူသော စောဒနာဖွယ်ကို ပယ် လို၍ဆက်လက် အားထုတ်။(ဃ)ဝါကျ-ပက္ခန္တရ။(င)ဝါကျ-ဝါကျာရမ္ဘ/ပက္ခန္တရ။

နံပါတ် (၄)

ပါပံ။ ။ တံ သမ်ဂီပုဂ္ဂလံ ဒုဂ္ဂတိံ ပါပေတီတိ ပါပံ။

ပ+အပ-ဓာတ်. သုဒ္ဓကတ္တုဋ္ဌ-ဒုဂ္ဂတိသို့ ရောက်တတ်သော အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏ စိတ္တုပ္ပါဒ်၏ ဥပါဒ်သည် မှုချ။ဟေတုကတ္တုဋ္ဌ-အကုသိုလ် စေတနာ၏ နာနက္ခဏိက ကမ္မသတ္တိသည် ဖလူ။ဏ-ပစ္စည်းအရ ထို-သော အကုသိုလ် စေတနာ ရ၏။

ပဟီနံ။ ။ ပဟီယတေတိ ပဟီနံ။ (ပ+ဟာ+တ)

ဟာ-ဓာတ် ကတ္တုဋ္ဌကြိယာ-ပယ်တတ်သော ကုသိုလ်စိတ္တုပ္ပါဒ်တို့၏ တဒင်္ဂပဟာ နသတ္တိစသည်သည်မှုချ။ကမ္မဋ္ဌကြိယာ-အကုသိုလ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရ ထို-သော ပယ်အပ်သော အကုသိုလ်ရ၏။

ကုက္ကုစ္စံ။ ။ ကရီယတေတိ ကတံ၊ ကုစ္ဆိတံ ကတံ ကုကတံ၊
ကုကတဿ ဘာဝေါ ကုက္ကုစ္စံ။

ကုကတတဒ္ဓိတ်ပုဒ်အရ-စက်ဆုပ်အပ်စွာ ပြုအပ်သော အမှုသည် မှုချ။ထို-၏ ဏျပစ္စည်အရ-ပြုခြင်းအမှုအရာ ကြိယာနှင့် နိဿယ/နိဿိတအစပ်သမ္ဗန်သည် ဌာနူ။ ဏျပစ္စည်းအရ-ထို သော ပြုခြင်းအမှုအရာ ကြိယာရ၏။

ဝဂ္ဂု။ ။ ဝိဂစ္ဆတိ ဓောနာတိ ဝဂ္ဂု။(ဝိ+ဂမု+ကု)

ဝဂ္ဂုမတာ။ ။ ဝဂ္ဂု ဣတိ မတာ ဝဂ္ဂုမတာ။

ဝဂ္ဂု ဝိသေသနပုဒ်အရ သန့်ရှင်းစင်ကြယ်ခြင်း၏ အဖြစ်ဟူသော သမ္ဘာဝနာဘော ဂုဏ်သည် မှုချ။ထို၏မတာဟူသော နောက်ပုဒ်အရ သမုတ်အပ်သော မြစ်နှင့်ဂုဏ်/ဂုဏော အစပ်သမ္ဗန်သည် ဌာနူ။ပုဒ်လုံးအရ-ထို သော သမုတ်အပ်သောမြစ်ရ၏။

ပုညသမ္ဘတာ။ ။ ပုညံ ဣတိ သမ္ဘတာ ပုညသမ္ဘတာ။

အပ္ပမတ္တကံ။ ။ အပ္ပံ မတ္တာ ယဿာတိ အပ္ပမတ္တကံ။ (ပါပံ)

သဘာဝနိယမံ။ ။ သဘာဝဿ နိယမံ သဘာဝနိယမံ။

ပုညံ။ ။ ပုနာတိ သောဓေတီတိ ပုညံ

နံပါတ်(၅)

ဝဂ္ဂု။ ။ဝဂ + ဉ။

မတာ။ ။မန + တ။

http://www.dhammadownload.com



| | |
|---|---|
| **ပုည**။ | ။ပု + ဏျ။ |
| **သမ္မတာ**။ | ။သံ + မန + တ။ |
| **သညာ**။ | ။သံ+ ဉာ+ အ+ ထိဓောတက-အာ။ |
| **အာနုဘာဝ**။ | ။အာ + အနု + ဘူ+ ဏ။ |
| **အပ္ပ**။ | ။အလ + ပ။ တစ်နည်း-အပ္ပ+အ။ |
| **နိယမန**။ | ။နိ + ယမု + ယု။ |

နံပါတ် (၆)

(က) **ဝဂ္ဂုမတာ-ဖြင့်** ဝဂ္ဂုမတာ-ဟု ဆိုအပ်လျှင် သဒ္ဒါဆရာတို့ ဝဂ္ဂုမုဒါ-ဟုခေါ်ဝေါ်အပ်သည်ဟူသော အဓိပ္ပာယ်ကို သိစေသည်။

**ဝဂ္ဂုမုဒါတိ ဧတ္ထ "ဝဂ္ဂုမတာ" တိ ဝတ္တဗ္ဗေ လောကိကာ "မုဒါ" တိ ဝေါဟရိံသူတိ ဒဿေန္တော အာဟ "ဝဂ္ဂုမတာ" တိ။**(ဝိမတိ)

**တစ်နည်း**-မုဒ-သဒ္ဒါသည်မတာ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေသည်။ **ပုညသမ္မတာ-ဖြင့်** ဝဂ္ဂု-သဒ္ဒါသည် ပုညသဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေသည်။ **တစ်နည်း** - ဝဂ္ဂုသဒ္ဒါသည် စင်ကြယ်ခြင်းအနက်ကို ဟောသော ရုဠီပါဠိပဒိကပုဒ်ဖြစ်သည်ကို သိစေသည်။**လောကဿ ပုညသမ္မတာ-ဖြင့်**ဝဂ္ဂုမုဒါကို ဝဂ္ဂု ဣတိ မုဒါ ဝဂ္ဂုမုဒါ-ဟု သမ္ဘာဝနာကမ္မဓာရည်း သမာသ်ပြုအပ်သည်ကိုလည်းကောင်း၊ လူအပေါင်း၏ ကောင်းမှုဟူ၍ သမုတ်အပ်သောကြောင့် ဝဂ္ဂုမုဒါမြစ် မည်၏-ဟူသော အဓိပ္ပာယ်ကို-လည်းကောင်း သိစေသည်။

(င)**ဝိပ္ပဋိသာရကုက္ကုစ္စံ-ဖြင့်** ကုက္ကုစ္စ, ဝိပ္ပဋိသာရတို့အရ ဝိပ္ပဋိသာရကုက္ကုစ္စကို ကောက်ယူရမည်ကို သိစေသည်။ **အဟောသိ-ဖြင့်** အဟု-၌ ဟူ-ဓာတ်+အဇ္ဇတ္တနီ ဤ-ဝိဘတ်၊ယင်း ဤ-ဝိဘတ်ချေ၍ ဦ-ကို ဉ-ရဿပြု၍ လည်းကောင်း၊ အ-လာ၍ပြီးသည်ကိုလည်းကောင်း သိစေသည်။

**န ဝိနယကုက္ကုစ္စံ-ဖြင့်** ကုက္ကုစ္စ-အရ ဝိနယကုက္ကုစ္စမဟုတ်ဟူသော အဓိပ္ပာယ်ကို သိစေသည်။

နံပါတ် (၇)

**ပုညသမ္မတာ/ပုညသမတာ...**

သံပုဗ္ဗ+မန+တ္တ-ပစ္စည်းဖြင့် က-အနုဗန္ဓနှင့်တကွ ဓာတွန်-န-ကိုချေ၍ နိဂ္ဂဟိတ်ကို မ-ပြု၍ ပြီးသောကြောင့် ပုညသမ္မတာ-ဟု ဒွေးတော်ဖြင့်ရှိသောပါဌ်သင့်။ဘျာဒီဟိမတိ ဇုမိပူဇာဒီဟိတွေ-သုတ်ရှု။ဆင်တဲဂဏ္ဍိဟောင်း၌ ပုညသမတာ-ဟု ဒွေးဘော်မဲ့ ပါဌ်ရှိ၏။ ထိုသို့ပင် ရှိငြားသော်လည်း ယင်းသုတ်အဖွင့်နှင့် အညီသောကြောင့် မသင့်ပါ။

**(ခ) သော/သော...**

အပိသဒ္ဒေါ အဝေ့ချေ အဝေ့ကြတိ-ဟု ယောဇနာဖွင့်ဆိုသောကြောင့် အပိနှင့်ရှိ

http://www.dhammadownload.com



သော သောဝိ-ပါဠိသင့်။

နံပါတ် (၈)

**ဝဇ္ဇမတာ။** ။အကုသိုလ်မှ စင်ကြယ်စေနိုင်သော သတ္တိထင်ရှားရှိသော ကုသိုလ်တရား၏ ဝဇ္ဇမတာအမည်ကို အကုသိုလ်မှ စင်ကြယ်စေနိုင်သော သတ္တိထင်ရှား မရှိသော မြစ်၌တင် တဒ္ဓမ္မူပစာ။

**ကုက္ကုစ္စ။** ။အပေါင်းဖြစ်သော ဝိပ္ပဋိသာရကုက္ကုစ္စ၊ဝိနယကုက္ကုစ္စ၊အသံယတကုက္ကုစ္စ တို့၏ အမည်ကို အစိတ်ဖြစ်သော ဝိပ္ပဋိသာရကုက္ကုစ္စ၌တင် ဧကဒေသူ။

**တစ်နည်း။** ။အကြောင်းအာရုံဖြစ်သော လွန်ကျူးခြင်း ကုက္ကုစ္စ၏အမည်ကို အကျိုးအာရမ္မဏိက ကုက္ကုစ္စစေတသိက်၌တင် ကာရဏူ၊ နာနန္တရိက

ဝိပ္ပဋိသာရကုက္ကုစ္စ။ ။အစိတ်ဖြစ်သော ကုက္ကုစ္စ၏အမည်ကို အပေါင်းဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ်၌တင် ဧကဒေသူ၊ ဥပလက္ခဏ-နည်း။

**မှတ်ချက်။** ။စိတ်ကိုကောက်လျှင် ပဓာန-နည်း။ စေတသိက်ကို ကောက်လျှင် ဥပလက္ခဏ-နည်း။

နံပါတ် (၁၀)

**ဝိနယကုက္ကုစ္စ**-အရကောက်၍ ဣန္ဒြိယောတရဏာဟာရနေတ္တိ။
ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်၊ ကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်။

*************

## ဝါကျစဉ် (၁၁)

(က) **အလာဘာ ဝတ မေတိ** အာဒိ ကုက္ကုစ္စသဿ ပဝတ္တိ အာကာရဒဿနတ္ထံ ဝုတ္တံ။

(ခ) **တတ္ထ အလာဘာ ဝတ မေတိ** အာယတိံ ဒါနိ မမ ဟိတသုခလာဘာနာမ နတ္ထီတိ အနုတ္ထုနာတိ။

(ဂ) **န ဝတ မေ လာဘာတိ** ဣမိနာ ပန တမေဝတ္ထံ ဒဠှံ ကရောတိ။

(ဃ) အယံ ဟေတ္ထ အဓိပ္ပါယော-သစေပိ ကောစိ "လာဘာ တေ" တိ ဝဒေယျ၊ တံ မိစ္ဆာ။

(င) န ဝတ မေ လာဘာတိ။ (ဋီ၊ ၄၊ ၂။ ၇။)

***************

**ပါဠိတော်**...အလာဘာ ဝတ မေ၊ န ဝတ မေ လာဘာ။

နံပါတ် (၁)

မေ၊ ငါ၏။ဝါ၊ငါ့မှာ။ဝတ၊ စင်စစ်။ အလာဘာ၊စီးပွားချမ်းသာတို့ကို မရခြင်းတို့သည်။ဟောန္တု၊ကုန်လေစွ။မေ၊ငါ၏။ဝါ၊ ငါ့မှာ။ဝတ၊စင်စစ်။လာဘာ၊စီးပွားချမ်းသာတို့ကို ရခြင်းတို့သည်။နဟောန္တိ၊မဖြစ်လေကုန်စွာတကား။(သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗကို

http://www.dhammadownload.com



အနက်ပေး၏။)

အနုတ္တနှာတိ၊ ငြီးတွား၏။ (သဒ္ဒတ္ထ)

ကုဏ္ဍုဋ္ဌ-ကို ဝိဂ္ဂဟ ရှု၍ သဂုဏာဒဗ္ဗပေက္ခသဒ္ဒတ္ထ အနက်ပေး။

နံပါတ် (၂)

**(က) ဝါကျသို့ စောဒနာ။** ။ဆရာ ပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် အလာဘာ ဝတ မေ စသော စကားရပ်တို့ကို မိန့်ဆိုအပ်၏။အဘယ်အကျိုးငှာ ထိုစကားရပ်တို့ကို မိန့်ဆိုအပ်ပါသနည်း။ အဟု ဒေဝ ကုဏ္ဍုဋ္ဌံ အဟု ဝိပ္ပဋိသာရော ဟူသော ပါဠိရပ်တို့ဖြင့်ပင် မိဂလုဒ္ဒကတ၏ ကုဏ္ဍုဋ္ဌ ဖြစ်နေသည်ကို သိအပ်ပြီး မဟုတ်ပါလော။ဤသို့ စုဒ်ကြောင့် (က) မိန့်

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာ(က)ဝါကျဖြင့် အလာဘာ ဝတ မေ စသောစကားရပ်ကို ကုဏ္ဍုဋ္ဌ ဖြစ်ပုံ အခြင်းအရာကို ပြခြင်းအကျိုးငှာ ဆိုအပ်၏ ဟု ဖွင့်ဆိုအပ်၏။ အဘယ်သို့သော အခြင်းအရာအားဖြင့် ကုဏ္ဍုဋ္ဌဖြစ်ပါသနည်း။ကုဏ္ဍုဋ္ဌဖြစ်ပုံအခြင်းအရာကို သိသာထင်ရှားအောင် ပြဆိုသင့်သည် မဟုတ်ပါလော။ဤသို့ စုဒ်ကြောင့်(ခ) မိန့်။

**(ဂ) ဝါကျသို့ စောဒနာ။** ။ဆရာသည် (ခ) ဝါကျဖြင့် အလာဘာ ဝတ မေ ပုဒ်၏ ကုဏ္ဍုဋ္ဌဖြစ်ပုံ အခြင်းအရာကို အကျယ်အားဖြင့် ပြဆိုတော်မူ၏။န ဝတ မေ လာဘာ ပုဒ်၏ ကုဏ္ဍုဋ္ဌဖြစ်ပုံ အခြင်းအရာကိုကား အဘယ်သို့ မှတ်သားအပ်ပါသနည်း။အလာဘာ ဝတ မေ ဟူသောပုဒ်၏ ပြဆိုအပ်သော အနက်အဓိပ္ပာယ်မှ တစ်ပါးသောအနက်အဓိပ္ပာယ် ကိုလည်း မှတ်သားအပ်ပါသလော။ဤသို့ စုဒ်ကြောင့် (ဂ)မိန့်။(တမေဝတ္ထံကို ရှုသည်)

**(ဃ) ဝါကျသို့ အဘောဂါယုတ္တစောဒနာ။** ။ဆရာသည် (ဂ) ဝါကျဖြင့် န ဝတ မေ လာဘာ ပါဠ်ဖြင့် အလာဘာ ဝတ မေ ပါဠ်၏ အနက်အဓိပ္ပာယ်အတိုင်းသာ မြဲစွာမှတ်သားထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။အလာဘာ ဝတ မေ နှင့် န ဝတ မေ လာဘာတို့သည် သဒ္ဒါအားဖြင့် ကွဲပြား၍အနက်အားဖြင့်လည်း ထူးခြားသင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အနက်အဓိပ္ပာယ်ကို အတူပြု၍ ဆိုခြင်းသည် အသို့လျှင် သင့်နိုင်ပါအံ့နည်း။။သဒ္ဒါ,အနက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ဤသို့ စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

နံပါတ် (၃)

(က) ဝါကျ-ပက္ခန္တရ။(ခ) ဝါကျ-စသည် ဝိတ္ထာရ။ကုဏ္ဍုဋ္ဌဖြစ်ပုံ အခြင်းအရာကို ချဲ့ပြ။ထိုတွင် (ဂ) ဝါကျ-ပက္ခန္တရ။ န ဝတ မေ လာဘာ ဖြင့်ပုံအဖို့တစ်ပါးပြ။

(ဃ) ဝါကျ-ဒဠှီကရဏ။တမေဝတ္ထံ ဒဠှ ကရောတိ-ဟူသော စကားကို ထောက်ခံ။

(င) ဝါကျ-ဗျတိရေက(ဝိတ္ထာရ)တံ မိစ္ဆာကို အဖြောင့် ဥဇုကတ္တံပြ။

နံပါတ် (၄)

**ပဝတ္တိအာကာရဒဿနံ။** ။ပဝတ္တိယာ အာကာရော ပဝတ္တိအာကာရော။

http://www.dhammadownload.com



ပဝတ္တိအာကာရသ ဒဿနံ ပဝတ္တိအာကာရဒဿနံ။

ပဝတ္တိအာကာရ ဝိသေသနပုဒ်အရ ဖြစ်ပုံ အခြင်းအရာသည် မုချ။ထို-၏ ပြခြင်း ကြိယာနှင့် ကမ္မ+ကမ္မိ စပ်ခြင်းသည် ဌာန္။ပုဒ်လုံးအရ ထို-သော ဖြစ်ပုံအခြင်းအရာကို ပြခြင်း ရ၏။

**နိယံ။** ။ယု,ဏျ,တု,ဏီ ပစ္စည်းမှီ၊ ဆဋ္ဌီ ကံ နေစေ။

**ဟိတသုခလာဘာ။** ။ ဟိနောတိ ဝမုတိတိ ဟိတံ၊ဟိတဉ္စ သုခဉ္စ ဟိတသုခံ၊ ဟိတသုခဿ လာဘာ ဟိတသုခလာဘာ။

ဟိတ ဟူသော ရှေ့ပုဒ်အရ အစီးအပွားသည် မုချ။ထို-၏ သုခဟူသော နောက်ပုဒ် အရ ချမ်းသာခြင်းနှင့် ရခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညပေက္ခသမ္ဗန်သည် ဌာန္။ပုဒ်လုံးအရ ထို··သော စီးပွားချမ်းသာ ရ၏။

**မှတ်ချက်။** ။ဘာဝယု-ပစ္စည်းနှင့် ခြင်း-ဟု အနက်ပြန်ရလျှင် ကမ္မတ္ထဆဋ္ဌီ သမာသ်တွဲ။

**အလာဘာ။** ။ န လာဘာ အလာဘာ။

န-အရ အဘာဝဘောဂုဏ်သည် မုချ။ထို-၏ လာဘာ-အရ ဟိတသုခကိုမရခြင်း နှင့်ဂုဏ်+ဂုဏီ စပ်ခြင်းသည် ဌာန္။ပုဒ်လုံးအရ ထို-သော စီးပွားချမ်းသာကို မရခြင်းရ၏။

**အဓိပ္ပါယော။** ။ အဓိပ္ပိယတေ ဣစ္ဆိယတေတိ အဓိပ္ပါယော။

အဓိ+အပိ+ဣ-ဓာတ်အရ ကတ္တုဥ္စ-အလိုရှိတတ်သော ပုဂ္ဂိုလ်၏ ဆန္ဒပြဋ္ဌာန်း သော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္ထကြိယာ-အလိုရှိအပ်သော အနက်အဓိပ္ပါယ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ဏ-ပစ္စည်းအရ ထို-သော အလိုရှိအပ်သော အနက် အဓိပ္ပါယ်ရ၏။တစ်နည်း-**အဓိပယတိ စိတ္တေတိ အဓိပ္ပါယော။**(အဓိ+ပယ+ဏ)

နံ့ပါတ် (၅)

| | |
|---|---|
| **ပဝတ္တိ။** | ။ပ+ဝတု+တိ။ |
| **အာကာရ။** | ။အာ+ကရ+ဏ။ |
| **ဒဿန။** | ။ဒိသ+ယု။ |
| **ဟိတ။** | ။ဟိ+တ။ ဟိနောတိ ဝပုတိတိ ဟိတံ။ |
| **သုခ။** | ။သုခ+အ။ သု+ခါဒ+ကွိ။ သု+ခနု+ကွိ။ |

ကျက်။ ။ သုခဓာတု ဝသာစာပိ၊ သုပုဗ္ဗ ခါဒတောပိ။
သုပုဗ္ဗ ခနုတောစာပိ၊ သုခဓာတု ဂဏ်ဝဒေ။

| | |
|---|---|
| **ဒဠှ။** | ။ဒဟ+တ။ |
| **အနုတ္ထုနာတိ။** | ။အနု+ထု+နာ+တိ။ |

နံ့ပါတ် (၆)

(ခ) မဇ-ဖြင့် မေ-၌ တတိယ, စတုတ္ထီ ဝိဘတ်တို့၏ ကာရိယမဟုတ်၊ဆဋ္ဌီဝိဘတ် ၏ ကာရိယအဖြစ်ကို သိစေသည်။**ဟိတသုခလာဘာနတ္ထိ**-ဖြင့် အလာဘာ-၌ အ-ပုဒ်

http://www.dhammadownload.com



လာဘပုဒ်၊အ-သည် န-၏ ကာရိယဖြစ်၍ အဘာဝ-အနက်ဟောသည်ကိုလည်းကောင်း၊ န လာဘာ အလာဘာ-ဟု ဝစနတ္ထပြုအပ်ကိုလည်းကောင်း၊လာဘ-အရ ဟိတသုခလာဘ်ကို ကောက်ယူအပ်သည်ကိုလည်းကောင်း သိစေသည်။

**နာမ-ဖြင့်** ဝတ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကို သိစေသည်။

**အာယတိ ဒါနိ အနုတ္ထုနာတိဖြင့်** တမလွန်, ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကုက္ကုစ္စဖြစ်ပုံအခြင်းအရာကို သိစေသည်။

## နံပါတ် (၇)

**အာယတိ/အာယတိ...**

အာယတိ-သဒ္ဒါသည် အာဂမိကာလတ္ထ (အနာဂတ်အနက်)ဟော နာမ်ပုဒ်ကြံ၍ ယင်းနာမ်ပုဒ်နှောင် ကာလတ္တသတ္တမီ အနက်၌ ဒုတိယာ ဝိဘတ်သက်၍ ပြီးသောကြောင့် အာယတိ ပါဌ်သင့်။

အာယတိသဒ္ဒါသည် ကာလသတ္တမီနိပါတ်ဖြစ်၍ ယင်းနိပါတ်ပုဒ်နှောင် သတ္တမီ ဝိဘတ်ကို ချေ၍ ပြီးသောကြောင့် အာယတိပါဌ်လည်းသင့်။ (ရှု-၌ နှစ်ပါဌ်သင့်)

**တမေဝတ္ထံ/တဒေဝတ္ထံ...**

ဝါကျအရာ ဒ-အပြုသည် နပုံလိင်နှောင်းရာ၌ဖြစ်၍၊မ-အပြုသည် ပုံလိင်,ဣတ္ထိလိင်အရာ၌ဖြစ်ရကား ဤ၌ အတ္ထ-သဒ္ဒါ ပုလိင်ဖြစ်၍ မ-လာ၍သာ ပြီးသင့်သောကြောင့် တမေဝတ္ထံ-ပါဌ်သင့်။

**ဒါ ဒေသော ယ,တ,တေသဒ္ဒေဟိ နပုံသကေ ဒိဿတိ၊မာဒေသော ယ,တ,တေသဒ္ဒေဟိ ပုမိတ္ထိလိင်္ဂေသု ဒိဿတိ**။(နိရုတ္တိ၊ ၃၈။)

**သမာသေ ဒေါ တိလိင်္ဂေ**။သမာသ်ဝယ် ဒ-အပြုကို လိင်သုံးပါးမှာ ရှိ၏။

**အယမေတ္ထ/ အယံဟေတ္ထ...**

တမေဝတ္ထံ ဒဋ္ဌ ကရောတိ-ဟူသော စကားကို ထောက်ခံရန် ယုတ္တိဝါကျ ဖြစ်သောကြောင့်လည်းကောင်း၊ နိဿျတို့၌ ဟိ-သစ္စံ-ဟု ယုတ္တိဇောတကတ္ထနိပါတ် အနက်ယော နာသောကြောင့်လည်းကောင်း အယံဟေတ္ထ-ပါဌ်သင့်။

**မှတ်ချက်။** ။ဝါကျ၏အစမှာ အယံဟေတ္ထ အဓိပ္ပါယော။ ဝါကျ၏အဆုံးမှာ အယမေတ္ထ အဓိပ္ပါယော-ဟု ရှိတတ်သည်ကို သတိပြု။

**တမေဝတ္ထံ/တမေဝအတ္ထံ...**

ပုဒ်ဖြတ်,ပုဒ်စပ်မျှသာထူး၍ အနက်ထူးခြားမှုမရှိသောကြောင့်လည်းကောင်း၊ လိုအပ်သောအနက် ပြီးသောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## နံပါတ် (၈)

**အလာဘာ-၌ လာဘ။** ။ဒုလ္လဒ္ဓံ-၌ လဒ္ဓ-အရ ယူအပ်လတ္တံ့ဖြစ်သော လူအဖြစ်ကိုရခြင်းမှ ကြွင်းသော ဟိတသုခကိုရခြင်းကို ယူအပ်သောကြောင့် ပါရိသေသနည်း။ကေ

http://www.dhammadownload.com



ဓာသျှု
**တဓာဓဝတ္တုံ။** ။အတူဖြစ်သော အလာဘာ ဝတ မေ-ပုဒ်၏ အနက်အမည်ကို အတူရှိသော န ဝတ မေ လာဘာ-ပုဒ်၏ အနက်၌တင် သဒ္ဒိသူ။ ရှဋ္ဌီ။

နံပါတ် (၁၀)

အနုတ္တုန္ဒာတိ-အရ ကုဏ္ဏုဋ္ဌ စေတသိက်ကောက်၍ ခန္ဓောတရဏာ, အာယတနောတရဏာဟာရနေတ္တိ ထုတ်ပါ။ ။

*************

## ဝါကျစဉ် (၁၂)

(က) ဒုလ္လဒ္ဓံ ဝတ မေတိ ကုသလာနုဘာဝေန လဒ္ဓမ္ပိ ဣဒံ မနုဿတ္တံ ဒုလ္လဒ္ဓံ ဝတ မေ။

(ခ) န တဝ မေ သုလဒ္ဓန္တိ ဣမိနာ ပန တမေဝအတ္တံ ဒဠှံ ကရောတိ။

(ဂ) အယံ ဟေတ္ထ အဓိပ္ပါယော-သစေပိ ကောစိ "သုလဒ္ဓံ တေ"တိ ဝဒေယျ။ တံ မိစ္ဆာ၊ န ဝတ မေ သုလဒ္ဓန္တိ။

(ဃ) အပုည် ပသုတန္တိ အပုည် ဥပစိတံ, ဇနိတံ ဝါ။

(င) ကသ္မာတိ စေ။

(စ) ယောဟံ ဘိက္ခူ ။ပ။ ဝေါရောပေသိန္တိ။ (ဝိ၊ ၄၊ ၂။ ၇။)

*************

နံပါတ် (၁)

(င+စ) ဝါကျတို့ကို ဟေတု+ဖလ သမ္ဗန္ဓယောဇနာ-နည်း။

ကသ္မာ တိ စေ အပုည် ဥပစိတံ ဇနိတံဝါ။ယသ္မာ ယောဟံ ဘိက္ခူ။ပ။ ဝေါရောပေသိန္တိ။ တသ္မာ-

(က) နနု-ကုသလာနုဘာဝေန ဣဒံ မနုဿတ္တံ လဒ္ဓံ။

(ခ) အထ ကသ္မာ ဣဒံ မနုဿတ္တံ ဒုလ္လဒ္ဓံ ဝတ မေတိ ဝုတ္တံ။

(ဂ) ယသ္မာ အပုည် ပသုတံ၊ တသ္မာ-

(ဃ) ဣဒံ မနုဿတ္တံ ဒုလ္လဒ္ဓံ ဝတ မေတိ ဝုတ္တံ။

(က) ကုသလာနုဘာဝေန-ကုသိုလ်၏ အာနုဘော်ဖြင့်။လဒ္ဓမ္ပိ-ရအပ်ပါသော်လည်း။ မနုဿတ္တံ-ကံကောင်းသဖြင့်ရအပ်သော လူအဖြစ်သည်။ဒုလ္လဒ္ဓံ ဝတ-မကောင်းသဖြင့်ရအပ်ပါပေစွ။ဝါ-အရမတော်လေစွ။

(ဂ) ဟိ-ချဲ့။အယံ-ဤဆိုအပ်လတ့်ကား။တံ-ထိုသုလဒ္ဓံ တေ-ဟူ၍ပြောဆိုခြင်းသည်။ မိစ္ဆာ-အမှားတည်း။ဝတ-စင်စစ်။မေ-သည်။မနုဿတ္တံ-ကို။န သုလဒ္ဓံ-ကောင်းစွာရအပ်သည်မဟုတ်။

(ဃ) အပည်-မကောင်းမှုကို။ဥပစိတံ-စီးပွားအပ်ပြီး။ဇနိတံ-ဖြစ်စေအပ်ပြီ။

http://www.dhammadownload.com



နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာသည် (က) ဝါကျဖြင့် ကုသိုလ်၏ အာနုဘော်ကြောင့် လူအဖြစ်ကို ရအပ်သော်လည်း မကောင်းသဖြင့် ရအပ်၏-ဟု ဒုလ္လဒ္ဓံ-ပုဒ်၏ ကုတ္တုစ္ဆဖြစ်ပုံကို ပြဆိုတော်မူ၏။န ဝတ မေ သုလဒ္ဓံ-ပုဒ်၏ ကုတ္တုစ္ဆဖြစ်ပုံကားအဘယ်ပါနည်း၊ဒုလ္လဒ္ဓံ ဝတ မေ-ပုဒ်၏ ကုတ္တုစ္ဆဖြစ်ပုံမှ တစ်ပါး အခြားသော အခြင်းအရာအားဖြင့် အနက်ကို မှတ်သားအပ်ပါသလော။ဤသို့ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**(င+စ) ဝါကျတို့ကို စောဒနာ။** ။ဆရာသည် (ဃ) ဝါကျဖြင့် အပုညပသုတ-ဟူသည် မကောင်းမှုတို့ကို တိုးပွားစေအပ်၊ ဖြစ်စေအပ်၏-ဟု ပသုတသဒ္ဒါ၏ ဥပစိတ, ဇနိတအနက်ကို ဖွင့်ပြတော်မူအပ်၏။အဘယ့်ကြောင့် မကောင်းမှုကို တိုးပွားစေအပ်၊ ဖြစ်စေအပ်ပါသနည်း။ရဟန်းအသွင်ကို ဆောင်လျက် ရဟန်းနှင့်အတူ ကျောင်း၌သာ နေထိုင်သည်မဟုတ်ပါလော၊ ဤသို့ စုဒ်ကြောင့် (င-စ) မိန့်။

**ကား။** ။ရဟန်းအသွင်ကို ဆောင်လျက် ရဟန်းတို့နှင့်အတူ ကျောင်း၌ နေထိုင်မှုသည် ကုသိုလ်တိုးပွားစရာရှိသော်လည်း အတူနေ သီလရှိ၍ ကလျာဏဓမ္မကို ကျင့်ကုန်သော ရဟန်းတို့ကို သတ်မိသောကြောင့် အကုသိုလ်တိုးပွားစေအပ်၊ ဖြစ်စေအပ်၏ဟူလို။

နံပါတ် (၃)

(ခ) ဝါကျ-ပက္ခန္တရ။ (ဂ) ဝါကျ-ဒဠှီကရဏ။(ဃ) ဝါကျ-ပက္ခန္တရ။

(င+စ) ဝါကျ-ကာရဏ။ထိုတွင် (င) ဝါကျ-ပုစ္ဆာ။ (စ) ဝါကျ-ဝိသဇ္ဇနာ။

**စာစပ်။** ။ကုသလာနုဘာဝေန-ကြောင့်ပေး လဒ္ဓံ-၌ ကရိုဏ်း+ကရိုဏ်း၏ ကြိယာအဖြစ်ဖြင့်စပ်။

**တစ်နည်း**-ကုသလာနုဘာဝေန-ကြောင့် ပေးသောကြောင့် လဒ္ဓံ-၌ အကြောင်းဟိတ်/ အကျိုးဖိုလ် အဖြစ်ဖြင့် စပ်။

နံပါတ် (၄)

**အာနုဘာဝ။** ။ အနုဘာဝေတိ သမေတ္တောတီတိ အနုဘာဝေါ။

။ အာနုဘာဝေါ ယေဝ အာနုဘာဝေါ။

အနုရှေးရှိသော ဘူ-ဓာတ်အရ သုဒ္ဓကတ္တုဋ္ဌ-ပြီးစီး ခံစားအပ်သော အကျိုးတရားတို့၏ ဥပါဒ်သည် မုချ။ဟောတုကတ္တုဋ္ဌ-အစွမ်းသတ္တိ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ယု-ပစ္စည်းအရ ထို-သော အစွမ်းသတ္တိရှ၏။သွတ္တ ဆက်ကောက်။

**ကုသလာနုဘာဝေါ။** ။ ကုသလဿ အနုဘာဝေါ ကုသလာနုဘာဝေါ။

**မနုဿတ္တံ။** ။ မနုဿာနံ ဘာဝေါ မနုဿတ္တံ။

မနုဿ တဒ္ဓိတ်ပုဒ်အရ လူသည် မုချ။ထို-၏ တ္တ-ပစ္စည်းအရ လူဇာတ်နှင့် နိဿိတ+နိဿျစပ် ဌာန။တ္တ-ပစ္စည်းအရ ထို-သော လူ၏ဖြစ်ကြောင်းဖြစ်ရာ လူဇာတ်ရှ၏။

**ဥပစိတံ။** ။ ဥပစိယိတ္ထာတိ ဥပစိတံ၊

http://www.dhammadownload.com



**ဇနိတ**။ ။ **ဇနာပိယိတ္ထာတိ ဇနိတံ**။

ဥပရှေးရှိသော စိ-ခတ်ကတ္တားဖြ-အကုသိုလ်ကို တိုးပွားတတ်သော မိဂလဏ္ဍိက သန္တာန်၌ တိုးပွားသော အခြင်းအရာအားဖြင့်ဖြစ်သော အယောနိသောမနသိကာရ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌကြိယာ-အကုသိုလ်စေတနာ၏ ပကတူ ပနိဿယသတ္တိ/သဟဇာတပစ္စယသတ္တိသည် ဖလူ။တ-ပစ္စည်းအရ ထို-သော တိုးပွား အပ်ပြီးသော အကုသိုလ်စေတနာ ရ၏။ဇနိတနည်းတူ ဖြစ်တတ်/ဖြစ်စေတတ်ဆိုကောက်။

**အပုည်**။ ။ **န ပည် အပုည်**။

န-ဝိသေသန-အရ ဝိရုဒ္ဓဘောဂုဏ်သည် မုချ။ထို-၏ အကုသိုလ်မကောင်းမှုနှင့် တစ်နည်း - ကုသိုလ်ကောင်းမှု၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်နှင့် ဂုဏ်+ဂုဏေး စပ်ခြင်းသည် ဌာန။ ပုဒ်လုံးအရ ထို-သော ဆန့်ကျင်ဘက် အကုသိုလ်ရ၏။

**သီလဝန္တာ**။ ။ **သီလံ ဧတေသံ အတ္ထိ သီလဝန္တာ**။

**ကလျာဏဓမ္မာ**။ ။ **ကလျာဏော ဓမ္မော ဧတေသန္တိ ကလျာဏဓမ္မာ**။

**ဥတ္တမဓမ္မာ**။ ။ **ဥတ္တမော ဓမ္မော ဧတေသန္တိ ဥတ္တမဓမ္မာ**။

**သေဋ္ဌဓမ္မာ**။ ။ **သေဋ္ဌော ဓမ္မော ဧတေသန္တိ သေဋ္ဌဓမ္မာ**။

နံပါတ် (၅)

| | |
|---|---|
| ကုသလ။ | ။ကုသသဒ္ဒူ+လာ+ကွိ။လူ+ကွိ။ကုပုဗ္ဗ+သလ+အ။ |
| ပသုတံ။ | ။ပ+သု+တ။ |
| ဘိက္ခု။ | ။ဘိဒိ+ရူ။ ကိလေသေ ဘိန္ဒတီတိ ဘိက္ခု။ |
| | ဘယ-သဒ္ဒူ+ဣက္ခ+ရူ။သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။ဘိက္ခ+ရူ။ ဘိက္ခတိ ယာစတိ သီလေနာတိ ဘိက္ခု။ |
| မနုဿ။ | ။မန+ဥဿ။ မနတိ ဇာနာတီတိ မနုဿော။ |

နံပါတ် (၆)

(က) ဣတ္ထံ မနုဿတ္တံ-ဖြင့် ဒုလ္လဒ္ဓံ-အရ မကောင်းသဖြင့် ရအပ်၏-ဟူသည် ဤလူ့ဘဝ လူ့အဖြစ်ကို ရခြင်းပင်ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။**တစ်နည်း**- ဒုလ္လဒ္ဓံ-အရ လူ့ဘဝ လူ့အဖြစ်ကို ယူရမည်ကို သိစေသည်။

**ကုသလာနုဘာဝေန** လဒ္ဓမ္ပိ-ဖြင့် လူ့ဘဝ လူ့အဖြစ်ကို ကုသိုလ်ကောင်းမှု၏အစွမ်း သတ္တိကြောင့် ရအပ်၏ ဟူသောအဓိပ္ပါယ်ကို သိစေသည်။

(ဃ) ဥပစိတံ-ဖြင့် ပသုတံ-၌ပ-ရှေးရှိသော သု-ခတ်သည် စိ-ခတ်၏ ဆည်းပူး ခြင်း အနက်၌ဖြစ်သည်သိစေသည်။**ဇနိတံ**-ဖြင့် ပသိုတံ-၌ သု-ခတ်သည် ဇန-ခတ်၏ ဖြစ်ခြင်းအနက်၌ ဖြစ်သည်ကို သိစေသည်။

နံပါတ် (၇)

ဒုလ္လဒ္ဓံ/ဒုလဒ္ဓံ...

http://www.dhammadownload.com



ဉ,ဒ, နိနောက်၊ဒွေဘော်ရောက်၊မဖောက်ကေန်မြဲ-ဟူသော နိယံအရ..ဒ-ဥပသာရ နောက်၌ ရောက်သောကြောင့် ဒုလ္လဒ္ဓိ-ဟု ဒွေဘော်ဖြင့်ရှိသော ပါဠိသင့်။

**မှတ်ချက်။** ။နိ-ဥပသာရ အနက်မရှိလျှင် ဒွေဘော်မရောက်- ဥပမာ...နိကာယ တည်း။ငှင်း၌ နိ-သည် အနက်မဲ့ ဖြစ်၏။အနက်ရှိလျှင် ဒွေဘော်ရောက်သည်။ ဥပမာ-နိဂ္ဂဏော-တည်း။ဥ,ဒ နောင် အမြဲဒွေဘော်ရောက်သည်။

**ယွာဟံ/ယော်ဟံ...**

ကဿာ ဏ္ဏတိ စေ ပုစ္ဆေယျ၊ယွာဟံ။ပ။ဝေါ်ရာပေသီတိ ဝဒေယျံ-ဟု ယောနော၌ ဖွင့်ဆိုသောကြောင့် လည်းကောင်း၊ ဩ-ကို-ဝ-ပြု၍ ပြီးနိုင်သော ကြောင့်လည်းကောင်း ယွာဟံ-ပါဠိသင့်။

ဩ-ကို-ဝ-ပြုခြင်းသည် နိစ္စဝိဓိမဟုတ်၊အနိစ္စဝိဓိဖြစ်၍ ဩ-ကို ဝ-မပြုဘဲလည်း ပြီးနိုင်သောကြောင့် ယော်ဟံ-ပါဠိလည်းသင့်။

**မှတ်ချက်။** ။ဝဓောဒုဒန္တာနံ-သုတ် အဖွင့်၌ ယွာဟံ/ယော်ဟံ-ဟု ဒွိရုပ်ကို ပြသည်။

နံပါတ် (၉)

**ကုသလာနုဘာဝေန။** ။ကုသိုလ်နှင့် ကုသိုလ်၏ အစွမ်းသတ္တိ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။အဘေဒ-နည်း။

**မနုဿ။** ။အတူဖြစ်သော တော်င်ကျွန်းသူတို့၏ မနုဿ-အမည်ကို အတူရှိသော မြောက်ကျွန်းသူစသည်တို့၌လည်းတင် သဒိသူပစာ။

**တစ်နည်း။** ။ကမ္ဘာဦး မနု-မည်သော သား၏ မနုဿအမည်ကို အတူရှိသော ယခုလူတို့၌တင် သဒိသူ။

နံပါတ် (၁၀)

**ပသုတံ-အရ အပုညကို ကောက်၍ ပဒဋ္ဌာနဟာရနေတ္တိ......**

ပဒဋ္ဌာဟာရနေတ္တိနည်း-ဟူသော်ကား ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော-ဟူသော ဝစနတ္ထနှင့် အညီ။ပ။မည်၏။

အဘယ်သို့ စိစစ်သနည်း-ဟူသော်ကား-ပသုတံ အရ မကောင်းမှု အကုသိုလ်ရ၏။

**တစ်နည်း**-ဝဓကစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကို ယူအပ်၏။

ထို-၏ ပဒဋ္ဌာန်ကား-သာမညအားဖြင့် အယောနိသောမနသိကာရတည်း။

ထို-၏ကား အသဒ္ဓမ္မသဝန်။ အကုသလ၊ ဗာလူပသေဝန,အပ္ပဋိရူပဒေသ,မိစ္ဆာပဏိဓိ, ပုဗ္ဗေအကတပုညတာတည်း-ထိုပုဗ္ဗေအကတပုညတာသည် သခ်ါရတည်း။

ထို-၏ ကား အဝိဇ္ဇာ, တဏှာ, ဇရာ, မရဏ, မုစ္ဆာ, ဇာတိ, ဘဝ ဘည်း။ ဤသို့ အောက်သက် ခြွေရယော့ရယ် အားဖြင့်လည်းကောင်း၊

ထိုအကုသိုလ်စိတ္တုပ္ပါဒ်ကား မျက်မှောက်၌ အလာဘာ ဝတ မေ-စသဖြင့် ကုက္ကုစ္စ, ဝိပ္ပဋိသာရ ဖြစ်ရခြင်းအကျိုး သံသရာ၌ ဘဝဝိပတ္တိစသော အကျိုး၏ ပဒဋ္ဌာန်ဘည်း။

http://www.dhammadownload.com



ဤသို့ အထက်တက် အာရုယှာရုယှာအားဖြင့် လည်းကောင်း ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရနေတ္တိနည်း မည်၏ ဟူလိုသော်။

*************

## ဝါကျစဉ် (၁၃)

(က) **သာဓု သာဓူတိ** သမ္ပဟံသနတ္ထေ နိပါတော၊

(ခ) တသ္မာ ဝေ ဒွိဝစနံ ကတံ၊

(ဂ) **အတိဖ္လော တာရေသီတိ** သံသာရတော အတိဖ္လော ဣမိနာ ဇီဝိတာ ဝေါရောပနေန တာရေသိ ပရိမောစေသီတိ၊

(ဃ) အယံ ကိရ ဇေတိဿာ ဒေဝတာယ ဗာလာယ ဒုမ္မေဓာယ လဒ္ဓိ "ယေ န မတာ၊တေ သံသာရတော န မုတ္တာ။ယေ မတာ၊တေ မုတ္တာ"တိ။

(င) တသ္မာ သံသာရမောစကမိလက္ခာဝိယ ဇဝံ လဒ္ဓိကာ ဟုတွာ တမ္ပိ တတ္ထ နိယောဇေန္တီ ဝေမာဟ။ (ဝိ၊ ဋ္ဌ၊ ၂၊ ၇။)

*************

## နံပါတ် (၁)

(က)သမ္ပဟံသနတ္ထေ-အလွန်အကဲ အပြားအားဖြင့် ရွှင်လန်းဝမ်းမြောက်ခြင်း အနက်၌။

(ဂ)တာရေသိ၏ အပါဒါန်နှင့် ကရိုဏ်းထည့်-ပါဠိတော်မေးနိုင်။

သံသာရတော (အပါဒါန်) ဣမိနာဇီဝိတာဝေါရောပနေန (ကရိုဏ်း)

(ဃ)ကိရ-ချဲ့။**တစ်နည်း** ဟောတိကိရ-။ဒုမ္မေဓာယ-ပညာမရှိသော။

(စ)သံသာရမောစကမိလက္ခာဝိယ-သံသရာမှ လွတ်၏ဟု အယူရှိသော တောင်သူကဲ့သို့။ ဇဝံလဒ္ဓိကာ၊ဤသို့ သံသရာမှ လွတ်၏ဟု အယူရှိသည်။

## နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာသည်(ဂ)ဝါကျဖြင့် သာဓုသာဓု သဒ္ဒါသည် သမ္ပဟံသနတ္ထ၌ ဖြစ်သော နိပါတ်ပုဒ်ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်ကြောင့် နိပါတ်ပုဒ်ဟု ဖွင့်ပြတော်မူအပ်ပါသနည်း။သာဓုသဒ္ဒါသည် သူတော်ကောင်း အနက်ကိုဟောသော နာမ်ပုဒ်သာ ဖြစ်သင့်သည် မဟုတ်ပါလော။ဤသို့ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

**ကား** - သာဓုသဒ္ဒါသည် သူတော်ကောင်းအနက်ကို ဟောသောနာမ်ပုဒ်ဖြစ်ငြားသော်လည်း နှစ်ကြိမ်ဖြစ်သော အာမေဍိတ်စကားကို ပြအပ်သောကြောင့် နိပါတ်ပုဒ်ဟု ဖွင့်ပြအပ်၏ ဟူလို။ ။

**တစ်နည်း** - လဒ္ဓဂုဏ် ရိုးရာတက်လည်း ရသည်၊ သို့သော် မကောင်းလှ။

**(ဃ) သို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် သံသရာမှမလွတ်သူတို့ကို အသက်ကိုသတ်ခြင်းဖြင့် လွတ်မြောက်စေပြီဟု ဖွင့်ပြတော်မူအပ်၏။ရဟန်းတရားကို အားထုတ်

http://www.dhammadownload.com



ခြင်းဖြင့်သာ သံသရာမှ လွတ်မြောက်နိုင်ကြကုန်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အသက်ကို သတ်ခြင်းဖြင့် သံသရာမှ လွတ်မြောက်စေပြီဟု အဘယ်ကြောင့်ဖွင့်ဆိုအပ်ပါသနည်း။ဤသို့ စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**ကား** - အကြင်သူတို့သည် မသေကုန်၊ ထိုသူတို့သည် သံသရာမှမလွတ်။အကြင်သူတို့သည် သေကုန်၏။ ထိုသူတို့သည် သံသရာမှ လွတ်ကုန်၏။ ဤသို့ မိုက်မဲသော အသိဉာဏ်မရှိသောနတ်၏ အယူအဆ ဖြစ်သောကြောင့်ဟူလို။ ။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ ပါဠိတော်၌ မာရကာယိကာနတ်သည် မိဂလဏ္ဍိကအား "ယံ တွံ အတိဏ္ဏေ တာရေသိ"ဟု ပြောဆို၏။ အဘယ်ကြောင့် အဘယ်ကဲ့သို့ ပြောဆိုအပ်ပါသနည်း။ပြောဆိုရခြင်း၏အကြောင်းနှင့် ဥပမာကို မပြဆိုပြီလော။တစ်နည်း- ဇီဝိတာဝေါရောပန အမှုသက်သက်ကြောင့်သာ ဤသို့ စေခိုင်းပါသလော။ ဤသို့ စုဒ်ကြောင့်(စ)မိန့်။**တစ်နည်း** - လဒ္ဓဂုဏ်ရှိးရာတက်လည်း တက်နိုင်၏။

နံပါတ် (၃)

(ခ)ဝါကျ-လဒ္ဓဂုဏ(ကာရဏ) (ဂ)ဝါကျ-ပက္ခန္တရ။(ဃ)ဝါကျ-ဝါကျာရမ္ဘ။
ယံတွံ အတိဏ္ဏေ တာရေသိ-စကား၌ စောဒနာကို ပယ်လို၍ ဆက်လက်အားထုတ်။
**တစ်နည်း**-ပက္ခန္တရ-ပဒတ္ထမှတစ်ပါး လီနတ္ထရတ္ထကိုပြ။
(ဃ)ဝါကျ-ဝိတ္ထာရ။ (င) ဝါကျ-လဒ္ဓဂုဏ။

နံပါတ် (၄)

**သမ္ပဟံသနံ။** ။ **ပကာရေနေ ဟံသနံ ပဟံသနံ။ သုဋ္ဌု ပဟံသနံ သမ္ပဟံသနံ။**

သုဋ္ဌု-ဝိသေသနပုဒ်အရ ဘုသတ္ထဘောဂုဏ်ရ၏။ ထို-၏ အပြားအားဖြင့် ရယ်ခြင်းနှင့် ဂုဏ်+ဂုဏော စပ်ခြင်းသည် ဌာန။ပုဒ်လုံးအရ ထို-သော အလွန်အပြားအားဖြင့်ရယ်ခြင်းရ၏။

**သမ္ပဟံသနတ္တော။** ။ **သမ္ပဟံနမေဝ အတ္တော သမ္ပဟံသနတ္တော။**

သမ္ပဟံသနဟူသော ဝိသေသနပုဒ်အရ-အလွန်အပြားအားဖြင့် ရယ်ရွှင်ခြင်းဟူသော သမ္ဘာဝနတ္ထဘောဂုဏ်သည် မုချ။ထို-၏ အနက်နှင့် ဂုဏ်+ဂုဏော စပ်ခြင်းသည် ဌာန။ ပုဒ်လုံးအရ ထို-သော အလွန်ရွှင်လန်းသည်၏ အဖြစ်ဟူသောအနက်ရ၏။

**ဒွိဝစနံ။** ။ **ဒွေ ဝစနာနိ ဒွိဝစနံ။**

ဒွိ-ဟူသော ဝိသေသနအရ နှစ်ခုသင်္ချာအရေအတွက်သည် မုချ။ထို-၏ စကားနှင့် သင်္ချာ+သင်္ချေယျ စပ်ခြင်းသည် ဌာန။ပုဒ်လုံးအရ ထို-သော နှစ်ခွန်းသောစကားရ၏။

**ဒုမ္မေဓာ။** ။ **နတ္ထိ မေဓာ ဧတိဿာတိ ဒုမ္မေဓာ။**

ဒု+မေဓာ-ဟူသော ပုဒ်လုံးအရ ပညာမရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ထို-၏ ဧတ-အညပုဒ်အရ နတ်သားနှင့် ဂုဏ်+ဂုဏောစပ်ခြင်းသည် ဌာန။ဧတ-အညပုဒ်အရ ထို-သော ပညာမရှိသော နတ်သားရ၏။

http://www.dhammadownload.com



သံသရော။ ။ သံ ပုနပ္ပုနံ သရတိ အဗ္ဗောစ္ဆိန္နံ ပဝတ္တတီတိ သံသရော။
သံသာရတော မောစကာ သံသာရမောစကာ။
သံသာရမောစကမိလက္ခာ။ ။သံသာရမေစကာစ တေ မိလက္ခာ စာတိ
သံသာရမောစကမိလက္ခာ။

နံပါတ် (၅)

| | |
|---|---|
| တံဋ္ဌူး | ။တာရ+တာ။ |
| သံသာရ။ | ။သံ+သရ+ဏ။ |
| ဝေါရောပန။ | ။ဝိ+အဝ+ရုဟ+ဏာပေ+ယု။ |
| မေဓာ။ | ။မေဓ+အ+အာ။မေဓတိ သုခုမံဝါ အတ္တဥ္စ ဓမ္မဥ္စ ခိပ္ပံ ဓာရေတိ ဂဏှာတီတိ မေဓာ။ |
| ဗာလ။ | ။ဒွိသဒ္ဒ+လာ+ကွိ။ ဒွေအနတ္တေ လာတိ ဂဏှာတီတိ ဗာလော။ဗလ+ဏ။ ဗလတိ အဿာသပဿာသမတ္တေန ဇီဝတီတိ ဗာလော။ |

နံပါတ် (၆)

(က) **သမ္မတ်သနင်္ဆွေ နိပါတော**-ဖြင့် သာဓုသာဓု သဒ္ဒါသည် သမ္မဟံသနတ္ထ နိပါတ်၏အဖြစ်ကို သိစေသည်။

(ခ) **သံဝဏ္ဏနာ**-ဖြင့် သာဓုပုဒ်၏နိပါတ်ဖြစ်ရခြင်း အကြောင်းကို သိစေသည်။

(ဂ) **ပရိမောစေသိ**-ဖြင့် တာရေသိ-၌ လွန်မြောက်၏ဟူသည် လွတ်မြောက်စေခြင်း ပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေ
သည်။ဣမိနာ **ဇီဝိတာဝေါရောပနေန**-ဖြင့် လွန်မြောက်ခြင်း၏ အကြောင်းကို သိစေသည်။ **သံသာရတော**-ဖြင့် သံသရာမှ လွတ်မြောက်၏ဟူသော လွတ်မြောက်ရာအရပ်ကို သိစေ သည်။

နံပါတ် (၇)

**ပရိမောစေတိ/ ပရိမောစေသီတိ...**

(ဂ)သံဝဏ္ဏနာဝါကျသည် ပဒတ္ထသံဝဏ္ဏနာဝါကျ ဖြစ်၍ သမာပနတ္ထဣတိနိပါတ်ကို အလိုရှိအပ်သောကြောင့် လည်းကောင်း၊ ဣတိ(အစ္ဆော) ဟု နိသျတို့၌ အတ္ထယောဇနာ သောကြောင့်လည်းကောင်း၊ ပရိမောစေသီတိ-ဟု ဣတိ-ဖြင့် ရှိသော ပါဠိသင့်။

**မိလက္ခာ ဝိယ/မိလက္ခု ဝိယ...**

မိလေဆ-အဝိယတ္တာယံ ဝါစာယံ မိလေစ္ဆတိ၊မိလက္ခု (နီတိ-ဓာ၊)

မိလေစ္ဆော မိလစ္ဆတီတိ မိလက္ခူ။ (ဓာတွတ္တ) မိလေဆ (မိလေစ္ဆ) ဓာတ်+ခု+ ပစ္စည်းတို့ဖြင့် ပြီးသောကြောင့် မိလက္ခု ဝိယ ပါဠိသင့်။

မိလက္ခ-အဗျတ္တသဒ္ဒေ၊မိလက္ခန္တေ အဗျတ္တံ ဘာသန္တေတိ မိလက္ခာ။(ဓာန်၊ဋီ)မိလက္ခ

http://www.dhammadownload.com



ဓာတ်+အ ပစ္စည်းဖြင့်ပြီးသောကြောင့် မိလက္ခာဝိယ ပါဠ်လည်းသင့်။

နံပါတ် (၈)

**သမ္ပဟံသန္တော္တေ။** ။သမ္ပဟံသနနှင့်အတ္ထမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာမည်၏။

**စီဝိတာဝေါရောပန။**။ဌာနီဖြစ်သော စီဝိတိန္ဒြေကိုခွင်းခြင်း၏ စီဝိတာဝေါရောပန အမည်ကို ဌာနဖြစ်သော ယင်းရုပ်၏မှီရာ မဟာဘုတ်တို့ကို ခွင်းခြင်း၌တင် ဌာနျူပစာ။အဝိနာဘာဝ။

**တစ်နည်း.** - ခွင်း၍ ရကောင်းသော ဦးခေါင်း, ဦးခေါင်းတန်ဆာတို့၏ ထင်ရှားရှိသော အမည်ကို ခွင်း၍မရကောင်းသော ထင်ရှားမရှိသော စီဝိတာ ဝေါရောပန-အမှု၌တင်စားတဒ္ဓမ္မူပစာ။ (ပါစိတျာဒိယောဇနာ)

နံပါတ် (၁၀)

ဓဝံ လုဒ္ဒကာ-၌ အနုတ္တ-အရ အညာဏာဒိဋ္ဌိ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ကောက်၍ အထက် ဝါကျနည်းတူ ဩရယောရုယ ထုတ်ပါ။

ထိုသည် မိဂလုဒ္ဒကအား ရဟန်းများ သတ်မှု၌ ယှဉ်စေခြင်း၊မိဂလုဒ္ဒကသည် ရဟန်းများအား သတ်မိခြင်း အကျိုးတို့၏ နီးဖွာသော အကြောင်းတည်း။အာရုယာရုယကို ဤသို့ထုတ်လေ။

***************

ဝါကျစဉ် (၁၄)

(က) **ဟောတိယောဝ ဘာယန္တိ** မရဏံ ပဋိစ္စ စိတ္တုတြာသော ဟောတိ။

(ခ) **ဟောတိ ဆမ္ဘိတတ္တန္တိ** ဟဒယမံသံ အာဒိ ကတွာ သရီရစလနံ ဟောတိ။

(ဂ) အတိဘာယေန တဒ္ဓသရီရတ္တန္တိမ္ပိ ဧကေ။

(ဃ) ထမ္ဘိတတ္တံ ဟိ "ဆမ္ဘိတတ္တ" န္တိ ဝုစ္စတိ။

(င) **လောမဟံသောတိ** ဥဒ္ဓံ ဠိတလောမတာ။

(စ) ခီဏာသဝါ ပန သဗ္ဗသုညတာယ သုဒိဋ္ဌတ္တာ မရဏကသတ္တမေဝ န ပဿန္တိ၊ တသ္မာ တေသံ သဗ္ဗမ္ပေတံ န ဟောသီတိ ဝေဒိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၂။၈။)

*************

နံပါတ် (၁)

(ဃ) ဝါကျ-ဝါကျပရိဝတ္တန ယောဇနာပါ။

(င) ဥဒ္ဓံဠိတလောမတာ - အထက်၌ တည်သော အမွေးရှိသူ၏ အဖြစ်သည်။ (သဒ္ဒတ္ထ)။ထောင်သော အမွေးရှိသူ၏ အဖြစ်သည်။(အဓိပ္ပါယတ္ထ)ဝါ-ကြက်သီးမွေးညင်းထသောသူ၏ အဖြစ်သည်။(ဝေါဟာ)လောမဟံသော၊အမွေးတို့၏ ရှင်ခြင်းသည်။

(စ)သဗ္ဗသုညတာယ၊သဗ္ဗဝါမှ ဆိတ်သည်၏အဖြစ်၏။ဝါ၊ကို။ တေသံ-ဘိက္ခုနံ-ထိုကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန်းတို့အား။ဇတံဘယာဒိကံ-ဤကြောက်ခြင်း

http://www.dhammadownload.com



အစရှိသည်သည်။

နံပါတ် (၂)

**(ဂ) ဝါကျသို့ စောဒနာ။** ။ဆရာ (ခ) ဝါကျဖြင့် နှလုံးသားကို အစထား၍ ကိုယ်တုန် လှုပ်ခြင်းသည် ဆမ္ဘိတတ္တ-မည်သော ဟု ဖွင့်ပြတော်မူအပ်၏။ထိုသို့ ကိုယ်တုန်လှုပ်ခြင်း ကိုသာ ဆမ္ဘိတတ္တ-ဟူ၍ ဆိုအပ်ပါသလော။အဘယ်ကိုလည်း ဆမ္ဘိတတ္တ-ဟူ၍ ဆိုအပ် ပါသနည်း။

**တစ်နည်း** -ဧကေဆရာတို့လည်း ဆရာဆိုသကဲ့သို့ပင် နှလုံးသားကို အစထား၍ ကိုယ်တုန် လှုပ်ခြင်းသည်သာ ဆမ္ဘိတတ္တ-မည်၏ ဟုဖွင့်ဆိုကြပါသလော။အဘယ်ကဲ့သို့ လည်းဖွင့် ဆိုကြပါသေးသနည်း။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာ(ဂ)ဝါကျဖြင့် ကြောင့်ခြင်းကြောင့်တောင့်မာသောကိုယ် ရှိသူ၏ အဖြစ်ကိုလည်း ဆမ္ဘိတတ္တ-ဆိုအပ်၏-ဟု ဧကေဆရာတို့ အလိုကို ဖွင့်ပြတော် မူအပ်၏။အဘယ်ကြောင့် ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း။နှလုံးသားကိုအစထား၍ ကိုယ်တုန် လှုပ်ခြင်းသည်သာ ဆမ္ဘိတတ္တ-မည်ရာသည် မဟုတ်ပါလော။ဤသို့ စုဒ်ကြောင့် (ဃ) ဝါကျအမိန့်။

**ကား။** ။ထမ္ဘိတတ္တ-ကို ဆမ္ဘိတတ္တ-ဟူ၍ ထ-ကို ဆပြု၍ ပြီးနိုင်သောကြောင့် တောင့် မာသော ကိုယ်ရှိသူ၏အဖြစ်ကို ဆမ္ဘိတတ္တ-ဟု ဆိုနိုင်၏ ဟူလို။

**ပုံသေနည်း** -ပထမ(ခ)ဝါကျ နယ၊ဒုတိယ(ဂ)ဝါကျ နယန္တရ၊တတိယ(ဃ)ဝါကျကာရဏ/ ဒဠှီ-ဟု သုံးမျိုးရှိရာတွင် တတိယဝါကျ ဒဠှီကာရဏသို့တက်လျှင် ပထမ (ခ) နယဝါကျ ဖြင့် အာဘော်လုပ်ပါ။

**(စ) ဝါကျသို့ စောဒနာ။** ။ဆရာပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် ရဟန္တာ တို့အား ဆိုသို့သတ်ရာ အခါ၌ ဘယ-စသည်မဖြစ်ဟုမိန့်ဆိုအပ်၏။ပုထုဇဉ်၊ သေက္ခရဟန်း တို့သည်လည်း မိမိကိုယ်ကို ငြီးငွေ့ကြကုန်၍ ထိုသို့သတ်ရာအခါ၌ ဘယ စသည်မဖြစ်ကုန် ရာသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ရဟန္တာတို့အားသာ ဘယစသည်မဖြစ်ကုန် ဟုဖွင့်ဆိုအပ်ပါသနည်း။ဤသို့စုဒ်ကြောင့် (စ)မိန့်။

နံပါတ် (၃)

(ခ) ဝါကျ-ပက္ခန္တရ။ (ဂ)ဝါကျ-ဝါကျာရမ္ဘ။ ဧကေဆရာတို့အလိုကို ဆက်ပြ။
တစ်နည်း:(ဂ)ဝါကျ-ပက္ခန္တရ။မိမိအဋ္ဌကထာဝါဒမှတစ်ပါး ဧကေဝါဒကိုပြ။
(ဃ)ဝါကျ-ကာရဏ/ဒဠှီ။(င)ဝါကျ-ပက္ခန္တရ။(စ) ဝါကျ-ဝါကျာရမ္ဘ။
ရဟန္တာပုဂ္ဂိုလ်တို့၏ ဘယ-စသည် မဖြစ်ခြင်း အကြောင်းကို ဆက်လက်ပြ။
ထိုတွင် တသ္မာ-စသည် လဒ္ဓဂုဏ။

နံပါတ် (၄)

**စိတ္တုတြာသော။** ။ စိတ္တသာ ဥတြာသော စိတ္တုတြာသော။

http://www.dhammadownload.com



စိတ္တ-ဝိသေသန ပုဒ်အရ စိတ်သည် မုချ။ထို-၏ ဥတြာသ ဟူသော နောက်ပုဒ်အရ ထိတ်လန့်ခြင်းအမူအရာနှင့် ဝိကာရ+ဝိကာရီ/နိဿယ+နိဿတစပ်ခြင်းသည် ဌာနူ။ ပုဒ်လုံးအရ ထို-သော စိတ်၏ထိတ်လန့်ခြင်း အမူအရာ ရ၏။

**ဟာဒယမံသံ။ ။ ဟာဒယမေဝ မံသံ ဟာဒယမံသံ။**

ဟာဒယ-အရ နှလုံးသား၏အဖြစ်ဟူသော အဝဓာရဏဘောဂုဏ်သည် မုချ။ထို-၏ အသားနှင့် ဂုဏ်+ဂုဏော/နိဿယ/နိဿိတစပ်ခြင်းသည် ဌာနူ။ပုဒ်လုံးအရ ထို-သော နှလုံးသား ရ၏။

**သရီရစလနံ။ ။ သရီရဿ စလနံ သရီရစလနံ။**

**အတိဘယံ။ ။ အတိဝိယ ဘယံ အတိဘယံ။**

အတိ-ဥပသာရပုဒ်အရ အတိသယတ္တဘောဂုဏ်သည် မုချ။ထို-၏ ကြောက်ခြင်း ကြိယာနှင့် ဂုဏ်+ဂုဏော စပ်ခြင်းသည် ဌာနူ။ပုဒ်လုံးအရ ထို-သော အလွန်အကဲကြောက်ခြင်းရ၏။

**ထဒ္ဓသရီရာ။ ။ ထဒ္ဓံ သရီရံ ဧတေသန္တိ ထဒ္ဓသရီရာ။**

**ထဒ္ဓသရီရတ္တံ။ ။ ထဒ္ဓသရီရာနံ ဘာဝေါ ထဒ္ဓသရီရတ္တံ။**

ထဒ္ဓသရီရတဒ္ဓိတ်ပုဒ်အရ တောင့်မာသော ကိုယ်ရှိသော ပုထုဇ္ဇဉ်ရဟန်းတို့ ရ၏။ ထို-၏ တ္တ-ပစ္စည်းအရ တောင့်မာခြင်း ကြိယာနှင့် နိဿိတ+နိဿယစပ် ဌာနူ။တ္တ-ပစ္စည်းအရ ထို-သော တောင့်မာခြင်း ကြိယာ ရ၏။

**ထမ္ဘိတတ္တ။ ။ ထမ္ဘနံ ထမ္ဘော၊ ထမ္ဘော သဉ္ဇာတော အဿ အတ္ထီတိ ထမ္ဘိတော။**
**ထမ္ဘိတဿ ဘာဝေါ ထမ္ဘိတတ္တံ။**

**ဥဒ္ဒံဋ္ဌိတလောမတာ။ ။ ဥဒ္ဓံ ဌိတာနိ လောမာနိ ယဿာတိ ဥဒ္ဒံဋ္ဌိတလောမော။**
**ဥဒ္ဒံဋ္ဌိတလောမဿ ဘာဝေါ ဥဒ္ဒံဋ္ဌိတလောမတာ။**

**သတ္တသုညတာ။ ။ သတ္တသ္မာ သုညော သတ္တသုညော။သတ္တသုညဿ ဘာဝေါ**
**သတ္တသုညတာ။**

**မရဏကသတ္တော။ ။ မရိဿတီတိ မရဏော။ မရဏောယေဝ မရဏကော။**
**မရဏကောစ သော သတ္တောစာတိ မရဏကသတ္တော။**

မရ-ဓာတ်-အရ စုတိစိတ်၏ ဘင်ခဏသည် မုချ။ရှေးရှေးသော မရဏသန္တာဇေ-တဒါရုံတို့သည် ဖလူ။နောက်နောက်သော ဘဝင်စိတ်သည် ကာရဏူ။ယု-ပစ္စည်းအရ ထို-သော သေလတ္တံ့သော သတ္တဝါရ၏။

နံပါတ် (၅)

| | |
|---|---|
| **မရဏ။** | ။မရ+ယု။ မရီယတေ မရဏံ။ |
| **ဥတြာသ။** | ။ဥ+တသ+ဏ။ တ-ကို တြ-ပြု။ |
| **မံသ။** | ။မန+သက်။ |

http://www.dhammadownload.com



| | |
|---|---|
| **သရီရ**။ | ။သရ+ဤရ။ |
| **ထဒ္ဓ**။ | ။ထမ္ဘ+တ။ **တစ်နည်း-ထဘ္ဘ/ထဒ္ဓ+တ**။ |
| **ဟာဒယ**။ | ။ဟရ+ယ/ ဏျ။ |
| **စလန**။ | ။စလ+ယု။ |
| **အတိဘာယ**။ | ။အတိ+ဘီ+ဏ။ |
| **လောမ**။ | ။လူ+မန် |
| **ဟံသ**။ | ။ဟံသ+အ။ |
| **သုည**။ | ။သုန်+ဏျ။ |

နံပါတ် (၆)

(က)**ဟောတိ-ဖြင့်** ဟောတိယေဝ-၌ ဧဝ-သဒ္ဒါ၏ အနက်မဲ့၏ အဖြစ်ကို သိစေသည်။**စိတ္တုတြာသော-ဖြင့်** ဘယ-အရ အာရမ္မဏ, ဉာဏ, ဩတ္တပ္ပဘာယတို့ကို မယူ အပ်။စိတ္တုတြာသဘယကို ယူရမည်ကို သိစေသည်။**မရဏံ ပဋိစ္စ-ဖြင့်** သေခြင်းကို စွဲ၍ ကြောက်ခြင်းဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ခ) **ဝါကျဖြင့် သရီရစလနံ-ဖြင့်** ဆမ္ဘိတတ္တံ-၌ ဆမ္ဘိတပုဒ်+တ္တ-ပစ္စည်း၊ ယင်းတ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌သက်၍၊ဆမ္ဘိတဿ ဘာဝေါ ဆမ္ဘိတတ္တံ-ဟုဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ ဆမ္ဘိတတ္တအရ ကိုယ်ခန္ဓာ၏ တုန်လှုပ်ခြင်းကို ကောက်ယူရမည်ကိုလည်းကောင်းသိစေသည်။**ဟာဒယမံသံ အာဒိကတ္ဘာ-ဖြင့်** ထို ခန္ဓာကိုယ်တုန်လှုပ်ခြင်းသည်လည်း တစ်စိတ်တစ်ဒေသ တုန်လှုပ်သည် မဟုတ်၊ နှလုံးသားကို အစထား၍ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သည်၏အဖြစ်ကိုသိစေသည်။

(ဂ) **ဉဒ္ဓံ ဋ္ဌိတလောမတာ - ဖြင့်** လောမဟံသော -ပုဒ်ကို ဟံသနံ ဟံသော-ဟု ဘာဝသာဓနစစ်၍ပြု၍ ဏ-ပစ္စည်း ဘာဝသာဓန-အနက်၌ သက်သည်ကို လည်းကောင်း လောမာနံ ဟံသော လောမဟံသော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုအပ်သည်ကိုလည်းကောင်း၊ အမွေးတို့ဖြွင်းခြင်းဟူသည် အထက်၌တည်သော အမွေးရှိသူ၏အဖြစ် ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

**ဉဒ္ဓံဋ္ဌိတလောမဟာ/ဉဒ္ဓဋ္ဌိတလောမတာ...**

ဉဒ္ဓံ-ပုဒ်သည် သတ္တမျန္တနိပါတ်ပုဒ်ဖြစ်၍ နိဂ္ဂဟိတ်ဖြင့်ရှိနိုင်ကောင်းသောကြောင့် ဉဒ္ဓံဋ္ဌိတလောမတာ-ပါ၌သင့်။

ဉဒ္ဓကမ္မ, ဉဒ္ဓကမ္မဒေဟိတ-ပုဒ်တို့ကဲ့သို့ ဝါစာသိလိဋ္ဌအကျိုးငှာ နိဂ္ဂဟိတ်ကိုချေ၍ ပြီးနိုင်ကောင်းသောကြောင့် ဉဒ္ဓဋ္ဌိတ်လောမတာ ပါ၌သင့်။

**သဗ္ဗမွေတံ/သဗ္ဗမေတံ...**

(ဃ) **မနုဿေ ဥတ္တရိဋ္ဌာမဋ္ဌဿ-ဖြင့်** ဥတ္တရိသဒ္ဒါသည် ဥတ္တရိဋ္ဌာသဒ္ဒါ၏ ပရိယာယ်အဖြစ်ကိုလည်းကောင်း၊ မနုဿေ ဥတ္တရိ မနုဿဥတ္တရိ-ဟု ဆိုလိုလျက် ဥတ္တရိ မနုဿော-ဟု ရှေ့နောက်ပြန်၍ ပြီးသော ဒုတိယာတပ္ပုရိသ်သမာသ်၏အဖြစ်ကိုလည်းကောင်း၊ ဥတ္တရိမနုဿော စ သော ဓမ္မောစာတိ ဥတ္တရိမနုဿဓမ္မော-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေသည်။

နံပါတ် (၇)

**လောဏာတိကဋုကာဒီနိ/ လောဏာကဋုကာဒီနိ...** (နှာ-၇၂။)

ရေပ်၊ ပိတ်ချင်း, ဂျင်းသုံးမျိုးကို တိကဋုက-ဟု ဆိုသောကြောင့် လောဏာတိကဋုကာဒီနိ-ဟူသော ပါဠ်သာညှင့်ပါသည်။

**ဂိဟိ၊ ဂိဟိ၊ ဒူတကမ္မံ/ဒုတကမ္မံ**

ဤပုဒ်တို့ကို နံပါတ် (၄) ဝိဂ္ဂဟကိုရှု၍ ဆုံးဖြတ်ပါ။

နံပါတ် (၈)

**မနုဿ**။ ။အပေါင်းဖြစ်သော လူသားအားလုံး၏ မနုဿ-အမည်ကို အစိတ်ဖြစ်သော မြတ်သောယောက်ျား၌ တင်...ဧကဒေသူ၊ ပဓာနနည်း။

**သေဋ္ဌပုရိသာနံ** ။အပေါင်းဖြစ်သော ယုတ်သောသူမှ ထောက်သောအားဖြင့် မြတ်သော ယောက်ျား၊ ဈာယီအရိယာဟူသော မြတ်သောယောက်ျားတို့၏ သေဋ္ဌပုရိသအမည်ကို အစိတ်ဖြစ်သော ဈာယီအရိယာဟူသော မြတ်သော ယောက်ျား၌တင် ဧကဒေသူ။ (ဂဏ္ဌိ)

နံပါတ် (၁၀)

ဥတ္တရိမနုဿ ဓမ္မဿ-၌ ဓမ္မဿ-အရ ဈာန်, မဂ်, ဖိုလ် ကောက်။

***************

ဝါကျစဉ် (၂)

(က) ယော အမှာက် အညေန အညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏော ဘာသိတော ဘဝိဿတိ။

(ခ) သော ဧဝ သေယျောတိ။

(ဂ) အနာဂတသမ္ဗန္ဓေ ပန အသတိ န ဧတေဟိ သော တသ္မိံ ခဏေ ဘာသိတော၀ ယသ္မာ န ယုဇ္ဇတိ၊

(ဃ) တသ္မာ အနာဂတသမ္ဗန္ဓံ ကတွာ ယော ဧဝံ ဘာသိတော ဘဝိဿတိ၊ သော ဧဝ သေယျောတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

(င) လက္ခဏံ ပန သဒ္ဒသတ္ထတော ပရိယေသိတဗ္ဗံ။(ဝိ၊ ဋ္ဌ၊ ၂။ ၇၄။)

**************

http://www.dhammadownload.com



## နံပါတ် (၁)

(ဂ) ပဓာန-ကြိယာ၏ ကတ္တားထည့်၍ အနက် ...

• ယန-ဆက်။အနာဂတသမ္ဗန္ဓေ-ဘဝိဿတိ-ဟူသော ပါဌ်သေသကိုပြု၍ အနာဂတ်ကြိယာနှင့် စပ်ခြင်းသည်။ဧတေဟိ-ထိုဝဂ္ဂုမုဒါအမည်ရှိသော မြစ်၏ကမ်းနား၌ နေကြကုန်သော ရဟန်းတို့သည်။တသ္မိံခဏေ-တိုင်ပင်ကြရာ ထိုခဏ၌။ဘာသိတော ဝ-သာလျှင်။န-မဟုတ်။ယသ္မာ-ကြောင့်။ဘဝိဿတီတိ-ပါဌ်သေသံ အကတ္တာ (ဝုတ္တတ္တော) န ယုဇ္ဇတိ။

(ဃ) တသ္မာ-ထိုသို့ အနာဂတ်ကြိယာ မပါသောအနက်၏ မသင့်သည်၏အဖြစ် ကြောင့်။

## နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ဝါကျဖြင့် ဘာသိတော ဘဝိဿတိ-ဟုဖွင့် ဆိုအပ်၏။ဘာသိတော-သာ ပါဠိ၌ဆိုအပ်သည် မဟုတ်ပါလော၊ထိုသို့ဖြစ်ပါလျက် အဘယ့် ကြောင့် ဘဝိဿတိ-ကြိယာနှင့်စပ်၍ ဘာသိတော ဘဝိဿတိ-ဟု ဆိုအပ်ပါသနည်း၊ ပါဠိတော်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏။ဤသို့စုဒ်ကြောင့် (ဂ) မိန့်။

**ကား**-ဘဝိဿတိ-ဟူသော ပါဌ်သေသကိုပြု၍ အနာဂတ်ကြိယာနှင့် စပ်ခြင်း မရှိသော တိုင်ပင်ရာခဏ၌ ပြောဆိုပြီး မဖြစ်နိုင်ရကား အတ္တယုတ္တိမရှိ၊ထို့ကြောင့် ဘဝိဿတိကြိယာ နှင့်စပ်၍ ဘာသိတော ဘဝိဿတိ-ဟု ဖွင့်ဆိုသော ငါ့စကားသင့်ရကား သင်တင်သော- ဝိရောဓိဒေါသ ငါ၌ မရောက်ဟူလို။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ(ဃ)ဝါကျဖြင့် အတ္တယုတ္တိမရှိသောကြောင့် ဘဝိဿ- တိကြိယာနှင့်စပ်၍ အနက်မှတ်သားထိုက်သည်ကို ဖွင့်ပြအပ်၏။ဘာသိတော-သည် အတိတ်ဟောသဒ္ဒါဖြစ်သည် မဟုတ်ပါသလော၊ထို့ကြောင့် အနာဂတ်ဟောသဒ္ဒါနှင့်စပ် ၍ အနာဂတ်ဟောဖြစ်သည်ကို အဘယ်သို့သောအကြောင်းအရာကို စွဲ၍ သိအပ်ပါသနည်း၊ ဤသို့စုဒ်ကြောင့် (င) မိန့်။

**ကား**-ဓာတုသမ္ဗန္ဓေ ပစ္စယာ-ဟူသော သုတ်ဖြင့် ပဓာနကြိယာနှင့်စပ်သော် အတိတ်ဟော ပစ္စည်းတို့သည်လည်း အခြားအနာဂါတ်စသော ကာလတစ်ပါးကို ဟောနိုင်သောကြောင့် ဟူလိုသော်၊

## နံပါတ် (၃)

(ခ)ဝါကျ-နိယမ။(ဂ) ဝါကျ-ဝါကျာရမ္ဘ။ (ဃ) ဝါကျ ဖလ/လဒ္ဓဂုဏ်။

(င) ဝါကျ-ဝါကျာရမ္ဘ/ဒဠှီကရဏ။

**စာစပ်။** ။(ဃ) တသ္မာကြောင့် ...ပေးသောကြောင့်၊ ဝေဒိတဗ္ဗော-၌ အကြောင်းဟိတ်/ အကျိုးဖိုလ်စပ်။

http://www.dhammadownload.com



နံပါတ် (၄)

**အနာဂတသမ္ဗန္ဓော။** **။ အနာဂတေန သမ္ဗန္ဓော အနာဂတသမ္ဗန္ဓော။**

**အနာဂတော။** **။ အာဂစ္ဆိဿတီတိ အာဂတော။ န အာဂတော အနာဂတော။**

**သမ္ဗန္ဓော။** **။ သမ္ဗဇ္ဈတီတိ သမ္ဗန္ဓော။**

အနာဂတ-အရ ဘဝိဿတိ-ဟူသော အနာဂတကြိယာသည် မုချ။ထို··၏ သမ္ဗန္ဓ-အရ စပ်ခြင်းကြိယာနှင့် ဝိသေသန+ဝိသေသျ စပ်ခြင်းသည် ဌာနူ။ပုဒ်လုံးအရ ထို··သော ဘဝိဿတိ-ဟူသော အနာဂတ်ကြိယာနှင့် စပ်ခြင်း ကြိယာရ၏။

**ဘာသိတော။** **။ ဘာသီယိတ္ထာတိ ဘာသိတော။**

ဘာသ-ဓာတ်အရ ကတ္တုဗ္ဗကြိယာ-ပြောဆိုသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ လောဘ ပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္တကြိယာ-ဥတ္တရိမနုဿဓမ္မ၏ အာရုမ္မဏ ပစ္စယသတ္တိသည် ဖလူ။တ ပစ္စည်းအရ ဥတ္တရိမနုဿဓမ္မ၏ဂုဏ်ကျေးဇူးရ၏။

**သဒ္ဒသတ္တံ။** **။ သဒ္ဒဿ ပရိဓိပကံ သတ္တံ သဒ္ဒသတ္တံ။**

သဒ္ဒ-အရ သဒ္ဒါ၏အဖြစ်ဟူသော သမ္ဘာဝနာဘော်ဂုဏ်သည် မုချ။ထို··၏ ပြတတ်သောကျမ်းဂန်နှင့် နိဿယ+နိဿိတ စပ်ခြင်းသည် ဌာနူ။ပုဒ်လုံးအရ ထို··သော သဒ္ဒါကျမ်းရ၏။

နံပါတ် (၅)

**သတ္တ။** ။ သာသ+ ရတ္တ။ လိင်+ဂိုဏ်း။

**ဆောင်။** ။ဘုရား, ဆရာ ဟောသောအခါ၊ ဂိုဏ်းမှာ သတ္တာဒီ။

ကုန်သည် ဟောရာ၊ ပုရိသာ၊ မှတ်ပါလေကုန်ဘိ။

ကျမ်းနှင့်လက်နက်၊ ဤနှစ်ချက်၊ ဟောမြွက်စိတ္တာဒီ။

နံပါတ် (၆)

(က) **ဝဂ္ဂမုဒ္ဒါတီရိယာတိ** ဝဂ္ဂမုဒ္ဒါတီရဝါသိနော။

(ခ) **ကုစ္ဆိပရိကန္တော** ကုစ္ဆိပရိကန္တော ဝရံ ဘဝေယျ။

(က) ဝဂ္ဂမုဒ္ဒါတီရဝါသိနော-ဖြင့် ဝဂ္ဂမုဒ္ဒါတီရိယာ-၌ ဝဂ္ဂမုဒ္ဒါတီရ-ပုဒ်၊ဣက-ပစ္စည်း၊ယင်းဣကပစ္စည်း၏ ဝသန္တိ-အနက်၌သက်၍ ဝဂ္ဂမုဒ္ဒါတီရေ ဝသန္တီတိ ဝဂ္ဂမုဒ္ဒါ တီရိယာ-ဟု ဝသန္တိတဒ္ဓိတ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊က-ကို ယ-ပြု၍ ပြီးသည် ကိုလည်းကောင်း သိစေသည်။

(ခ) ပရိကန္တိတော-ဖြင့် ပရိကန္တော-၌ ပရိ+ကန္တ+တ ပစ္စည်း၏ အဖြစ်ကို သိစေသည်။(တစ်နည်း) ပရိကန္တိတော-သဒ္ဒါသည် ပရိကန္တော သဒ္ဒါ၏ပရိယာယ်အဖြစ် ကို သိစေသည်၊ဝရံဘဝေယျ-ဖြင့် ယင်းပရိကန္တောသဒ္ဒါကို ဝရံဟူသောရှေ့ပုဒ်နှင့်စပ်၍ လည်းကောင်း၊ဘဝေယျကြိယာ ထည့်စပ်၍လည်းကောင်း အနက်သမ္ဗန်အပ်သည်ကို သိစေ။

http://www.dhammadownload.com



နံပါတ် (၇)

**ပရိက္ခော္ဘတိ/ပရိကတ္တော္ဘတိ...**

ကတိ-ဓာတ်သည် ဆေဒန-အနက်ကို ဟောအ်။ကုၡ-ကာရန္တဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာ ဘ-ပစ္စည်းသက်လျှင် ပရိက္ခော္ဘ-ပါဌ်သင့်။

သလ္လကတ္တော-စသည်၌ ကဲ့သို့ နိဂ္ဂဟိတ်မလာဘဲ တ-ပစ္စည်းသက်၍ပြီးနိုင်သောကြောင့် ပရိကတ္တော-ပါဌ်လည်းသင့်။ပရိကတ္တောတိပိ ပါဌော ယုဇ္ဇတိ။(ဝိ၊ဋ္ဌ၊၂။၇၄။)

**အညေန အညဿ / အညမညဿ...**

အညမညဿာတိ ပဒံ ဥတ္တ။ပ။မေ့ဿာတိ ပဒေ သမ္ဗန္ဓော-ဟု ဆိုသောကြောင့် ယင်းအလို အညမညဿ-ပါဌ်သင့်။

သို့သော်လည်း အညမညဿ-ဟူသော ပါဠိတော် သံဝဏ္ဏေတဗ္ဗ-ကို ဖွင့်ဆိုရာ၌ အညေန အညဿ-ဟု ဖွင့်ဆိုရမည်ဖြစ်သောကြောင့်လည်းကောင်း၊အချင်းချင်းဟူသော အနက်သည် တစ်ပါးသည်တစ်ပါး၏ဟူသော အဓိပ္ပာယ်အနက် ဖြစ်သင့်သောကြောင့်လည်းကောင်း အညေန အညဿ-ပါဌ်လည်းသင့်။

နံပါတ် (၈)

**ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏော ။** ။ဥတ္တရိမနုဿဓမ္မနှင့်ဂုဏ်ကျေးဇူးမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**(င)လက္ခဏာ။** ။ဌာနဖြစ်သော မုတ်ကြောင်းသုတ်ကို ဆိုသဖြင့် ဌာနီဖြစ်သော အနာဂတ်ကြိယာနှင့် စပ်ယှဉ်ရာ၌ အတိတ် တ-ပစ္စည်း အနာဂတ်အနက်ဟောနိုင်ပုံ ဥဒါဟရဏ်ပါလည်း ရသောကြောင့် ဌာနူပစာ၊ နာနတ္တရိကနည်း။

နံပါတ် (၁၀)

ပရိယေသိတဗ္ဗ ဓာတ်အရ- ဝီရိယ၊ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်၊ ကြိယာ စိတ္တုပ္ပါဒ်ကောက်။

**************

ဝါကျစဉ် (၃)

(က) **ဝဏ္ဏဝါ အဟောသုန္တိ** အညောညေဝ နေသံ အဘိနဝေါ သရီရဝဏ္ဏော ဥပ္ပန္နိ၊ တေန ဝဏ္ဏေန ဝဏ္ဏဝန္တော အဟေသုံ။

(ခ) **ပီဏိန္ဒြိယာတိ** ပဋ္ဌဟိ ပသာဒေဟိ အဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာ မနစ္ဆဋ္ဌာနံ ဣန္ဒြိယာနံ အမိလာတဘာဝေန ပီဏိန္ဒြိယာ။

(ဂ) **ပသန္နမုခဝဏ္ဏာတိ** ကိဉ္စာပိ အဝိသေသေန ဝဏ္ဏဝန္တော။

(ဃ) သရီရဝဏ္ဏတော ပန နေသံ မုခဝဏ္ဏော အဓိကတရံ ပသန္နော။

(င) အစ္ဆော အနာဝိလော ပရိသုဒ္ဓေါတိ အတ္ထော။ (ဝိ၊ ဋ္ဌ၊ ၂။ ၇၄။)

**************

http://www.dhammadownload.com



(၁၃၄၅-ခု အစိုးရ မေးဖူးသည်။)

နံပါတ် (၁)

(က)နေသံ-ထိုရဟန်းတို့၏။ပကတိဝဏ္ဏာတော-ပင်ကိုအဆင်းမှ။(အညု-အပါ ဒါန်ခံ) (ပုရာဏဝဏ္ဏတော, မူလဝဏ္ဏတော သင့်ရာ ထည့်နိုင်သည်။)

(ခ) အဘိနိဝိဋ္ဌောကာသဿ-စွဲမှီတည်နေအပ်သော အရပ်၏။(ဘာ-ဋ္ဌီ)ဝါ-တည်ရာဖြစ်ကုန်သောအရပ်၏။(မအူ) အမိလာတဘာဝေန-မညှိုးနွမ်းကုန်သည်၏အဖြစ်ကြောင့်။

(ဂ) အဝိသေသေန-ကိုယ်ခန္ဓာ မျက်နှာဟု အထူးမ,မ သာမညအားဖြင့်။

နံပါတ် (၂)

**(က) ဝါကျသို့ လီနတ္ထရစောဒနာ။** ။ဆရာပါဠိတော်၌ ဝဏ္ဏာဝါ အဟောသုံ-ဟူ၍ သင်္ဂါယနာတင် မထေရ်တို့သည် ဆိုအပ်၏၊မည်သူမဆို ပကတိအဆင်းရှိ၍ ဝဏ္ဏာဝါ အဟောသုံ-ဟူ၍ ဆိုအပ်သင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် ပါဠိတော်၌ ဝဂ္ဂမုဒါ-မြစ်ကမ်းတွင် ဝါဆိုရဟန်းတို့ကိုသာ ဝဏ္ဏာဝါ အဟောသုံ-ဟူ၍ ဆိုအပ်ပါသနည်း၊ ဤသို့ စုဒ်ကြောင့် (က) သံဝဏ္ဏနာကို မိန့်။

**ကား**-အထခေါ တေ-ဟု ပါဠိ၌ ဆိုသောကြောင့် ပကတိဖြစ်သော ဝဏ္ဏ-မဟုတ်၊အာဟာရကိုမှီ၍ အသစ်ဖြစ်သော ဝဏ္ဏရှိသည်ကို ပြလိုသောကြောင့် ဆိုအပ်၏- ဟူလို၊ (ဂဏ္ဌိ)။

**သတိပြုရန်** ။ ။ လီနတ္ထရစုဒ်ဟူသည် သံဝဏ္ဏနာ၏အဖြေကိုရှု၍ ပါဠိတော်ကို ထပနာထားလျက် ကျမ်းတက်ခြင်းမျှသာ ဖြစ်သည်၊ လီနတ္ထရစုဒ်ကို အဓိပ္ပာယ် မပြန်ရဟု အချို့ဆရာထေရ်တို့ ဆိုကြ၏။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် ပသန္နမုခဝဏ္ဏာ ဝိပ္ပသန္နဆဝိဝဏ္ဏာနှစ်ပုဒ်ကို ဟောဆိုအပ်၏။ဝဏ္ဏာဝါ-အရ၌ ဝဏ္ဏ-သာမညဖြစ်၍ မုခဝဏ္ဏ ဆဝိဝဏ္ဏတို့သည် ပါဝင်ပြီးဖြစ်သည် မဟုတ်ပါလော၊ တစ်ဖန် ပသန္နမုခဝဏ္ဏာ, ဝိပ္ပသန္နဆဝိဝဏ္ဏာပုဒ်တို့ကို အဘယ့်ကြောင့် ဆိုပြန်ပါသနည်း၊ ပုနရုတ္တိဒေါသမဖြစ်ရာပြီလော၊ ဤသို့စုဒ်ကြောင့် (ဃ) မိန့်၊ (ပါဠိတော် ထပနာ)။

**(တစ်နည်း)** (ဂ) ဝါကျဖြင့် သာမညအားဖြင့် ထိုရဟန်းတို့အား အဆင်းရှိကုန်၏ ဟု ဖွင့်ပြအပ်၏။ထိုသို့သာမညအဆင်းရှိငြားအံ့၊ ပသန္နမုခဝဏ္ဏာ,ဝိပ္ပသန္နဆဝိဝဏ္ဏာပုဒ်တို့ကို မဟောဆိုသင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် ထိုနှစ်ပုဒ်ကို ဟောဆိုအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဃ) မိန့်၊ (ဤကဲ့သို့သော အတက်ကို ဗျတိရေကတက်ဟု ဆို၏)။

**မှတ်ချက်** ။ ။ ဗျတိရေကော 'ယဒျာဒိနာ' ယဒိ-ဖြင့် မှတ်၍ တက်ထားသည်၊ထို သာမညအဆင်းရှိငြားအံ့၊ စာပိုဒ်ရှ၊အာဘော်ကို 'နံ' ဗျတိရေကဖြင့် ဆင်ထားသည်။

နံပါတ် (၃)

(ခ)ဝါကျ-ပက္ခန္တရ။ (ဂ) ဝါကျ-ပက္ခန္တရ။ (ဃ) ဝါကျ ဝါကျာရမ္ဘ။

http://www.dhammadownload.com



(င)ဝါကျ-ပက္ခန္တရ။ (ဃ)ဝါကျ ဝါကျာရမ္ဘ။(င) ဝါကျ-ဝိတ္ထာရ။ ပသန္နကို ချဲ့ပြသည်။ထိုတွင် (ဃ) စောဒနာသောဓ။ (င) ပရိဟာရ။

**စာစပ်** ။ ။ပီဏိန္ဒြိယာ-တို့သည် ပေးသောကြောင့်၊အပဟောသုံ-၌ ဝိကတိ ကတ္တား/ ဝိကတိကတ္တား၏ ကြိယာစပ်။

ပသာဒေဟိ-တို့သည်ပေးသောကြောင့်၊အဘိနိဝိဋ္ဌော-၌ အဝုတ္တကတ္တား/ အဝုတ္တကတ္တိ စပ်။

နံပါတ် (၄)

**အမိလာတာနိ။ ။ မိလာယန္တီတိ မိလာတာနိ၊ န မိလာတာနိ အမိလာတာနိ။**

**အမိလာတဘာဝေါ။ ။ အမိလာတာနံ ဘာဝေါ အမိလာတဘာဝေါ။**

**ဘာဝေါ။ ။ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေန ဧတသ္မာတိ ဘာဝေါ။**

အမိလာတ-အရ မညှိုးနွမ်းကုန်သော ဣန္ဒြေတို့ရဲ့၏။ထို…၏ ဘာဝ-ဟူသော နောက်ပုဒ်အရ မညှိုးနွမ်းသည်၏အဖြစ် မညှိုးနွမ်းခြင်းကြိယာနှင့် နိဿယ+ နိဿိတ စပ်ခြင်းသည့် ဌာနူ။ပုဒ်လုံးအရ ထို··သော မညှိုးနွမ်းသည်၏အဖြစ် မညှိုးနွမ်းသော-ကြိယာရှိ၏။

**သရီရဝဏ္ဏော။ ။ သရီရဿ ဝဏ္ဏော သရီရဝဏ္ဏော။**

**ဝဏ္ဏဝဏ္ဏော။ ။ ဝဏ္ဏော ဧဝ အဲတ္ထီတိ ဝဏ္ဏဝဏ္ဏော။**

**ပီဏိန္ဒြိယာနိ။ ။ ပီဏာနိ ဣန္ဒြိယာနိ ယေသန္တိ ပီဏိန္ဒြိယာနိ။**

**အဘိနိဝိဋ္ဌော၊ ။ အဘိနိဝိသန္တိ ဧတ္ထာတိ အဘိနိဝိဋ္ဌော။**

**အဘိနိဝိဋ္ဌောကာသော။ ။ အဘိနိဝိယတေတိ အဘိနိဝိဋ္ဌော။**

**အဘိနိဝိဋ္ဌော စ သော ဩကာသော စာတိ အဘိနိဝိဋ္ဌောကာသော။**

**ပသန္နမုခဝဏ္ဏော။ ။ ပသန္နော မုခဝဏ္ဏော ယေသန္တိ ပသန္နမုခဝဏ္ဏော။**

**ဆဗ္ဗော။ ။ ဆန္နံ ပူရဏော ဆဗ္ဗော။**

**မနုဿဠာနိ။ ။ မနောဇဝ ဆဗ္ဗော ဧတေသန္တိ မနုဿဠာနိ။**

မနုဿဠ -ဟူသော သမာသ်ပုဒ်လုံးအရ မနိန္ဒြေလျှင် ခြောက်ခုမြောက်ဖြစ်ခြင်း သည် မုချ။ထို··၏ ယံ-ဟူသော အညပုဒ်အရ ဣန္ဒြေတို့နှင့် အစိတ်+အပေါင်းစပ်ခြင်း သည့် ဌာနူ ယ-အညပုဒ်အရ ထို··သော မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိသော ဣန္ဒြေတို့ ရှိ၏။

**အဝိသေသော။ ။ န ဝိသေသော အဝိသေသော။**

**အဓိကတရော။ ။ အဓိကာနံ ဝိသေသော အဓိကတရော။**

အဓိက-အရ လွန်ကဲသော အဆင်းကြည်လင်ခြင်းမုချ။ထို··၏ တရ-ပစ္စည်းအရ အထူးအားဖြင့် လွန်ကဲသောမျက်နှာ အဆင်းကြည်လင်ခြင်းနှင့် ဂုဏ် + ဂုဏီအဖြစ်ဖြင့် စပ်ခြင်းသည် ဌာနူ။တရ-ပစ္စည်းအရ ထို··သော အထူးအားဖြင့် ကြည်လင်သော မျက်နှာ

http://www.dhammadownload.com



အဆင်း ရှ၏။

နံပါတ် (၅)

| | | |
|---|---|---|
| **အဘိနဝ** | = | အဘိ + နု + ဏ။ |
| **သရီရ** | = | သံရ + ဤရ။ |
| **ပသာဒ** | = | ပ + သဒ + ဏ။ |
| **ဩကာသ** | = | အဝ + ကာသ + ဏ။ |
| **မုခ** | = | မု + ခ၊ မုနန္တိ ဗန္ဓန္တိ ဧတေနာတိ မုခံ။ (မုခ + အ) |

**ဝဏ္ဏဝါရုပ်ပြီးပုံ** - ဝဏ္ဏ-နောင် ဝန္တု-ပစ္စည်းသက်၊ ယော ဝိဘတ်သက်။အာသိမှိသုတ်၌ အာ-ဟူသော ယောဂဝိဘာဂ-ဖြင့် ဝန္တုနှင့်တကွ ယော-ကို အာ-ပြု။

နံပါတ် (၆)

(က) **နေသံ အဘိနဝေါ။ပ။ဝဏ္ဏဝန္တော-ဖြင့်** ဝဏ္ဏဝါ-၌ ဝဏ္ဏ-အရ အသစ်ဖြစ်သော ကိုယ်အဆင်းကို ကောက်၍ ဝဏ္ဏော ယေသံ အတ္ထီတိ ဝဏ္ဏဝါ-ဟု ဝစနတ္ထပြု၍ ဝန္တု-ပစ္စည်း အသယတ္ထိတဒ္ဓိတ်အနက်၌ သက်သည်ကို သိစေသည်။

**အဥ္ဘောယေဝ-ဖြင့်** အဟောင်းဖြစ်သော ကိုယ်မှတစ်ပါးသော အစားသောက်ကြောင့် အသစ်ဖြစ်သော ကိုယ်ဖြစ်သည်ဟူသော အဓိပ္ပာယ်ကို သိစေသည်။

(ခ) **မနုဿာနံ ဣန္ဒြိယာနံ အဓိလာတဘာဝေန-ဖြင့်** မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိသော ဣန္ဒြေတို့၏မညှိုးနွမ်းကုန်သည်၏အဖြစ်ဖြင့် ပီဏိန္ဒြိယ-မည်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်၊ပဥ္စဟိ ပသာဒေဟိ အဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာ-ဖြင့် ထိုသို့ မညှိုးနွမ်းခြင်း, ပြည့်စုံခြင်းသည်လည်း ငါးပါးသော ဣန္ဒြေတို့၏သက်ဝင်တည်နေရာအရပ်၏ ပြည့်သည်၏အဖြစ်ကြောင့် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

နံပါတ် (၇)

**ပီဏိန္ဒြိယ/ပိဏိန္ဒြိယ**...

သက္ကဋ-၌ ပြီဏ-တပ္ပဏေ ဓာတ်ရှိသောကြောင့် ပိဏ-ဟု ယူသင့်၏၊ ပိဏန္တီတိ ပိဏာနိ၊ ပိဏာနိ ဣန္ဒြိယာနိ ယေသန္တိ ပိဏိန္ဒြိယာနိ-ဟု ပြု၍ပြီး၏၊ ဤအလို "ဝိ" ဟု ရဿဖြင့်ရှိသော ပိဏိန္ဒြိယာနိ-ပါဌ်သင့်။

သက္ကဋ-၌ ပြီ-တပ္ပဏေ ဟု ရှိပြန်၏၊ပြီ-ဓာတ်နောင် ယု-ပစ္စည်းကို အနပြု၊ န-ကို ဏ-ပြန်လျှင် ပီဏ-ဟုပြီးနိုင်၏။ထို့ကြောင့် ပီဏိန္ဒြိယာနိဟု ဒီဃဖြင့် ရှိသော ပါဌ်လည်းသင့်၊ (ဘာ-ဋီ)။

နံပါတ် (၈)

**ပီဏိန္ဒြိယ**။ ။ဌာနီဖြစ်သော ပသာဒရုပ်ဣန္ဒြေတို့၏ပီဏိန္ဒြိယအမည်ကို ဌာနဖြစ်သော ယင်းပသာဒရုပ်တို့၏ တည်ရာအရပ် ပြည့်ဖြိုးမှု၌တင် ..ဌာနူပစာ၊ အဝိနာဘာဝနည်း။

**ပသန္နမုခဝဏ္ဏာ**။ ။အသားအရေ ကြည်လင်ခြင်းတို့အတွက် အလွန်အားဖြင့် ကြည်လင်

http://www.dhammadownload.com



သော မျက်နှာ၏ကြည်လင်ခြင်းကို အလွန်အားဖြင့် ယူအပ်သောကြောင့် အတိသယနည်း။

နံပါတ် (၁၀)

မနုဿဋ္ဌာန-၌ နောက်ပုဒ် ဆဋ္ဌ-အရ မနိဋ္ဌေရန်၏၊ ဩတရဏဟာ်ရထုတ်၊
ပေါင်း၍ ,ယှဉ်ဖက်စေတသိက်၊ စိတ္တဇရုပ်တို့လည်း ထုတ်နိုင်၏။

**************

ဝါကျစဉ် (၄)

(က) **ကစ္စိ ဘိက္ခဝေ ခမနီယန္တိ** ဘိက္ခဝေ ကစ္စိ တုမှာကံ ဣဒံ စတုစက္ကံ နဝဒ္ဒါရံ သရီရယန္တံ ခမနီယံ သက္ကာ ခမိတုံ သဟိတုံ ပရိဟရိတုံ။

(ခ) န ကိဉ္စိ ဒုက္ခံ ဥပ္ပါဒေတိ။

(ဂ) **ကစ္စိ ယာပနီယန္တိ** ကစ္စိ သဗ္ဗကိစ္စေသု ယာပေတုံ ဂမေတုံ သက္ကာ။

(ဃ) န ကိဉ္စိ အန္တရာယံ ဒဿေတိ။ (ဝိ၊ ၄၊ ၂။ ၇၄။)

**************

နံပါတ် (၁)

ကစ္စိ-အသို့နည်း။တုမှာကံ-တို့၏။စတုစက္ကံ-ဣရိယာပုတ်လေးဖြာ, စက်ဘီးတပ်လျက်လည်း ပါရှိထသော။နဝဒ္ဒါရံ-ကိုးပေါက်ဒ္ဒါရ, အနာဝလည်းရှိထသော။ဣဒံသရီရယန္တံ-ဤခန္ဓာကိုယ် တည်းဟူသော ယန္တရားသည်။ဝါ-ဤခန္ဓာကိုယ်တည်းဟူသော ရထားသည်။ခမနီယံ-သည်းခံနိုင်ပါ၏လော။ဝါ-ခန့်ကျန်းပါ၏လော။ခမိတုံ သဟိတုံ-သည်းခံခြင်းငှာ။ပရိဟရိတုံ-ဒုက္ခကို ရှောင်လွှဲခြင်းငှာ။

(ခ) ဒုက္ခံ-ဦးခေါင်းနာရောဂါစသော ဆင်းရဲကို။

(ဂ) သဗ္ဗကိစ္စေသု-သပိတ်ဖုတ်ခြင်း, သင်္ကန်းဆိုးခြင်း, ကမ္မဋ္ဌာန်းအားထုတ်ခြင်း အစရှိသော ကိစ္စတို့၌။

နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာသည်(က) ဝါကျဖြင့် ခန္ဓာကိုယ်ဟူသော ယန္တရားသည် ရှောင်လွှဲနိုင်ခြင်းငှာလည်းကောင်း၊သည်းခံနိုင်ခြင်းငှာလည်းကောင်းတတ်ကောင်း၏ဟု ဖွင့်ပြအပ်၏။ရှောင်လွှဲနိုင်ခြင်း,သည်းခံခြင်းဟူသည် ရောက်လာသောဒုက္ခကိုအောင့်အီး သည်းခံခြင်းကို ဆိုအပ်ပါသလော၊အဘယ်ကို ဆိုအပ်ပါသနည်း၊ဤသို့စုဒ်ကြောင့် (ခ) မိန့်။

**ကား-** ဒုက္ခမဖြစ်အောင် ရှောင်ရှားနိုင်ခြင်းကို ဆိုအပ်၏ဟူလို၊ (ဘာဋီ)။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ) ဝါကျဖြင့် ယာပနီယ-ဟူသည် အလုံးစုံသော ကိစ္စတို့၌ ရောက်စေခြင်းငှာ,စွမ်းနိုင်ခြင်းဖြစ်၏ဟု ဖွင့်ပြအပ်၏၊အလုံးစုံသောကိစ္စတို့၌ ရောက်စေခြင်းငှာ, စွမ်းနိုင်ခြင်းဟူသည် အဘယ်ပါနည်း၊ ခန္ဓာကိုယ်ဟူသော ယန္တရားသည် အလုံးစုံသောကိစ္စတို့၌ ဆောင်ရွက်နိုင်သည်ကို ဆိုအပ်ပါသလော၊ဤသို့စုဒ်ကြောင့် (ဃ)

http://www.dhammadownload.com



မိန့်။

ကား-ခန္ဓာကိုယ်ဟူသော ယန္တရားသည် အလုံးစုံသော ကိစ္စတို့ဥ္ဆောင်ရွက်နိုင်သည်ကို ဆိုသည်မဟုတ်၊တစ်စုံတစ်ခုသော အန္တရာယ်မပြဘဲ ရှိသည်ကို ဆိုအပ်၏ဟူလို။

နံပါတ် (၃)

(ခ)ဝါကျ-ဝိတ္ထာရ/ဝါကျာရမ္ဘ။ (ဂ) ဝါကျ-ပကဏ္ဍရ။(ဃ)ဝါကျ-ဝိတ္ထာရ/ဝါကျာရမ္ဘ။ထိုတွင်(ဂ+ဃ)ဝါကျတို့ကို ဝိတ္ထာရ အပြင် ထင်ရှားအောင်ပြဆိုရာဖြစ်၍ တပ္ပါကင္ဒိကရဏ-ဟု ဆရာများ ဆိုကြ၏။

နံပါတ် (၄)

**စက္က**။ ။ **စရတိ ဓောနာတိ စက္ကံ**။(ဧရ+က) **စက္ကံ ဝိယာတိ စက္ကံ**။

ကတ္တုဗြ-လှည့်လည်ပြောင်းလွဲသော အခြင်းအရာအားဖြင့်ဖြစ်သော ဝိညတ္တိသမုဋ္ဌာပကာရုပ်, ဥတုဇရုပ်တို့၏ ဥပါဒ်သည် မုချ။ကရဏတ္တကြိယာ-စက်ဘီး၏ ပကတူပနိဿယသတ္တိသည် ဖလူ။က-ပစ္စည်း အရ ထို··သော စက်ဘီးရ၏။

စက္က-အရ စက်ဘီးသည် မုချ။ထို··၏ အ-ပစ္စည်းအရ ဣရိယာပုတ်လေးပါးနှင့် သဒိသ+သဒိသီအဖြစ်ဖြင့် စပ်ခြင်းသည် ဌာန။အ-ပစ္စည်းအရ ထို···သောစက်ဘီးနှင့်တူသော ဣရိယာပုတ်လေးပါးရ၏။

**စတုစက္ကံ**။ ။ **စတ္တာရိ စက္ကာနိ ယဿိန္တိ စတုစက္ကံ**။

စတုစက္က-ဣရိယာပုတ်လေးပါးဟူသော စက်သည် မုချ။ထို··၏ ယ-အညပုဒ်အရ ခန္ဓာကိုယ်ဟူသော ယန္တရားနှင့် နိဿိတ+နိဿယစပ်ခြင်းသည် ဌာန။ယ-အညပုဒ်အရ ထို·· သော ခန္ဓာကိုယ်တည်းဟူသော ယန္တရားရ၏။

**နဝဒွါရံ**။ ။ **နဝ ဒွါရာနိ ယဿိန္တိ နဝဒွါရံ**။

**သရိရယန္တံ**။ ။ **သရိရမေဝ ယန္တံ သရိရယန္တံ**။

**အန္တရာယော**။ ။ **သတ္တသန္တာနဿ ဝေမဇ္ဈေ ဧတိ အာဂစ္ဆတီတိ အန္တရာယော**။

(အန္တရ-သဒ္ဒူပပဒ + ဣ + ဏ)

**သရိရံ**။ ။ **သရန္တိ တံ ဟိံသန္တီတိ သရိရံ**။

သရ-ဓာတ်အရ ကတ္တုဗြ-ညှဉ်းဆဲတတ်သော အခြင်းအရာအားဖြင့်ဖြစ်သော နာကျင်ကိုက်ခဲမှု ဒုက္ခသဟဂုတ်ကာယဝိညာဉ်သည် မုချ။ကမ္မတ္တကြိယာ-ခန္ဓာကိုယ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ဤရ-ပစ္စည်းအရ ထို··သော ခန္ဓာကိုယ်ရ၏။

(နိဿာယ နံ ဝသတီတိ နိဿယော-ဟူသော အဝုတ္တကမ္မသာဓနကဲ့သို့ ကောက်သည်)

နံပါတ် (၅)

**ကစ္စိ** = ပုစ္ဆနတ္ထနိပါတ်၊ ဝိဘတ္တိအဝယတ္တ။

**သရိရံ** = သရ + ဤရ။

**သဗ္ဗ** = သရ + ဝ၊ သရတိ ပဝတ္တတီတိ သဗ္ဗော။

http://www.dhammadownload.com



**ယန္တ** = ယန္တ + အ၊ ယာ + န္တ၊ ယန္တိ ဧတေနာတိ ယန္တံ။
**စက္က** = ကရ/စက္က + အ။ ကရောတိ ဂမနံ အနေနာတိ စက္ကံ။

နံပါတ် (၆)

(က) **သတ္တာ-ဖြင့်** ခမနီယံ-၌ အနီယ-ပစ္စည်းသည် သက္က-အနက်၌ ဖြစ်သည်ကို သိစေသည်။**သဟိတုံ-ဖြင့်** ခမု-ဓာတ်သည် ရောစန-အနက်၌မဖြစ်၊သဟန-အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ခမီယတေတိ ခမနီယံ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ သိစေသည်၊ (ယုတ္တသက္ကာ၊ အရဟာဒီ၊ စရိုဖွင့်လတ်၊ ကမ္မသာဓ်ပေ)။

**ပရိဟရိတုံ-ဖြင့်** သည်းခံခြင်းဟူသော ညောင်းညာခြင်းစသော ဒုက္ခမဖြစ်အောင် ရှောင်ရှားနိုင်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

**ဘိက္ခဝေ ကစ္စိ-ဖြင့်** ကစ္စိ ဘိက္ခဝေ-ကို သဒ္ဒက္ကမအားဖြင့် အနက်ကို မမှတ်သားအပ်၊အတ္ထက္ကမအားဖြင့် အနက် မှတ်သားအပ်သည်ကို၊ဝါ-ဘိက္ခဝေကို ဦးစွာအနက်ပေးအပ်သည်ကို သိစေသည်။

**ဏ္ဍဒံ စတုစက္ကံ-စသည်ဖြင့်** ခမနီယ-အရ ဏ္ဍရိယာပုတ်လေးပါးလည်းရှိ, ကိုးပေါက်ဒွါရလည်းရှိသော ခန္ဓာကိုယ်ယန္တရားကို ကောက်ယူအပ်သည်ကို သိစေသည်၊ (တစ်နည်း)၊ ဘာဝတ္ထ-ဖော်။

နံပါတ် (၇)

**ဂမေတုံ/ကမေတုံ**...

ယာပေတုန္တိ ဝဟိတုံ ပဝတ္တေတုံ၊တေနာဟ ဂမေတု န္တိ၊(သာရတ္ထ)ကို ထောက်၍ ဂမေတုံ-ပါဌ်သာသင့်။

**ယာပေတုံ/ယပေတုံ**...

ယပ‥ဓာတ်သည် စုရာဒိဂိုဏ်းဖြစ်၍ ဏေ-ပစ္စည်းရှိရကား ဝုဒ္ဓိလာ၍ ပြီးသောကြောင့် ယာပေတုံ-ပါဌ်သာသင့်၊ (တစ်နည်း-ယာဓာတ်၊ဏာပေပစ္စည်းဖြင့်ပြီး)။

နံပါတ် (၈)

**စတုစက္ကံ**။ ။ အတူဖြစ်သော စက်ဘီး၏စက္က-အမည်ကို အတူရှိသော စတုဏ္ဍရိယာပထ၌ တင်စား၍ဆိုသောကြောင့် သဒိသူပစာ၊ ရုဠ္ဟီ-နည်း။

**သရီရယန္တံ**။ ။ သဒိသူပစာ။

ဏ္ဍဒံ စတုစက္ကံ နဝဒွါရံ သရီရယန္တံ-ပုဒ်တို့သည် (ဃ)ဝါကျသို့လည်း လိုက်သောကြောင့် အဓိကာရ-နည်း။

**သရီရယန္တံ ခမနီယံ**။ ။ ဌာနဖြစ်သော ခန္ဓာကိုယ်၏သည်းခံနိုင်ခြင်း၏အမည်ကို ဌာနီဖြစ်သော စိတ်၏သည်းခံနိုင်ခြင်း၌ တင်စား-ဌာနူပစာ။

နံပါတ် (၁၀)

ဒုက္ခ…ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ်၊ (တစ်နည်း) ဒုက္ခဝေဒနာ။

http://www.dhammadownload.com



လက္ခဏာဟာရနေတ္တိ-ဆင်းရဲကို ခံစားခြင်းဟူသော လက္ခဏာ၊သာယာဖွယ်မရှိခြင်း၊ ဓာတ်ကြီးလေးပါးဟူသော အကြောင်းဟေတုံနောက်ကျင်ကိုက်ခဲခြင်း၊စိတ်မချမ်းသာဖြစ်ရခြင်းဟူသော အကျိုးဖလအားဖြင့် ထိုဒုက္ခဝေဒနာနှင့်တူသော သဟာစရဏာဒုက္ခသဟဲဂုတ်ကာယဝိညာဉ်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

***************

## ဝါကျစဉ် (၅)

(က) **ဝိပ္ပသန္နဆဝိဝဏ္ဏာတိ** ယေန စ တေ မဟာကဏိကာရပုပ္ဖာဒိသဒိသေန ဝဏ္ဏေန ဝဏ္ဏဝန္တော။

(ခ) တာဒိတော အညေသမ္ပိ မနုဿာနံ ဝဏ္ဏော အတ္ထိ။

(ဂ) ယထာ ပန ဣမေသံ၊ ဧဝံ န တေသံ ဆဝိဝဏ္ဏော ဝိပ္ပသန္နော။

(ဃ) တေန ဝုတ္တံ "ဝိပ္ပသန္နဆဝိဝဏ္ဏာ" တိ။

(င) ဣတိဟ တေ ဘိက္ခူ နေဝ ဥဒ္ဒေသံ န ပရိပုစ္ဆံ န ကမ္မဋ္ဌာနံ အနုယုဉ္ဇန္တာ။ (ဝိ၊ ဋ္ဌ၊ ၂။ ၇၄။)

***************

## နံပါတ် (၁)

(က)မဟာကဏိကာရပုပ္ဖါဒိသဒိသေန-မဟာလေ့ကားပန်း အစရှိသည်တို့နှင့်တူသည်သာလျှင်ဖြစ်သော။အဟေသုံ (ထည့်)။

(ဂ) ပမာပမေ-ထင်စေလျက် အနက်-

ပန-ထိုသို့ အခြားသော်သူတို့အား ထိုကဲ့သို့ ရှုအပ်သော အဆင်းရှိပါသော်လည်း။ ဣမေသံ-ဤဝဂ္ဂုမုဒါမြစ်ကမ်းနေကုန်သော ရဟန်းတို့၏။ဆဝိဝဏ္ဏော ဝိပ္ပသန္နော၊ ဟောတိ ယထာ၊ ဧဝံ တေသံ မနုဿာနံ ဆဝိဝဏ္ဏောဝိပ္ပသန္နော န ဟောတိ။

(ဃ) အာယသ္မတာ ဥပါလိတ္ထေရေန။ (သင်္ဂီတိကာရေဟိ)ဟု ကတ္တား ထည့်။

(င) ဣမံ သရီရသောဘံ (ထည့်ပါ၍) (နေဝ+န+န ပါပုဏ်သု၊)

## နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ဝါကျဖြင့် မဟာလေ့ကားပန်းအဆင်းနှင့်တူသော အဆင်းဖြင့် အဆင်းရှိကြခြင်းသည် ဝိပ္ပသန္နဆဝိဝဏ္ဏမည်သောဟု ဖွင့်ပြတော်မူအပ်၏။ထိုကဲ့သို့ ရှုအပ်သော အဆင်းသည် ထိုဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့အားသာရှိပါသလော၊(တစ်နည်း)အခြားလူတို့၌လည်း၊ထိုကဲ့သို့ ရှုအပ်သော အဆင်းမရှိဟူ၍မှတ်သားအပ်ပါသလော၊အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ ဤသို့စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) ဝါကျသို့ စောဒနာ။** ။ဆရာ (ခ) ဝါကျဖြင့် ထိုကဲ့သို့ ရှုအပ်သော အဆင်းသည် အခြားသောလူတို့၌လည်း ရှိ၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဖြစ်သော် အခြားလူတို့ကိုလည်း ဝိပ္ပသန္နဆဝိဝဏ္ဏာဟု ဆိုသင့်သည်မဟုတ်ပါလော၊အဘယ့်ကြောင့် ဤရဟန်းတို့ကိုသာ

http://www.dhammadownload.com



ဝိပ္ပသန္နဆဝိဝဏ္ဏောဟု ဝိသေသန မ-၍ ဆိုအပ်ပါသနည်း။ဤသို့စုဒ်ကြောင့် (ဂ) မိန့်၊ (င-ဝါကျထိ မျှော်သည်)။အကယ်၍ ဝါကျများပေါင်းခဲ့သော် ဤကဲ့သို့ စတုက္က-နည်း အတိုင်းလည်း တက်နိုင်၏။

(က) နနု တာဒိဝေါ အညေသမ္ပိ မနုဿာနံ ဝဏ္ဏော အတ္ထိ။

(ခ) အထ ကသ္မာ ဝိပ္ပသန္နဆဝိဝဏ္ဏောတိ ဝုတ္တံ။

(ဂ) ယထာ ဣမေသံ၊ ဇဝံ န တေသံ ဆဝိဝဏ္ဏော ဝိပ္ပသန္နော ဟောတိ၊ တေန-

(ဃ) ဝိပ္ပသန္နဆဝိဝဏ္ဏောတိ ဝုတ္တံ။

နံပါတ် (၃)

(ခ)ဝါကျ-ဝါကျာရမ္ဘ၊ (ဂ) ဝါကျ-သည် ဝါကျာရမ္ဘ၊ထိုတွင် (ဂ) ဝါကျ-ပရိဟာရဘော၊ (ဃ) ဝါကျ-ပရိဟာရ၊ (တစ်နည်း) (ဃ) ဝါကျ-လဒ္ဓဂုဏ။

(င) ဝါကျ-နိဂုံး။

**စာစပ်** ။ ။ဣမေသံ-တို့၏ ·· ပေးသောကြောင့်၊ ဆဝိဝဏ္ဏော-သမ္ဗန်+သမ္ဗန္ဓီစပ်။

နံပါတ် (၄)

**ဝိပ္ပသန္နာ။** ။ **အတိဝိယ ပသန္နာ ဝိပ္ပသန္နာ။**

**ဆဝိဝဏ္ဏော။** ။ **ဆဝိယာ ဝဏ္ဏော ဆဝိဝဏ္ဏော။**

အတိဥပသာရပုဒ်အရ အတိသယဘောဂုဏ်သည် မုချ၊ထို··၏ ကြည်လင်သော အဆင်းနှင့်ဂုဏ်+ဂုဏေးစပ်ခြင်းသည် ဌာန၊ဝိပ္ပသန္န-အရ ထို··သော အလွန်အကဲကြည်လင်သော အဆင်းရ၏။

**ကဏိကာရော။** ။ **အဂန္ဓပုပ္ဖတာယ အတ္တာနံ ကဏိင္ခ ကရောတီတိ ကဏိကာရော။** ဌ-လောပေါ။

**ကဏိကာရပုပ္ဖါဒီနိ။** ။ **ကဏိကာရဿ ပုပ္ဖံ ကဏိကာရပုပ္ဖံ၊ တံ အာဒိ ယေသန္တိ ကဏိကာရပုပ္ဖါဒီနိ။တေဟိ သဒိသော ကဏိကာရပုပ္ဖာဒိသဒိသော။**

ကဏိကာရ-ပုဒ်သည်ပင် မဟာလှေကားပန်းအနက်ကို ဟောင်နိုင်၍ ဤကဲ့သို့ ဝိဂ္ဂဟပြုလျှင်လည်း သင့်မည်သာ။**ကဏိကာရမေဝ ပုပ္ဖံ ကဏိကာရပုပ္ဖံ။**

ကဏိကာရပုပ္ဖါဒိ-အရ မဟာလှေကားအစရှိသော ပန်းတို့ရ၏။ထို··၏ သဒိသ-ဟူသော နောက်ပုဒ်အရ အဆင်းနှင့် သဒိသ+သဒိသီစပ်ခြင်းသည် ဌာန၊ပုဒ်လုံးအရ-ထို··သော မဟာလှေကားပန် အစရှိသော ပန်းတို့နှင့်တူသော အဆင်းရ၏။

**ဥဒ္ဒေသော။** ။ဥဒ္ဒိသီယတေ ဥဒ္ဒေသော။(ဥ+ဒိသ+ ဏ)ပါဠိကိုသင်ယူခြင်း။

**ပရိပုစ္ဆာ။** ။ပရိပုစ္ဆီယတေ ပရိပုစ္ဆာ။(ပရိ + ပုစ္ဆ + အ)အဋ္ဌကထာကို မေးခြင်း။

နံပါတ် (၅)

ပုပ္ဖ = ပုပ္ဖ + အ၊ ပုပ္ဖနံ ပုပ္ဖံ၊

http://www.dhammadownload.com



ဆဝိ = ဆဒ + ရဝိ၊ ဆာဒေတီတိ-ဆဝိ၊

**ဝိပ္ပသန္န** = ဝိ + ပ + သဒ + တ။

နံပါတ် (၆)

(က)ယေန။ပ။ဝဏ္ဏဝန္တော-ဖြင့် ဝိပ္ပသန္နဆဝိဝဏ္ဏာ-၌ ဝဏ္ဏ-အရ မဟာလေ့ကား ပန်းစသော အဆင်းနှင့်တူသော အဆင်း၊ကို အရကောက်၍ ယင်းအဆင်းတို့ ရှိသောကြောင့် ဝိပ္ပသန္နဆဝိဝဏ္ဏမည်၏ဟူသော အဓိပ္ပာယ်ကိုသိစေသည်။**တေသံ ဆဝိဝဏ္ဏောဝိပ္ပသန္နောဖြင့်** ဝိပ္ပသန္နဆဝိဝဏ္ဏကို ဆဝိဝဏ္ဏော ဝိပ္ပသန္နော တေသန္တိ ဝိပ္ပသန္နဆဝိဝဏ္ဏာ-ဟု ဝဓနတ္တ ပြုအပ်သည်ကို သိစေသည်၊ **အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့်** ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့၏ အဆင်းကဲ့သို့ အခြားလူတို့၏ အရေအဆင်းသည် အလွန်အကြူး အထူး မကြည်လင် ဟူသော အဓိပ္ပာယ်ကို သိစေသည်။

နံပါတ် (၇)

**ဝိပ္ပသန္နဆဝိဏ္ဏာတိ ယေန စ တေ / ဝိပ္ပသန္နဆဝိဏ္ဏာတိ တေ…**

ယေနစ-ပါဌ်သည် ယောဇနာ၌ မရှိ၊ နိဿယ-၌လည်း မပေးဟု ဂဏ္ဌိ-၌ဆိုသော်လည်း· ယေနဝဏ္ဏေန-ဟု ယောဇနာ-၌ တွေ့အပ်သောကြောင့်လည်းကောင်း၊တာဒိသော-ဟူသော နိယမပုဒ်ရှိသောကြောင့်လည်းကောင်း "ယေနစ" ရှိသော ပါဌ်သင့်သည်။

**မဟာကဏိကာရပုပ္ဖါဒိသဒိသေန၊ ကဏိကာရပုပ္ဖါဒိသဒိသေန…**

"ကဏိကာရော ဒုမုပ္ပလော" (ဓာန်-၅၇၀) အရ မဟာလေ့ကားပန်းအနက်ကို ကဏိကာရ-ပုဒ်ရင်းကပင် ဟောနိုင်သောကြောင့် "မဟာ" မပါသော်လည်းသင့်။

(င) **အနုယုဥ္ဇန္တာ / အနုယုဥ္ဇန္တိ…**

အနုယုဥ္ဇန္တာ ကမ္မံ သရီရသောဘံ ပါပုဏိံသုတိသမ္ဗန္ဓော-ဟု ရှိသောကြောင့် အနုယုဥ္ဇန္တာ-ရှိသောပါဌ်သင့်။

**ဣတိဟတော/ဣတိတော…**

ဟောတိ နိပါတော (ယောဇနာ) ဆိုသောကြောင့် ဣတိဟ တော-ပါမှသင့်သည်။

နံပါတ် (၈)

**ဝိပ္ပသန္နဆဝိဏ္ဏာ** ။ ။ အဝေါင်းဖြစ်သော ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့နှင့်အခြားလူတို့၏ ဝိပ္ပသန္နဆဝိဏ္ဏအမည်ကို အစိတ်ဖြစ်သော ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့၏ ဝိပ္ပသန္နဆဝိဏ္ဏ၌တင်စား ကောဒေသျူပစာ။ ရဋ္ဌီ-နည်း၊

**(တစ်နည်း)** ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့၏ ဝိပ္ပသန္နဆဝိဏ္ဏာသည် အခြားလူတို့ထက် အလွန်အကြူးအထူးသာလွန်သောကြောင့် အတိသယ-နည်း။

**မဟာကဏိကာရပုပ္ဖ** ။ ။ မဟာကဏိကာရနှင့် ပုပ္ဖ-အရ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ဆဝိဏ္ဏ** ။ ။ အရေနှင့်အဆင်း မကွဲပြား ·· အဘေဒဘေဒူပစာ။

http://www.dhammadownload.com



နံပါတ် (၁၀)

(ဃ)ဝါကျ ‥ ဝုတ္တံ့ဒ္ဒိ ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်ကြိယာ စိတ္တုပ္ပါဒ်။

****************

ဝါကျစဥ် (၆)

(က) **သုဒ္ဓံ ဖြဟ္မစာရိန္တိ** ခီဏာသဝဘိက္ခုံ။

(ခ) **ပရိသုဒ္ဓံ ဖြဟ္မစရိယံ စရန္တန္တိ** နိရုပက္ကိလေသံ သေဋ္ဌစရိယံ စရန္တံ။

(ဂ) အညမ္ပိ ဝါ အနာဂါမိ အာဒိ ကတ္ဝာ ယာဝ သီလဝန္တံ ပုထုဇ္ဇနံ အဝိပ္ပဋိသာရဒိဝတ္ထုကံ ပရိသုဒ္ဓံ ဖြဟ္မစရိယံ စရန္တံ။

(ဃ) **အမူလကေန အဖြဟ္မစရိယေန အနုဒ္ဓံသေတီတိ** တသ္မိံ ပုဂ္ဂလေ အဝိဇ္ဇမာနေန အန္တိမဝတ္ထုနာ အနုဝဒတိ စောဒေတိ။

(င) အယံ ဝိဇ္ဇမာနဂုဏမက္ခီ အရိယဂုဏဓ္ဓံသနကော **တတိယော မဟာစောရော။** (ဝိ၊ ၃၊ ၂။ ၇၆။)

***************

နံပါတ် (၁)

သံဝဏ္ဏနာကိုရှု၍ သံဝဏ္ဏေတဗ္ဗ ‥ အနက်။

သုဒ္ဓံ ဖြဟ္မစရိယံ ပရိသုဒ္ဓံ ဖြဟ္မစရိယံ စရန္တံ အမူလကေန အဖြဟ္မစရိယေန အနုဒ္ဓံသေတိ၊ (ပါဠိတော်-သံဝဏ္ဏေတဗ္ဗ)။

သုဒ္ဓံ-စင်ကြယ်သော။ဖြဟ္မစာရိံ-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ရဟန္တာပုဂ္ဂိုလ်ကို။ပရိသုဒ္ဓံ-ဥပက္ကိလေသကင်း၍ ထက်ဝန်းကျင်စင်ကြယ်သော။ဖြဟ္မစရိယံ-မြတ်သောအကျင့်ကို။စရန္တံ-ကျင့်နေသူကို။(က+ခ) ရှုပါ။(တစ်နည်း) သုဒ္ဓံ-စင်ကြယ်သော။ ဖြဟ္မစာရိံ-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော အနာဂါမ်အစ, သီလဝန္တပုထုဇဥ်အဆုံး အားလုံးသော ပုဂ္ဂိုလ်ကို။ပရိသုဒ္ဓံ-အဝိပ္ပဋိသာရလျှင် တည်ရာရှိ၍ ထက်ဝန်းကျင်စင်ကြယ်သော။ဖြဟ္မစရိယံ-ကို။စရန္တံ-ကို။ (ဂ) ဝါကျရှု။

(ဃ) အမူလကေန-အခြေအမြစ်မရှိသော။အဖြဟ္မစရိယေန-ဖြဟ္မစရိယ မဟုတ်သော အန္တိမဝတ္ထုဖြင့်။အနုဒ္ဓံသေတိ-ဖျက်ဆီး၏။ဝါ-စွပ်စွဲ၏။ဝါ-စောဒနာ၏။

နံပါတ် (၂)

(ဂ) ဝါကျသို့ စောဒနာ။ ။ယခု (က+ခ) ဝါကျတို့ဖြင့် သုဒ္ဓံဖြဟ္မစာရိံ-စသော ပုဒ်တို့အရ ဥပက္ကိလေသကင်း၍ ထက်ဝန်းကျင်စင်ကြယ်သော မြတ်သောအကျင့်ကိုကျင့်သော ရဟန္တာပုဂ္ဂိုလ်ကို အရကောက်အပ်သည်ကို ဖွင့်ပြအပ်၏၊ထိုသို့ ဥပက္ကိလေသကင်း၍ထက်ဝန်းကျင်စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သောရဟန္တာပုဂ္ဂိုလ်ကိုသာ သုဒ္ဓံ ဖြဟ္မစာရိံ-စသောပုဒ်တို့အရ ကောက်ယူအပ်ပါသလော၊အဘယ်ကိုလည်း အဘယ်သို့ ကောက်ယူအပ်ပါသေးသနည်း။ ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



(င) ဝါကျသို့ စောဒနာ။ ဆရာပါဠိတော်၌ အယံ ဘိက္ခဝေ တတိယော မဟာစော ရော ဟု ရဟန္တာပုဂ္ဂိုလ် (သို့မဟုတ်) အနာဂါမ်အစ၊ သီလဝန္တပုထုဇဥ် အဆုံးရှိသောပုဂ္ဂိုလ် ကို စွပ်စွဲသော ဒုဿီလရဟန်းသည် တတိယ မဟာစောရမည်သောဟု မိန့်တော်မူအပ်၏။ ထိုဒုဿီလရဟန်းသည် စွပ်စွဲရုံသာစွပ်စွဲ၍ တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုကို မခိုးယူအပ် သည် မဟုတ်ပါလော။အဘယ့်ကြောင့် ထိုဒုဿီလရဟန်းကို တတိယမဟာစောရဟူ၍ ဟောတော်မူအပ်ပါသနည်း။ဤသို့စုဒ်ကြောင့် (င) ဝါကျမိန့်။

နံပါတ် (၃)

(ခ)ဝါကျ-ပက္ခန္တရ။(ဂ) ဝါကျ-နယန္တရပက္ခန္တရ။(ဃ) ဝါကျ-ပက္ခန္တရ။
(င)ဝါကျ-ဝါကျာရမ္ဘ/ကာရဏ။

**မှတ်ချက်** ။ ။အရိယဂုဏာဝ္ဟေနကော-ဟူသော ဝိသေသနကို ဟေတုမန္တ ဝိသေသနကြံ၊ အရိယဂုဏာဝ္ဟေနကတ္တာ-ဟု ဟိတ်ပြင်က ကာရဏဝါကျ ဖြစ်သည်ကို မြင့်ပါလိမ့်မည်။

**စာစပ်** ။ ။အယံ-သည် ပေးသောကြောင့်၊ မဟာစောရော-၌ ဆွဲလျက်၊ လိင်္ဂတ်စပ်။

နံပါတ် (၄)

**နိရုပက္ကိလေသံ**။ ။ နတ္ထိ ဥပက္ကိလေသော ယဿာတိ နိရုပက္ကိလေသံ။(သေဋ္ဌစရိယံ)။

န ဥပက္ကိလေသ-အရ ဥပက္ကိလေသာတို့၏မရှိခြင်း အဘာဝဘောဂဏ်သည် မုချ။ထို၏ယ အညပုဒ်အရ သေဋ္ဌစရိယနှင့် ဂုဏ် + ဂုဏီစပ်ခြင်းသည် ဌာနူပယ-ဟူ သော အညပုဒ်အရ ထို သော သေဋ္ဌစရိယ၏။

**အမူလကံ**။ ။ နတ္ထိ မူလံ ဧတဿာတိ အမူလကံ။

**သေဋ္ဌစရိယံ**။ ။ သေဋ္ဌံ တံ စရိယဉ္စာတိ သေဋ္ဌစရိယံ။(အမြတ်ဂုဏ်နှင့်အကျင့်စပ်)

**အနာဂါမိ**။ ။ ဣမံ လောကံ န အာဂစ္ဆတီတိ အနာဂါမိ။

**ဝိပ္ပဋိသာရော**။ ။ သရဏံ သာရော၊ ဝိရူပံ သာရော ဝိသာရော၊ပဋိမုခံ ဝိသာရော ဝိပ္ပဋိသာရော။ နဲ ဝိပ္ပဋိသာရော ဝိပ္ပဋိသာရော။

**အဝိပ္ပဋိသာရာဒိဝတ္ထုကံ**။ ။ အဝိပ္ပဋိသာရော အာဒိ ဧတေသာတိ အဝိပ္ပဋိသာရာဒိ။ အဝိပ္ပဋိသာရာဒိ ဝတ္ထု ဧတသာတိ အဝိပ္ပဋိသာရာဒိဝတ္ထုကံ။(ဖြဟ္မစရိယံ)။

**ဖြဟ္မစရိယံ**။ ။ ဖြဟ္မဉ္စ တံ စရိယဉ္စာတိ ဖြဟ္မစရိယံ၊ဖြဟ္မေဟိ စရိယံ ဖြဟ္မစရိယံ။

**အန္တိမဝတ္ထုံ**။ ။ အန္တေ ဘာဝံ အန္တိမံ၊အန္တိမဉ္စ တံ ဝတ္ထုဉ္စာတိ အန္တိမဝတ္ထုံ။

အန္တ-အရ အဆုံးစွန်ဖြစ်သော ကာလသည် မုချ။ထို၏ ပါရာဇိဝတ္ထုနှင့်ကာလ/ ကာလဝန္တ စပ်ခြင်းသည့် ဌာနူပုဒ်လုံးအရ ထိုသော အဆုံးစွန်ဖြစ်သော ပါရာဇိက-ဝတ္ထု၏။

**ဝိဇ္ဇမာနဂုဏော**။ ။ ဝိဇ္ဇမာနော ဂုဏော ဝိဇ္ဇမာနဂုဏော။

**ဝိဇ္ဇမာနဂုဏမက္ခီ**။ ။ မက္ခတိ သီလေနာတိ မက္ခီ။ဝိဇ္ဇမာနဂုဏာသ မက္ခီ ဝိဇ္ဇမာနဂုဏမက္ခီ။

**အရိယဂုဏော**။ ။ အရိယာနံ ဂုဏော အရိယဂုဏော။

http://www.dhammadownload.com



**အရိယဂုဏဋ္ဌေနကော။** ။ ထေနတီတိ ထေနကော။
အရိယဂုဏသ ထေနကော အရိယဂုဏဋ္ဌေနကော။
(ဉာဏ်ကောက်များအနက်ရလျှင် လွယ်၏)။

နံပါတ် (၅)

| | |
|---|---|
| **သုဒ္ဓ** | = သုဓ + တ။ |
| **ဥပက္ကိလေသာ** | = ဥပ + ကိလိသ + ဏ။ |
| **သီလ** | = သီလ + အ၊ သီလေတိ ဥပဓာရေတီတိ သီလံ။ |
| **အန္တ** | = အမ + တ၊ အတိ + ဏ။ |
| **ဂုဏ** | = ဂုဏ + အ။ |

နံပါတ် (၆)

(က) **ခီဏာသဝတိကံ့-ဖြင့်** သုဒ္ဓမြဟ္မစာရီ-အရ ရဟန္တာပုဂ္ဂိုလ်ကို အရကောက်အပ်သည်ကို သိစေသည်။

(ခ) **သေဋ္ဌမြဟ္မစရိယံ-ဖြင့်** မြဟ္မစရိယံ-၌ မြဟ္မ-သဒ္ဒါသည် သေဋ္ဌ-အနက်၌ ဖြစ်သည်ကို သိစေသည်။**နိရုပက္ကိလေသံ-ဖြင့်** ထက်ဝန်းကျင် စင်ကြယ်၏ဟူသည် ဥပက္ကိလေသ ကင်းခြင်းကြောင့် စင်ကြယ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

(ဂ) **အညမ္ပိ အနာဂါမိ-စသည်ဖြင့်** သုဒ္ဓမြဟ္မစာရီ-အရ အနာဂါမ်အစ သီလဝန္တပုထုဇဉ် အဆုံးရှိကုန်သော ပုဂ္ဂိုလ်တို့ကို အရကောက်အပ်သည်ကို သိစေသည်၊ **အဓိပ္ပေခိသာရာဒိဝတ္တုက်-ဖြင့်** အဓိပ္ပခိုသာရစသော တည်ရာဝတ္ထုရှိသည်၏အဖြစ်ကြောင့် ထက်ဝန်းကျင် စင်ကြယ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

(ဃ) **အဝိဇ္ဇမာနေန-ဖြင့်** အမူလကေန-၌ အခြေအမြစ်မရှိခြင်းဟူသည် ထင်ရှားမရှိခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

**မှတ်ချက်** ။ ။နာမလိင်္ဂတ္တ၊ ပရိယာယတ္တ-ဤ၌ မကောင်းပါ၊မူလနှင့်အမြဟ္မစရိယေန-အရ သဒ္ဒါချင်း ,အလှမ်းကွာလှ၏။

**အန္တိမ ဝတ္ထုနာ-ဖြင့်** အမြဟ္မစရိယေန-အရ ပါရာဇိကဝတ္ထုကို အရကောက်အပ်သည်ကို သိစေသည်၊**အနုဝဒ္ဓတိ-ဖြင့်** အနုဒ္ဓံသန-ဖျက်ဆီးခြင်းဟူသည် စွပ်စွဲခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပာယ်ကိုသိစေသည်၊**စောဒေတိ ဖြင့်** စွပ်စွဲခြင်းဟူသည် စောဒနာခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်၊ **တသ္မိံ ပုဂ္ဂလေ-ဖြင့်** အခြားပုဂ္ဂိုလ်၌ စွပ်စွဲသည်မဟုတ် အရိယာပုဂ္ဂိုလ်၌ စွပ်စွဲခြင်းဟူသော အဓိပ္ပာယ်ကို သိစေသည်။

နံပါတ် (၇)

**ဝိဇ္ဇမာနမက္ခို / ဝိဇ္ဇမာနဂုဏမက္ခီ...**

ဝိဇ္ဇ။ပ။မက္ခိတိ ဝိဇ္ဇမာနဂုဏသ ဝိနာသကော-ဟု ယောဇနာ-၌ ဖွင့်ဆိုသောကြောင့် ဝိဇ္ဇမာနဂုဏမက္ခီ-ပါဌ်သင့်၊ (ဂဏ္ဌိ) ၌ ဝိဇ္ဇမာနမက္ခီ-ဟုရှိ၏။

http://www.dhammadownload.com



**အဝိပ္ပဋိသာရာဒိဝတ္တုကံ / အဝိပ္ပဋိသာရဝတ္တုကံ...**

အာဒိဖြင့် ပါမောဇ္ဇ,ပီတိ,ပဿဒ္ဓိစသည်ကို ယူအပ်သောကြောင့် အာဒိ-ဖြင့်ရှိသော အဝိပ္ပဋိသာရာဒိဝတ္ထုကံ-ပါဌ်သင့်။

ယောဇနာ-၌ အဝိပ္ပဋိသာရာဒိဝတ္ထုကရဏံ-ဟု ရှိ၏။

နံပါတ် (၉)

**ဝိနယမာနဂုဏမက္ခိ။** ။(ဂုဏကိုရှု၍)အပေါင်းဖြစ်သော သီလဂုဏ်, ဈာနာဒိဥတ္တရိမနုဿ ဓမ္မဂုဏ်တို့၏အမည်ကို အစိတ်ဖြစ်သော သီလဂုဏ်၌ တင်စားဧကဒေသူ ရူဠှီ-နည်း။

**အရိယဂုဏဆွေနကော ။** ။ ခိုး၍ရကောင်းသော ရုပ်ဝတ္ထုကို ခိုးခြင်း၏ ထေနက-အမည်ကို ခိုး၍ မရကောင်းသော အရိယာတို့၏ ဂုဏ်ကို ခိုးခြင်း၌တင်-တဒ္ဓမ္မူပစာ။

**အမူလက။** ။အတူဖြစ်သော အမြစ်မရှိသော သစ်ပင်၏အမည်ကို အတူရှိသော ထင်ရှာမရှိသော အပြဟွစရိယ၌တင် သဒိသူ။

နံပါတ် (၁၀)

(င)ဝါကျအရ- ဒေါသမူစိတ္တုပ္ပါဒ်ကောက်၊ (ခိုးဆိုသော်လည်း ဖျက်ဆီးမှုသာဖြစ်သည်။)

******************

ဝါကျစဉ် (၇)

(က) **အယံ အင္ဂေါ မဟာစောရောတိ** အယံ ဣမေသံ စော်ရာနံ ဇေဋ္ဌစောရော။

(ခ) ဣမိနာ သဒိသော စောရော နာမ နတ္ထိ၊

(ဂ) ယော ပဋ္ဌိန္ဒြိယဂ္ဂဟဏာဘိတံ အတိသာဏ္ဍသုခုမံ လောကုတ္တရဓမ္မံ ထေနေတိ။

(ဃ) ကိံ ပန သက္ကာ လောကုတ္တရဓမ္မော ဟိရညသုဝဏ္ဏာဒိနိ ဝိယ ဝဋ္ဋေတွာ ထေနေတွာ ဂဟေတုန္တိ ?န သက္ကာ။

(င) တေနေဝါဟ **"ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတီ"** တိ။

(စ) အယဉ္ဟိ အတ္တနိ အသန္တံ တံ ဓမ္မံ ကေဝလံ **"အတ္ထိ မယှံ ဧသော"** တိ ဥလ္လပတိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၇၇။)

***************

နံပါတ် (၁)

(က+ခ+ဂ) ဝါကျတို့ကို နိယမာနိယမ-နည်းဖြင့် အနက် ....

အယံ အင္ဂေါ မဟာစောရောတိ-ဟူသည်ကား။ယော-အကြင်ယုတ်မာသော ရဟန်းသည်။ပဋ္ဌိန္ဒြိယဂ္ဂဟဏာဘိတံ-ဣန္ဒြေငါးပါးဖြင့် ယူခြင်းကိုလွန်သော။အတိသဏှသု

http://www.dhammadownload.com



ခမံ-အလွန်သိမ်မွေ့နူးညံ့သော။လောကုတ္တရဓမ္မံ-လောကုတ္တရာတရားကို။ထေနေတိ-ခိုး၏။ အယံ-အကြင်ရဟန်းသည်။ဣမေသံ-ဤသူခိုးငါးယောက်တို့တွင်။ဓေဋ္ဌာစောရော-အကြီးဆုံး သူခိုးတည်း။ဣမိနာ-ဤသူခိုးနှင့်။သဒိသော စောရော နတ္ထိ။(ဂ)ဝါကျမှ စပေးသည်။

(စ) ဝါကျ ဥလ္လပတိ-၌ ဥ-၏ ဓာတကတ္တာထင်စေလျက် ..

ဥလ္လပတိ-သီလအသက် ကိုယ်မှထွက်အောင် ပြောဆို၏။(သဒ္ဒတ္ထ) ဝါ-ဝါကြွား၍ ပြော၏။ (ဝေါဟာရတ္ထ)။ ကေဝလံ-ဌာနာစာဝန-စသည် မဖက်သက်သက်။

နံပါတ် (၂)

**(ခ+ဂ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ဝါကျဖြင့် ဤသူခိုးငါးယောက်တို့တွင် ငါးယောက်မြောက် ခိုးသူကြီးသည် အကြီးဆုံးသူခိုးဖြစ်၏ဟု ဖွင့်ပြအပ်၏၊အဘယ့်ကြောင့် ငါးယောက်မြောက် သူခိုးသည် အကြီးဆုံးသူခိုးဖြစ်ရပါသနည်း၊သူခိုးချင်းအတူတူ ဖြစ် ကြကုန်ရာသည် မဟုတ်ပါလော၊ ဤသို့စုဒ်ကြောင့် (ခ+ဂ) ဝါကျတို့ကို မိန့်။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာသည် (ဃ)ဝါကျဖြင့် လောကုတ္တရာတရားကို ရွှေငွေ စသည်ကဲ့သို့ ငှည့်ပတ်၍ ခိုးယူခြင်းငှာ မတတ်ကောင်းဟု ဖွင့်ပြအပ်၏။ထိုသို့မတတ် ကောင်းပါဘဲလျက် အဘယ်ကြောင့် အကြီးဆုံးသူခိုးဟုဆိုအပ်ပါသနည်း၊ခိုးသူးဟူ၍ပင် မဆိုနိုင်ကောင်းသည်မဟုတ်လော-စုဒ်ကြောင့် (င) မိန့်။

**ကား-** ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ-ဟု ဟောထားသောကြောင့် မခိုးယူနိုင် ဟူလို။

**(စ)ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (င) ဝါကျဖြင့် ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ-ဟူ၍ ဟောထားအပ်သောကြောင့် ခိုးယူခြင်းငှာ မတတ်ကောင်းဟု ဖွင့်ပြအပ်၏။ခိုးယူခြင်းငှာ မတတ်ကောင်းပါလျက် မဟာစောရဟုဆိုခြင်း သည် အသို့သင့်နိုင်ပါအံ့နည်း၊ထိုမဟာစောရသည် ဌာနာစာဝန-လည်း မရှိ၊မိမိ၌ရှိသည်ကို လည်း မပြနိုင်သည် မဟုတ်ပါလော၊ ဤသို့စုဒ်ကြောင့် (စ) မိန့်။

**မှတ်ချက်** ။ ။ယင်း (စ) ဝါကျ၏ဗျတိရေကဖြစ်သော န ပန သက္ကောတိ ဌာနာစာ ဝေတုံ အတ္တနိ ဝါ သံဝိဇ္ဇမာနံ ကာတုံ ဟူသော ဗျတိရေကို အာဘော်ထားပါသည်။

နံပါတ် (၃)

(ခ+ဂ) ဝါကျတို့သည်-ကာရဏ/ဝါကျာရမ္ဘ။ထိုတွင် (ခ) နိယမ၊ (ဂ) အနိယမ။

(ဃ) ဝါကျ-ပက္ခန္တရ/ဝါကျာရမ္ဘ။ပရိဟာရပက္ခအဖို့မှတစ်ပါး စောဒနာပက္ခ ကို ပြ။ (င) ဝါကျ-ကာရဏ။ (စ) ဝါကျ-ဒဠှီကရဏ/ဝါကျာရမ္ဘ။

**စာစပ်။** ။ကေဝလံ-၍ ပေးသောကြောင့် ဥလ္လပတိ၌ ကြိယာဝိသေသန/သျှကေဝလံ ကို သဒ္ဒတ္ထပေးသော် ဌာနစာဝန-စသည်မှကင်း၍-ဟု ပေးရမည်။

နံပါတ် (၄)

**ပဋိညြွယဂ္ဂဟာဏံ။** ။ပဋ္ဌ ဣန္ဒြိယာနိ ပဋိညြွယာနိ။ပဋိညြွယေဟိ ဂဟာဏံ ပဋိညြွယဂ္ဂဟာဏံ၊

http://www.dhammadownload.com



**ပဋ္ဌိန္ဒြိယဂ္ဂဟာဏာတီတော။** ။ ပဋ္ဌိန္ဒြိယဂ္ဂဟဏံ အတီတော ပဋ္ဌိန္ဒြိယဂ္ဂဟဏာတီတော။

ပဋ္ဌိန္ဒြိယဂ္ဂဟဏ-အရ ဣန္ဒြေငါးပါးတို့သည် ယူအပ်သော ပဋ္ဌာရုံရ၏။ထို··၏ လွန်သော လောကုတ္တရာဓမ္မနှင့် ကမ္မ+ကမ္မီ စပ်ခြင်းသည် ဌာန္နပုဒ်လုံးအရ ထို··သော လောကုတ္တရာဓမ္မ ရ၏။

**သဏှသုခုမော။** ။ သဏှော စသော သုခုမော စာတိ သဏှသုခုမော။

(ဝိသေသနောဘယပဒကမ္မဓာရည်း)။

သဏှ-အရ နူးညံ့ခြင်းဂုဏ်သည် မုချ၊သုခုမ-အရ သိမ်မွေ့ခြင်းဂုဏ်သည် မုချ။ထို··၏ လောကုတ္တရာဓမ္မနှင့် ဂုဏ်+ဂုဏေးစပ်ခြင်းသည် ဌာန္နပုဒ်လုံးအရ ထို··သော လောကုတ္တရာဓမ္မ ရ၏။

**အတိသဏှသုခုမော။** ။ အတိဝိယ သဏှသုခုမော အတိသဏှသုခုမော။

**ဓေဋ္ဌော။** ။ ဝုမှာနံ ဝိသေသေန ဝုမှောတိ ဓေဋ္ဌော။

**ဓေဋ္ဌစောရော။** ။ ဓေဋ္ဌော စ သော စောရော စာတိ ဓေဋ္ဌစောရော။

**ဟိရညသုဝဏ္ဏာဒီနိ။** ။ ဟိရညဉ္စ သုဝဏ္ဏဉ္စ ဟိရညသုဝဏ္ဏံ။

ဟိရညသုဝဏ္ဏံ အာဒိ ယေသန္တိ ဟိရညသုဝဏ္ဏာဒီနိ။

နံပါတ် (၅)

**အတီတ** = အတိ + ဣ+တ။ အတိက္ကန္တော ဣတော ဂတောတိ အတီတော။

**သဏှ** = သာ + ဏှ။ သီယတိ တနု ကရီယတီတိ သဏှော။

**သုခုမ** = သုခ + ဥမ။ သုခယတိ အနုဘဝတီတိ သုခုမံ။

**ဟိရည** = ဟရ/ဟာ + အည။ ဖဟာတိ သတ္တာနံ ဟိနန္တီတိ ဟိရညံ။

**သုဝဏ္ဏ** = သု+ဝဏ္ဏ +အ။ သောဘဏော ဝဏ္ဏော ယဿာတိ သုဝဏ္ဏော။

**ကေဝလ** = ကေဝ + အလ။ ကေဝနံ ပဝတ္တနံ ကေဝလံ။

နံပါတ် (၆)

(က) **ဓေဋ္ဌစောရော-**ဖြင့် အင္ဂ-သဒ္ဒါသည် ဇေဋ္ဌ-အနက်၌ ဖြစ်သည်ကိုသိစေသည်။**ဣမေသံ စောရာနံ-**ဖြင့် အခြားသောသူခိုးတို့တွင် အကြီးဆုံးသူခိုးမဟုတ်၊ ဤသူခိုးငါးယောက်တို့တွင် အကြီးဆုံးသူခိုး၏အဖြစ်ကို သိစေသည်။

(ခ)**ဣမိနာ သဒိသော-စသည်ဖြင့်** ဓေဋ္ဌစောရ-မည်ခြင်း၏အကြောင်းကို သိစေ။

(ဂ)**အတ္ထိ ပယှ် သော-**ဖြင့် ဂါကြွားသို့ အခြင်းအရာကို သိစေသည်၊**ကေဝလံ-**ဖြင့် ဌာနာစာဝန-နှင့် လောကုတ္တရာဓမ္မ မိမိ၌ ထင်ရှားမရှိသည်ကို သိစေ၊**အတ္တနိ-**ဖြင့် လောကုတ္တရာဓမ္မ ထင်ရှားမရှိခြင်းသည် အခြားသူ၌ ထင်ရှားမရှိသည်မဟုတ်၊မိမိ၌ ထင်ရှားမရှိသည်ဟူသော အဓိပ္ပာယ်ကို သိစေသည်။

နံပါတ် (၇)

**အသန္တံ တံ ဓမ္မံ / အသန္တံ အဘူတံ တံ ဓမ္မံ···**

http://www.dhammadownload.com



အသန္တန္တိ အဝိဇ္ဇမာနံ၊ အဘူတန္တိ အနုပ္ပန္နံ၊ အနုပ္ပန္နတ္တာ ဟိ တသ္သ တံ အသန္တန္တိ၊ ပုရိမသ္သ ပဋ္ဌိမံ ကာရဏဝစနံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် အသန္တံ အဘူတံ တံ ဓမ္မံ-ပါဌ်သင့်၊ (စာမေးပွဲ၌ မြန်မာလိုပြန်၍ ဖြေလျှင်လည်း ဖြစ်သည်)၊ ယခု အဋ္ဌကထာ၌ အဘူတံ-ပုဒ်မပါရှိဖေ။

နံပါတ် (၉)

**ပဋိသြိယဂ္ဂဟာထာ ။** ။အကြောင်းဖြစ်သော ပသာဒရုပ် ငါးပါးတို့ဖြင့် ယူအပ်သောပဋ္ဌာ ရုံ၏အမည်တို ့ အကျိုးဖြစ်သော ပဋ္ဌဝိညာဉ်တို့ဖြင့် ယူအပ်သော ပဋ္ဌာရုံ၌တင်စား ကာရဏူပစာ၊ နာနန္တရိကနည်း။

**ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ ။** ။ထင်ရှားမရှိသော ဥတ္တရိ မနုဿဓမ္မကို ဝါကြွားပြောဆိုခြင်းကို ဆိုသဖြင့် ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆို-ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္တာပန္နနည်း။

**တစ်နည်း။** ။ဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆိုခြင်းဟူသော အကြောင်းကိုဆို သဖြင့် အကျိုးဖြစ်သော ပါရာဇိကကျခြင်း အင်္ဂမဟာစောရဖြစ်ခြင်းကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း၊ကာရဏူပစာ။

နံပါတ် (၁၀)

လောကုတ္တရဓမ္မ-အရကောက်၍ လက္ခဏာဟာရနေတ္တိ -
လောကုတ္တရာတရားကိုးပါး ကောက်ပါ။

****************

ဝါကျစဉ် (၈)

(က) န ပန သင်္ကေတတိ ဌာနာစာဝေတုံ, အတ္တနိ ဝါ သံဝိဇ္ဇမာနံ ကာတုံ။
(ခ) အထ ကသ္မာ 'စောရော' တိ ဝုတ္တောတိ?။
(ဂ) ယသ္မာ တံ ဥလ္လပိတွာ အသန္တသမ္ဘာဝနာယ ဥပ္ပန္နေ ပစ္စယေ ဂဏှာတိ။
(ဃ) ဧဝဥ္စ ဂဏှတာ တေ ပစ္စယာ သုခုမေန ဥပါယေန ဝဉ္စေတွာ ထေနေတွာ ဂဟိတာ ဟောန္တိ။
(င) တေနေဝါဟ "တံ ကိဿ ဟေတု? ထေယျာယ ဝေါ ဘိက္ခဝေ ရဋ္ဌပိဏ္ဍော ဘုတ္တော"တိ
(စ) တံ ကိဿ ဟေတူတိ ကေန ကာရဏေန ဧတံ အဝေါစဟာတိစေ။ (ဝိ၊ဋ္ဌ၊ ၂။ ၇၈။)

***************

နံပါတ် (၁)

(က)ပန-ဗျတိရိက်ကား။(ဘာ-ဋီ)ပန-တထာပိ-ထိုသို့ပင် ဝါကြွားပြော ဆိုပါ သော်လည်း။(ဂဏ္ဌိ)။န ပန သင်္ကေတတိ-တတ်ကောင်းကား မတတ်ကောင်း။(မအူ)

http://www.dhammadownload.com



(ခ+ဂ)ဝါကျများ၌ ဝိသဇ္ဇနာဝါကျထည့်၍ အနက်ပေးလျှင် ..

အဝ-ထိုသို့ နိုးယူခြင်းငှာ မစွမ်းနိုင်ပါလျက်။ကသ္မာ-ကြောင့်။စောရောတိ-ဟူ၍။ဝုတ္တာ-ဟောတော်မူအပ်သနည်း။ဣတိ-ဤကား အမေးတည်း။ယသ္မာ ။ပ။ ပစ္စယေ ဂဏှာတိ-ခံယူ၏။(ဣတိ တသ္မာ စောရောတိ ဝုတ္တော)

နံပါတ် (၂)

**(ဂ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ဝါကျဖြင့် လောကုတ္တရာဓမ္မကို နေရာမှရွေ့လျားစေခြင်းငှာလည်းကောင်း၊မိမိ၌ထင်ရှားရှိသည်ကို ပြခြင်းငှာလည်းကောင်း မတတ်ကောင်းဟု ဖွင့်ပြတော် မူအပ်၏၊ထိုသို့ဖြစ်သော် 'စောရ' ဟူ၍ မဆိုသင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် စောရဟူ၍ ဆိုအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) ဝါကျသို့ အယုတ္တစောဒနာ။** ။ဆရာသည် (ဂ) ဝါကျဖြင့် ထိုဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆို၍ မိမိ၌ ထင်ရှားမရှိသောဂုဏ်တို့ဖြင့် ချီးမွမ်းခြင်းကြောင့် ဖြစ်သော ပစ္စည်းလေးပါးတို့ကို ယူသောကြောင့် စောရဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြအပ်၏၊ချီးမွမ်းခြင်းကြောင့်ဖြစ်သော ပစ္စည်းလေးပါးတို့ကို ယူသောကြောင့် ထိုရဟန်း၌ထေယျစိတ်မရှိ၊ ထိုကြောင့်စောရဟူ၍ မဆိုသင့်သည် မဟုတ်ပါလော၊ထိုသို့ဖြစ်လျက် စောရဟူ၍ ဆိုခြင်းသည် အသို့လျှင် သင့်နိုင်ပါအံ့နည်း၊ ဤသို့စုဒ်ကြောင့် (ဃ) မိန့်။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ (ဃ) ဝါကျဖြင့် ဤသို့ ဝါကြွားပြောဆို၍ယူသော ရဟန်းသည် ထိုပစ္စည်းတို့ကို သိမ်မွေ့သောနည်းဖြင့် လှည့်ပတ်ခိုးယူအပ်သည် မည်သောဟု ဖွင့်ပြတော်မူအပ်၏၊အဘယ့်ကြောင့် ဆရာ ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း၊ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ထိုရဟန်းဝါကြွားပြောဆိုရုံသာဖြစ်သည် မဟုတ်ပါလော၊ ဤသို့-စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(ခ)ဝါကျ-ပုစ္ဆာ၊ (ဂ) ဝါကျ-ဝိသဇ္ဇနာဝါကျ၊ပက္ခန္တရ၊ ဝါကျာရမ္ဘ၊ ပုစ္ဆာ မှတစ်ပါး ဝိသဇ္ဇနာကို၊ပြ၊ (ဃ) ဝါကျ-ယုတ္တိဒဋ္ဌီကရဏ၊(င)ဝါကျ-အာဂမဒဋ္ဌီကရဏ၊

**နိယံ** ။ ။အာဂမရှေ့၊ ယုတ္တိတွေ့၊ အလေ့ဓမ္မတာ။

**စာစပ်** ။ ။ထေနေတွာ-၌ ..ပေးသောကြောင့်၊ဂဟိတာ-၌ သမာနကာလကြိယာ ဝိသေသန၊သမာနကာလ ကြိယာဝိသေသျအဖြစ်ဖြင့်စပ်။

နံပါတ် (၄)

**အသန္တသမ္ဘာဝနာ။ ။ န သန္တံ အသန္တံ၊ အသန္တဿ သမ္ဘာဝနာ အသန္တသမ္ဘာဝနာ။**

(မိမိ၌ ထင်ရှားမရှိသော လောကုတ္တရာတရားကို ချီးမွမ်းခြင်း)၊

**အသန္တေဟိ သမ္ဘာဝနာ အသန္တသမ္ဘာဝနာ၊**

(မိမိ၌ ထင်ရှားမရှိကုန်သော လောကုတ္တရာဓမ္မတို့ဖြင့် ချီးမွမ်းခြင်း)။

အသန္တ-အရ ထင်းရှားမရှိသော လောကုတ္တရာတရားသည် မုချ၊ထို..၏

http://www.dhammadownload.com



ချီးမွမ်းခြင်းနှင့် အာရုံ+အာရမ္မဏိက စပ်ခြင်းသည် ဌာနူ ပုဒ်လုံးအရ ထို . . . သောထင်ရှား မရှိသော လောကုတ္တရာတရားကို ချီးမွမ်းခြင်းရ၏။

**ရဇ္ဇံ**။ ။ **ရဇ္ဇန္တိ ဧတ္ထ နဂရာဒယောတိ ရဇ္ဇံ**။(ရဇ္ဇ+တ-ဂတိအနက်၊သုစ်)။

**ရဇ္ဇန္တိ ဧတ္ထာတိ ရဇ္ဇံ**။ (ရန္ဓ+ဋ၊ရှု ဖဖ၀-သုတ်)။

**ရဋ္ဌပိဏ္ဍော**။ ။ **ပိဏ္ဍတိ သံဃာတတီတိ ပိဏ္ဍော**။ (ပိဍိ + အ)။

**ရဋ္ဌေဟိ ဒိန္နော ပိဏ္ဍော ရဋ္ဌပိဏ္ဍော**။

ရဋ္ဌ-အရ တိုင်းသားပြည်သူမှချုထို . . ၏ လှူဒါန်းအပ်သော ဆွမ်းနှင့် ဌာန+ ဌာနီစပ်ခြင်းသည် ဌာနူပုဒ်လုံးအရ ထို . . သော တိုင်းသားပြည်သူ ကြည်ဖြူ ရွှင်လန်း လှူဒါန်းအပ်သော ဆွမ်းရ၏။

နံပါတ် (၅)

**သတ္တ** = အသ + အန္တ၊ (သမုဓာတ်မဟုတ်)

**ပစ္စယ** = ပတိ + ဣ + ဏ။

**ထေယျ** = ထေန + အ။ ထေနေတီတိ ထေနော။ထေနဿ ဘာဝေါ ထေယျံ။

**သမ္ဘာဝနာ** = သံ + ဘူ + ယု။

ဥပါယ = ဥပ + ဣ + အ။

**ဂဏှာတာ** = ဂဟ + ဏှာ + အန္တ၊ဂဏှန္တာဒိဂိုဏ်း။

နံပါတ် (၆)

(စ)ကေန **ကာရဏေန-ဖြင့်** ကိဿ ဟေတု-၌ ဟေတုသဒ္ဒါသည် ကာရဏအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ကိံသဒ္ဒါနောင် သ-ဝိဘတ်၊ဟေတု-နောင် သိ-ဝိဘတ်တို့သည် ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေသည်၊**တေ-ဖြင့်** တ-သဒ္ဒါသည် တေ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေသည်၊ **အဝေါစုမှာ** ဖြင့်တနောင် အဝေါစုမှ ကြိယာထည့်စွက် အနက်သမ္ဗန်အပ်သည်ကို သိစေ၊ **ဣတိစေ- ဖြင့်** ဟေတု-နောင် ဣတိ စေ-ဟူသော ပုစ္ဆနတ္ထ နိပါတ်ကျေနေသည်ကို သိစေသည်။

နံပါတ် (၇)

**သသ္သေဟော / သိနေဟော**...

သိနေဟ-ဓာတ်+အ-ပစ္စည်း၊သိနိယှတေ သိနေဟော။သိနေဟော ဧဝေါသံ အတ္တိုက် သိနေဟော-ဟု ပြီးသောကြောင့် သိနေဟော-ပါဌ်သာသင့်။

နံပါတ် (၈)

**ရဋ္ဌပိဏ္ဍ** ။ ။ဌာနဖြစ်သော တိုင်းနိုင်ငံ၏ရဋ္ဌ-အမည်ကို ဌာနီဖြစ်သော တိုင်းသားပြည်သူတို့၌ဘင်စား ဌာနူပစာနာနန္တရိကနည်း၊တိုင်းနှင့်တိုင်းနေသူတို့ကို အပြာမဲ့ ဆိုသောကြောင့် အဘေဒနည်း။

**ထေယျာယ** ။ ။ထေယျ-ဟု ဆုံလျက် နပုံလိင်မှ ဣတ္ထိလိင် ပြန်ထားသောကြောင့်

http://www.dhammadownload.com



လိင်္ဂဝိပလ္လာသ-နည်း။

**ထေနေတ္ဘ ဂဟိတာ။** ။အကျိုးဖြစ်သော ရဋ္ဌပိဏ္ဍကို ခိုးယူအပ်သည်ကို ဆိုသဖြင့် အကြောင်းဖြစ်သော လောကုတ္တရာဓမ္မကိုလည်း ခိုးယူအပ်ပြီးသည်သာ ဖြစ်၏ဟူသော အနက်ကိုလည်းရသောကြောင့် အဝိနာဘာဝနည်း။ဖလူပစာ၊

**(ထေနေတ္ဘ ဂဟိတာ ဟောန္တီတိ ဧတ္ထ အသန္တသမ္ဘာဝနာယ ရဋ္ဌပိဏ္ဍသာ ထေနေတ္ဘ ဂဟိတတ္တာ လောကုတ္တရဓမ္မောပိ ထေနိတောယေဝ ဟောတိ**-ဟူသော သာရတ္ထကိုရှုပါသည်)ဋီကာ-၌ ကာရဏူပစာ ယောင်ယောင် ဖွင့်ထားသည်၊သို့သော်လည်း လောကုတ္တရာဓမ္မကို ဝါကြွားပြောဆိုမှုကြောင့် ရဋ္ဌပိဏ္ဍကို လွယ်လင့်တကူ စားရသည်၊ ဤသို့စဉ်းစားလျှင် ဖလူပစာသင့်မည်သာ။

နံပါတ် (၁၀)

အသန္တသမ္ဘာဝနာသ··အရ ရသတဏှာပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်၊
(တစ်နည်း) သာဒ္ဒေယျဟူသော အကုသိုလ်စိတ္တုပ္ပါဒ်။။
(ရှိပြစ်ဖုံး = မာယာ၊ မရှိဂုဏ်ထုတ်ဖော် သာဌေယျ)

****************

ဝါကျစဉ် (၉)

(က) တဿ ယန္တေတံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇေယျ၊ ယန္တေတံ အယောဂုဠံ။

(ခ) တေသု ဒွီသု အယောဂုဠောဝ ဘုတ္တော သေယျော သုန္ဒရတရော ပဏီတတရော စ ဘဝေယျ။

(ဂ) န ဟိ အယောဂုဠဿ ဘုတ္တတ္တာ သမ္ပရာယေ သဗ္ဗညုတညာဏေနပိ ဒုဇ္ဇာနပရိစ္ဆေဒံ ဒုက္ခံ အနုဘဝတိ။

(ဃ) ဧဝံ ပဋိလဒ္ဓဿ ပန တဿ ရဋ္ဌပိဏ္ဍဿ ဘုတ္တတ္တာ သမ္ပရာယေ ဝုတ္တပ္ပကာရံ ဒုက္ခံ အနုဘောတိ။

(စ) အယဉ္စ ကောဋ္ဌာသော မိစ္ဆာဇီဝေါတိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၇၉။)

***************

နံပါတ် (၁)

(ခ + ဂ) ဝါကျတို့ကို ဝါကျပရိဝတ္တနယောဇနာ··

ဒွီသု-နှစ်သော။ တေသု-ထိုရဋ္ဌပိဏ္ဍ, အယောဂုဠတို့တွင်။အယောဂုဠောဝ-သံတွေခဲသည်သာ။ဝါ-ကိုသာ။ဘုတ္တော-စားအပ်သည်။(သမာနော)သေယျောသုန္ဒရတရော ပဏီတတရောစ ဘဝေယျ။ကသ္မာ ဘဝေယျ၊ ဟိ-ယသ္မာ၊ အယောဂုဠဿ-၏။ဝါကို။ ဘုတ္တတ္တာ-ကြောင့်။ပ။ ဒုက္ခံ အနုဘောတိ၊ တသ္မာ သေယျော သုန္ဒရတရော ပဏီတတရောစ ဘဝေယျ။

(ဂ) ဒုဇ္ဇာနပရိစ္ဆေဒံ-ခဲယဉ်းသဖြင့် သိအပ်သောအပိုင်းအခြားရှိသော။

http://www.dhammadownload.com



နံပါတ် (၂)

**(ဂ) ဝါကျသို့ စောဒနာ။** ။ဆရာ (ခ) ဝါကျဖြင့် ရဋ္ဌပိဏ္ဍ, အယောဂုဠ-နှစ်မျိုးတို့တွင် အယောဂုဠကို စားခြင်းသည်သာ မြတ်၏၊ အလွန်ကောင်း၏ဟု ဖွင့်ပြအပ်၏၊ အလျှံတပြောင်ပြောင် တောက်လောင်သော သံတွေကား အပူ, ရဋ္ဌပိဏ္ဍကား လိုအပ်သောအာဟာရ ဖြစ်သည် မဟုတ်ပါလော၊ထိုသို့ဖြစ်လျက် သံတွေခဲကို စားခြင်းသည်သာ မြတ်၏ဟုအဘယ့်ကြောင့် ဟောတော်မူအပ်ပါသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်၊ (ဃ) ဝါကျအထိ ဖြေသည်။

**(ဃ) ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (ဂ) ဝါကျဖြင့် ခဲတွေကို စားခြင်းကြောင့် တမလွန်၌ သဗ္ဗညုတ ဉာဏ်ဖြင့်လည်း ခဲယဉ်းသဖြင့် သိအပ်သောအပိုင်းအခြားရှိသော ဒုက္ခ မခံစားရသည်ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ လှည့်ပတ်၍ရအပ်သော ရဋ္ဌပိဏ္ဍကို စားခြင်းကြောင့် တမလွန်၌ ဆိုအပ်ပြီးသော အပြားရှိသော ဒုက္ခခံစားရပုံကို အန္ဓယအားဖြင့် ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ဃ) မိန့်။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ (ဃ) ဝါကျပြ လှည့်ပတ်၍ ရအပ်သော ရဋ္ဌပိဏ္ဍကို စားခြင်းကြောင့် တမလွန်၌ သဗ္ဗညုတဉာဏ်ဖြင့်လည်း ပိုင်းခြား၍ မသိနိုင်သော ဒုက္ခ ခံစားရပုံကို ဖွင့်ပြတော်မူအပ်၏၊လှည့်ပတ်၍ ရအပ်သော ရဋ္ဌပိဏ္ဍကိုသာ စားရုံမျှဖြင့်ထိုမျှ လောက်အပြစ်ရှိနိုင်ပါလော၊အဘယ်ကြောင့် အပြစ်ကြီးနိုင်ပါသနည်း။ဤသို့စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(ခ)ဝါကျ-ဝိတ္ထာရ။(ဂ+ဃ)ဝါကျ-ကာရဏ/ယုတ္တိဒဠှီကရဏ၊ထိုတွင်

(ဂ)ဝါကျ-ဗျတိရေက။(ဃ) အန္ဓယ။(င)ဝါကျ-ဒဠှီကရဏ/ကာရဏ။

**စာစပ်။** ။ဝေဿသု-တို့တွင်ပေးသောကြောင့်၊ အယောဂုဠောဝ-၌ နိဒ္ဒါရဏသမုဒါယ/ နိဒ္ဒါရဏီယအဖြစ်ဖြင့် စပ်၏။

နံပါတ် (၄)

**ဒုစ္ဆာနော။** ။ **ဒုက္ခေန ဇာနိတဗ္ဗော ဒုစ္ဆာနော။**

**ဒုစ္ဆာနပရိစ္ဆေဒံ။** ။ **ဒုစ္ဆာနော ပရိစ္ဆေဒေါ ယဿာတိ ဒုစ္ဆာနပရိစ္ဆေဒံ။**

ဒုစ္ဆာနပရိစ္ဆေဒ-ဟူသော သမာသ်ပုဒ်လုံးအရ ခဲယဉ်းသဖြင့် သိအပ်သော အပိုင်းအခြားသည့် မှချ၊ထို...၏ ယ-ဟူသော အညပုဒ်အရ ဆင်းရဲခြင်းဒုက္ခနှင့် ကာလ+ကာလဂန္တစပ်ခြင်းသည့် ဌာန်။ယ-ဟူသော အညပုဒ်အရ ထို...သော ခဲယဉ်းသဖြင့် သိအပ်သော အပိုင်းအခြားရှိသော ဆင်းရဲခြင်းဒုက္ခ ရ၏။

**ဝုတ္တပ္ပကာရံ။** ။ **ဝုတ္တော ပကာရော အဿာတိ ဝုတ္တပ္ပကာရံ။** (ဒုက္ခံ)။

**ပဏီတတရော။** ။ **ပဏီတာနံ ဝိသေသေန ပဏီတော ပဏီတတရော။**

**သမ္ပရာယော။** ။ **သမ္ပရာယိတဗ္ဗောတိ သမ္ပရာယော။** (သံ+ပရေ+ဣ+ဏ)။

သံ+ပရ+ဣ-ဓာတ်အရ ကတ္တုဋ္ဌ-တမလွန်ဘဝသို့ ရောက်သော ဝိပါက်နာမက္ခန္ဓာ

http://www.dhammadownload.com



ကဋ္ဌတ္တာရုပ်၏ဥပါဒ်သည် မှချ။ကမ္မဋ္ဌ-ကြိယာ တမလွန်ဘဝ-ဟူသော ဝိပါက်နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်၏ ပက္ကတူပနိဿယယသတ္တိ၊နာနက္ခဏိကကမ္မသတ္တိသည် ဖလူ။ဏာ-ပစ္စည်းအရ ထို သော တမလွန်ဘဝ-ဟူသော နောက်နောက်သော ဝိပါက်နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်ရ၏။

**အယောဂုဠော။** ။ အယသာ နိဗ္ဗတ္တော ဂုဠော အယောဂုဠော။

သံနှင့်အခဲ ဝိကာရ + ဝိကာရီ အစပ်သမ္ဗန်သည် ဋ္ဌာန။

**ကောဋ္ဌိပ္ပတ္တော။** ။ ကောဋိံ ပတ္တော ကောဋ္ဌိပ္ပတ္တော။

အထွတ်အထိပ်၏ရောက်သော မိစ္ဆာဇီဝနှင့်နိဿယ+နိဿိတစပ်ခြင်းသည် ဋ္ဌာန။

**မိစ္ဆာဇီဝေါ။** ။ မိစ္ဆာ ဝိပရီတော အာဇီဝေါ မိစ္ဆာဇီဝေါ။

နံပါတ် (၅)

အယ = အယ + အ။ အယတိ နာနာကမ္မာရကိစ္စေသု ယောဂံ ဂစ္ဆတီတိ အယော။

ဂုဠ = ဂုဠ + အ။

ပဏီတ = ဖ + နီ + တ။

ဒုဇ္ဇာန = ဒု + ဉာ + နာ-ပစ္စည်း၊ အ-ပစ္စည်း။

ပရိစ္ဆေဒ = ပရိ+ဆိဒ+ဏ၊

ကောဋိ = ကုဋ္ဌ+ဣ။

ပတ္တ = ပ+အပ+တ။

နံပါတ် (၆)

(က)သုန္ဒရတာရော ပဏီတတာရော-ဖြင့် သေယျော-၌ ပသတ္ထပုဒ် + ဣယပစ္စည်း၊ ယင်းဣယ-ပစ္စည်း၏ ဝိသေသနအနက်၌ သက်၍ ပသတ္ထာနံ ဝိသေသေန ပသတ္ထော သေယျော-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊အထူးသဖြင့် ချီးမွမ်းအပ်သည်ဟူသည် အလွန်ကောင်းခြင်း၊ အလွန်မွန်မြတ်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

အယော ဂုဠောဝ-ဖြင့် အယောဂုဠော-နောင် သဗ္ဗပဒံ သာဝဓာရဏံ-ဟူသည်နှင့် အညီ-ဝေ-အနက်ဆောင်၍ အနက်မှတ်သားအပ်သည်ကိုလည်းကောင်း၊ဝါ-ဧဝ-သဒ္ဒါကျေသည်ကိုလည်းကောင်း သိစေသည်။ ဘဝေယျ-ဖြင့် သေယျော-နောင် ဘဝေယျ ကြိယာ စပ်၍ အနက်သမ္ဗန်အပ်သည်ကို သိစေသည်။တောဆု ဒွိသု-ဖြင့် အခြားအရာတို့၌ ဖြစ်သည် မဟုတ်၊ရဋ္ဌပိဏ္ဍာ,အယောဂုဠနှစ်ပါးတွင် မြတ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်၊ သေယျော အယောဂုဠော ဘုတ္တော-ဟု သဒ္ဒတ္ထမအားဖြင့် အနက်ကို မမှတ်သားအပ်၊ အယောဂုဠော ဘုတ္တော သေယျော-ဟု အတ္ထက္ကမအားဖြင့် အနက်မှတ်သားအပ်သည်ကို သိစေသည်။

နံပါတ် (၇)

အယောဂုဠော / အယဂုဠော

http://www.dhammadownload.com



စောသမော လောပေ-သုတ်သို့ ဝါသဒ္ဒါ သီဟဂတိက-နည်းအားဖြင့် လိုက်လာသောကြောင့် သမာသ်အလယ် ဩလာမမြဲသည်ကို "အယကပလ္လ" ပုံစံထောက်၍ သိအပ်သောကြောင့် ဩလာ၊ မလာ နှစ်ပါဠိသင့်၊ (ရူ-၄၈၊ သုတ်)။

**သဗ္ဗညုတဉာဏနုပိ / သဗ္ဗညုတညာဏနုပိ…**

သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ၊ကွစာဒိနှာ တာပစ္စယေ ရဿတ္တံ၊ဉာ-ဓာတ်သည် ဒွေဘော်ဌာနဖြစ်၍ တာ-ဖြစ်၏ အာ-နောင်ရောက်သောကြောင့် ညာ-ဟု ဒွေဘော်ရှိရမည်၊ ညာ-ဒွေဘော်သံယုတ်ဖြစ်၍ အာ-ကို ရဿပြု၊ သဗ္ဗညုတညာဏနုပိ-ပါဠိသင့်။

နံပါတ် (၉)

**အယောဂုဠ**။ ။အတူဖြစ်သော အလုံးအခဲ ထန်းလျက်သကာခဲ၏ ဂုဠ-အမည်ကိုအတူရှိသော သံလုံးသံခဲ၌ တင်စား သဒိသူပစာ၊ ရုဠ္ဍီ။

**သေယျော သုန္ဒရတရော**။ ။ထင်သော တရ-ပစ္စည်းဖြင့် မထင်သော ဣယပစ္စည်းကို သိစေတတ်သောကြောင့် ဂေါကဏ္ဍ-နည်း။

နံပါတ် (၁၀)

ဒုက္ခံ အနုဘောတိ … ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ္တုပ္ပါဒ်။

(ကာယိကဒုက္ခအတွက်) ဒေါမနဿဝေဒနာ (စေတသိကဒုက္ခအတွက်)။

***************

## ဝါကျစဉ် (၁၀)

(က) **အညံ ဗျာကရိဿတိ** အရဟတ္တံ ဗျာကရိဿ။

(ခ) ပတ္တံ အာဂုသော အမေ့ဟိ အရဟတ္တံ၊ကတံ ကရဏီယန္တိ ဘိက္ခုနံ အာရောစေသုံ။

(ဂ) တေသံ မဂ္ဂေန အပ္ပဟီနကိလေသတ္တာ ကေဝလံ သမထဝိပဿနာဗလေန ဝိက္ခမ္ဘိတကိလေသာနံ အပရေနေ သမယေန တတ္ထာရူပပစ္စယ သမာယောဂေ **ရာဂါယ စိတ္တံ နမတိ**။

(ဃ) ရာဂတ္ထာယ စိတ္တံ နမတီတိ အတ္ထော။

(င) ဓေ နယော ဣတရေသု။ (ဝိ၊ ဋ္ဌ၊ ၂။ ၇၉။)

***************

နံပါတ် (၁)

(က)အညံ-သဒ္ဒတ္ထ၊ မုချတ္ထ၊ ဥပစာရတ္ထ ထင်စေလျက် -

အညံ-အထက် မဂ်သုံးပါး သိထားအပ်ပြီးသော သစ္စာလေးပါး အပိုင်းအခြားဖြင့် သိသောဉာဏ်ကို။(မုချတ္ထ)ဝါ-အရဟတ္တဖိုလ်ဉာဏ်ကို။(ဥပစာရတ္ထ)

(ဂ)ကေဝလံ-မဂ်ဖြင့် ပယ်ခြင်းမဖက် သက်သက်။တတ္ထာရူပပစ္စယသမာယော

http://www.dhammadownload.com



ဂေ-ထိုသို့သော သဘောရှိသော ရာဂ-စသည် ဖြစ်လောက်သော အကြောင်းနှင့်ပေါင်းမိသည်။သတိ-သော်။

(င)ဣတရေသု-၌ အပါဒါန်နှင့် ဣတရ-အရ -

ဣတာရေသု-ရာဂါယပိ စိတ္တံ နမတိ-ဟူသောပုဒ်မှ တစ်ပါးကုန်သော ဒေါသာယပိ စိတ္တံ နမတိ၊မောဟာယပိ စိတ္တံ နမတိ-ဟူသောပုဒ်တို့၌။

နံပါတ် (၂)

**(ခ) ဝါကျသို့ ပုစ္ဆာ။** ။ဆရာသည် (က) ဝါကျဖြင့် အညာ-အရ အရဟတ္တဖိုလ်ကိုကောက်၍ ယင်းကို ပြောဆိုခြင်းတို့ အည် ဗျာကရီ သု-မည်၏ဟု ဖွင့်ပြတော်မူအပ်၏၊ အဘယ်သို့ အရဟတ္တဖိုလ်ကို ထိုရဟန်းတို့ ပြောဆိုကြပါကုန်သနည်း။အရဟတ္တဖိုလ်ပြောဆိုပုံကို အကျယ်အားဖြင့် မပြဆိုပြီလော၊ ဤသို့စုဒ်ကြောင့် (ခ) ဝါကျမိန့်။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ) ဝါကျဖြင့် မဂ်ဖြင့် ကိလေသာကို မပယ်အပ်သည်၏အဖြစ်ကြောင့် တစ်ပါးသောအခါ၌ ရာဂ-စသည် ဖြစ်လောက်သောအကြောင်းနှင့် ပေါင်းမိသော် ရာဂ-အကျိုးငှာ စိတ်ညွတ်၏ဟု ဖွင့်ပြတော်မူအပ်၏၊ထိုရာဂါယ၌ အာယ-သည် အဘာယ်ဝိဘတ်၏ ကာရိယဖြစ်၍ အဘာယ်အနက်၌ သက်ပါသနည်း၊ နာ-ဝိဘတ်၏ကာရိယဖြစ်၍ ကရိဏ်းအနက်စသည်တို့၌ ဖြစ်ပါသလော၊ စုဒ်ကြောင့် (ဃ)မိန့်။

နံပါတ် (၃)

(ခ)ဝါကျ-ဝိတ္ထာရ၊ (ဂ) ဝါကျ-ပက္ခန္တရ၊ (ဃ) ဝါကျ-ဝိတ္ထာရ/ဝါကျာ ရမ္ဘ၊

(င) ဝါကျ-အတိဒေသ/ဝါကျာရမ္ဘ။

စာစပ် ။ ။တေသံ-တို့၏ ပေးသောကြောင့် အပ္ပဟီနကိလေသတ္တာ-ဝယ် တွ-ပစ္စည်း၌လည်းကောင်း၊ စိတ္တံ-၌လည်းကောင်း သမ္ဗန်/သမ္ဗန္ဓိစပ်။

(တစ်နည်း) တို့သည် ..ပေးသောကြောင့် ဘာဝယောဂ-၌စပ်။

နံပါတ် (၄)

**အညာ။** ။ **အာ မရိယာဒံ ဇာနာတီတိ အညာ။**

အာ-ဟူသော ဥပသာရပုဒ်အရ မရိယာဒတ္တဘောဂဏ်ရ၏၊ဉာ်ဓာတ်အရ အရဟတ္တမဂ်၏လေးပါး အပိုင်းအခြားကို သိတတ်သော လက္ခဏာ ရ၏။ အရဟတ္တဖိုလ်ဉာဏ်ကို ကာဏှုပစာအားဖြင့် ရ၏။သမ္မာသက်ပ္ပ-စသော သဟဇာတ်တရားတို့ကို နာနန္တရိကနည်းအားဖြင့် ရ၏။အ-ပစ္စည်းအရ ထို.. သော အရဟတ္တမဂ်ပညာရ၏။

**အရဟတ္တ။** ။ **အရဟန္တဿ ဘာဝေါ အရဟတ္တံ။** (ရဟန္တာ၏ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တဖိုလ်စိတ်၊)

**အပ္ပဟီနကိလေသာ။** ။ **အပ္ပဟီနာ ကိလေသာ ယေသန္တိ အပ္ပဟီနကိလေသာ။**

**အပ္ပဟီနကိလေသတ္တံ။** ။ **အပ္ပဟီနကိလေသာနံ ဘာဝေါ အပ္ပဟီနကိလေသတ္တံ။**

အပ္ပဟီနကိလေသ-တဒ္ဓိတ်ပုဒ်အရ မပယ်အပ်ကုန်သေးသော ကိလေသာရှိသော

http://www.dhammadownload.com



ရဟန်းတို့သည် မုချ။ထို··၏ တ္တ-ပစ္စည်းအရ မပယ်အပ်သေးသော ကိလေသာနှင့်နိဿယ + နိဿိတ စပ်ခြင်းသည် ဌာနူ၊တ္တ-ပစ္စည်းအရ ထို··သော မပယ်အပ်သေးသော ကိလေသာရှ၏။

**ဝိက္ခမ္ဘိတာကိလေသာ။** ။ **ဝိက္ခမ္ဘိတာ ကိလေသာ ယေဟီတိ ဝိက္ခမ္ဘိတာကိလေသာ။**

**ဝိက္ခမ္ဘိတာ။** ။ **ဝိက္ခမ္ဘိယန္တေတိ ဝိက္ခမ္ဘိတာ။**

ဝိ+ခဘိ/ခမ္ဘ-ဓာတ်အရ ကတ္တုဠ္ဌကြိယာ-ဖယ်ခွာပိတ်ဆို့တတ်သော သမထ ဝိပဿနာဉာဏ်၏ တဒင်္ဂပဟာနသတ္တိသည် မုချ။ကမ္မဋ္ဌကြိယာ-ကိလေသာ၏ ပကတူ ပနိဿယသတ္တိသည် မုချ။တ-ပစ္စည်းအရ ထို··သော ပယ်ခွာအပ်ပြီးသော ကိလေသာ ရှ၏။

**တထာရူပပစ္စယသမာယောဂေ။** ။တံ့ထာ (တံ ရစ္စန်) ရူပံ ယဿာတိ တထာရူပေါ။

**တထာရူပေါစ သော ပစ္စယော စာတိ တထာရူပပစ္စယော။**

**တထာရူပပစ္စယေန သမာယောဂေါ တထာရူပပစ္စယသမာယောဂေါ။**

နံပါတ် (၅)

**ပဟီန** = ပ + ဟာ + တ။

**မဂ္ဂ** = မဂ္ဂ + အ။ နိဗ္ဗာနံ မဂ္ဂေတိ နိဗ္ဗာနတ္ထိကေဟိဝါ မဂ္ဂီယတီတိမဂ္ဂေါ။

**သမထ** = သမု + ထ။

**ဗလ** = ဗလ + အ။ ဗလတိ အဘိဘဝတိ ပဋိပက္ခေတိ ဗလံ။

**ရာဂ** = ရန္ဇ + ဏ။

နံပါတ်စဉ် (၆)

(က)အရဟတ္တံ-ဖြင့် အည်-အရ အရဟတ္တဖိုလ်ကို ကောက်ယူအပ်သည်ကို သိစေသည်။

(ဂ)**မဂ္ဂေန အပ္ပဟီနကိလေသတ္တာ**-ဖြင့် ရာဂအကျိုးငှာ စိတ်ညွတ်ခြင်းသည် မင်ဖြင့် ကိလေသာကို မပယ်နိုင်သည်၏အဖြစ်၊သမထဝိပဿနာအစွမ်းဖြင့် ကိလေသာ ကို ခွာသည်၏အဖြစ်ကြောင့် ညွတ်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။

**တထာရူပပစ္စယမာယောဂေ**-ဖြင့် သမယေနဋ္ဌ သမယ-အရ ရာဂစသည်ဖြစ် လောက်သော အကြောင်းနှင့်ပေါင်းဆုံမိရာ အခါကို ကောက်ယူအပ်သည်ကို သိစေသည်။

နံပါတ် (၇)

**သမထဝိပဿနာဗလေန/သမထဝိပဿနာဝသေန···**

ယင်းအဋ္ဌကထာ၌ပင် သမာဓိဗလေန ကိလေသာ ဝိက္ခမ္ဘိတာ ဝိပဿနာဗလေန သခ်ါရာ သုပရိဂ္ဂဟိတာ (ဝိ၊ ဋ၊ ၂၊ ၈၀။) အဖွင့်ကို ထောက်၍ သမထဝိပဿနာဗလေန ပါဠ်သင့်၊ မအူ-၌ သမထဝိပဿနာဝသေန-ဟု ပါဠ်ရှိ၏၊ဝသ-သဒ္ဒါသည် အစွမ်းသတ္တိ

http://www.dhammadownload.com



အနက်ဟောနိုင်သောကြောင့် အမှားဟူ၍ မဆိုသာ။

**(ဂ) ရာဂါယပိ စိတ္တံ နမတိ/ရာဂါယ စတ္တံ နမတိ...**

ပါဠိတော်၌ ရာဂါယပိ-ဟု အပိသဒ္ဒါဖြင့် ရှိသောကြောင့်လည်းကောင်း၊အပိသဒ္ဒေါ စ ကေဝလံ ဒေါသမောဟတာယ စိတ္တံ နမတီတိ ဉာပေတိ ဟု ယောဇနာ-၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း ရာဂါယပိ-ဟု အပိ-သဒ္ဒါပါသော ပါဠ်သင့်။

**(င) သေ နယော ဣတရေသု/ဧသေဝ နယော ဣတရေသု...**

ပါဠိဂတိအားဖြင့် အာစာရပုဒ်နှောင်းသော် ဧဝ-သဒ္ဒါမဖက် သက်သက် သေနယော-ဟု ရေးထုံးရှိသောကြောင့် သေ နယော-ပါဌ်သင့်။

အာစာရပုဒ် ရှေး၌ရှိသော် ဧသေဝ နယော-ဟု ရေးထုံးရှိ၏။ (သေသပဒဒွယေ ဧသေဝ နယော၊ ပရိတ္တာရမ္မဏတိက်အဖွင့်)။

နံပါတ် (၈)

**အည်း။** ။အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်၏အမည်ကို အကျိုးဖြစ်သော အရဟတ္တဖိုလ်ဉာဏ်၌တင် ကာရဏူပစာ၊ နာနန္တရိကနည်း။

